mgyoe.com SAMPLE BOOK

# ဝါးပလောင်ကို
# ကျော်၍
# ဗိုးငှက်ကို
# ပြန်ပြော

## မြသန်းတင့်

mgyoe.com

mgyoe.com SAMPLE BOOK

# ဓားတောင်ကိုမျှော်ကြ
# သွေးမြစ်ကိုဖြတ်ကူးမည်

## မြသန်းတင့်

mgyoe.com

mgyoe.com

SAMPLE BOOK

၁၂ ကြိမ်၊ ၂၀၂၄၊ နိဝင်ဘာ
[ပထမ အကြိမ်၊ ၁၉၇၃၊ သင့် စာပေ]
[ဒုတိယ အကြိမ်၊ ၁၉၇၄၊ ဥဒါန်း စာပေ]
[တတိယ အကြိမ်၊ ၁၉၇၅၊ မြင့်စိုး စာပေ]
[စတုတ္ထ အကြိမ်၊ ၁၉၈၁၊ လူထု စာအုပ်တိုက်]
[ပဉ္စမ အကြိမ်၊ ၁၉၈၈၊ ဘ၀တက္ကသိုလ် စာပေ]
[ဆဋ္ဌမ အကြိမ်၊ ၁၉၉၀၊ ဘ၀တက္ကသိုလ် စာပေ]
[သတ္တမ အကြိမ်၊ ၁၉၉၅၊ ဘ၀တက္ကသိုလ် စာပေ]
[အဋ္ဌမ အကြိမ်၊ ၂၀၁၄၊ ဘ၀တက္ကသိုလ် စာပေ]
[နဝမ အကြိမ်၊ ၂၀၁၉၊ ဘ၀တက္ကသိုလ် စာပေ]
[ဒသမ အကြိမ်၊ ၂၀၂၂၊ ဘ၀တက္ကသိုလ် စာပေ]
[၁၁ ကြိမ်၊ ၂၀၂၄၊ ဘ၀တက္ကသိုလ် စာပေ]

မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း
အုပ်ရေ | ၁၀၀၀
တန်ဖိုး | ၁၅၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၀၂၄၈)၊ ပြည်ဦးဘေ ပုံနှိပ်တိုက်
၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြသန်းတင့်

## အားတောင်ကို ကျော်၍ မိုးမင်းလယ်ကို ဖြတ်မည်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဓားတွေက
တောင်တန်းလောက် များတယ်၊
မီးလျှံတွေက
ပင်လယ်ပြင်လောက် ကျယ်တယ်၊
သည်ဓားတောင်တန်းနှင့်
သည်မီးပင်လယ်ကို
ငါ ကျော်ဖြတ်မယ်၊

[တရုတ် အလုပ်သမား လူငယ် တစ်ဦး၏ ကဗျာ တစ်ပုဒ်မှ]



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# သတ္တမ အကြိမ် ရိုက်နှိပ်ခြင်း အမှာ

'စားတောင်' ဝတ္ထုကို ၁၉၇၃ ခုနှစ်တွင် ရေးသားပြီး ထိုနှစ်တွင် ပုံနှိပ် ထုတ်ဝေခဲ့သည်။ ယခု ဆိုလျှင် အနှစ် နှစ်ဆယ် တင်းတင်း ပြည့်လေပြီ။

'စားတောင်' သည် ကျွန်တော့် စာရေး သက်တမ်းတွင် အမြန် ဆုံး၊ ကျွန်တော် အကြိုက်ဆုံး၊ အငြင်းပွားရဆုံး၊ အအောင်မြင်ဆုံး ဝတ္ထု ဖြစ်သည်ဟု ပြောရမည် ထင်သည်။

အမြန်ဆုံးဟု ဆိုခြင်းမှာ ကျွန်တော်သည် ထိုဝတ္ထုကို ၁၇ ရက် အတွင်းတွင် အပြီး ရေးသားခဲ့သောကြောင့် ဖြစ်သည်။

အကြိုက်ဆုံးဟု ဆိုရခြင်းမှာ ရင်ခုန်သံ မြန်နေတုန်း ရေးလိုက် သောကြောင့် ဖြစ်သည်။

ပင်လယ်တွင် နှစ်ရှည်လများ နေထိုင်ခဲ့ရစဉ်က ကျွန်တော် ခံစားခဲ့ရသော အတွေ့အကြုံများကို ခံစား၍ ရေးလိုက်ခြင်း ဖြစ် သည်။

အငြင်းပွားရဆုံးဟု ဆိုရခြင်းမှာ အချို့က ထိုဝတ္ထုသည် ဆို ရှယ်လစ် သရုပ်မှန် စာပေဟု ပြောပြီး အချို့က စွန့်စားခန်း ဇာတ် လမ်းသာ ဖြစ်သည်ဟု ဆိုကြသောကြောင့် ဖြစ်သည်။

အချို့က မှီး၍ ရေးသော ဝတ္ထု ဖြစ်ပြီး အချို့က ကျောင်းသုံး စာအုပ် ဖြစ်မည်၊ ဆုရမည်ဟု ဟောကိန်း ထုတ်ခဲ့ကြသောကြောင့် ဖြစ်သည်။

အချို့က စာပေ အရာ မြောက်သည်ဟု ဆိုပြီး အချို့က ရုပ်ပြ ဇာတ်လမ်းသာသာ ဖြစ်သည်ဟု ဝေဖန်ကြသောကြောင့် ဖြစ်သည်။

အယူအဆ အရ လက်ဝဲစွန်းမှ လည်းကောင်း၊ လက်ယာစွန်း မှ လည်းကောင်း တိုက်ခိုက်ခဲ့ကြသောကြောင့် ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသူ တစ်ဦးကမူ 'မားတောင်' နှင့် ပတ်သက်သော ဝေဖန်ချက် အမျိုးမျိုးကို စုစည်းပြီး စာအုပ် တစ်အုပ်ပင် ထုတ်ဝေလိုက်သေးသည်။

ကျွန်တော်သည် ထိုဝေဖန်ချက်များကို တစ်ခွန်းမျှ တုံ့ပြန်ခြင်း မပြုခဲ့ပါ။ စာရေးဆရာ တစ်ယောက်၏ စာတစ်ပုဒ်နှင့် ပတ်သက်၍ လူတိုင်းတွင် ကွဲလွဲပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် ရှိသည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။ စာတစ်ပုဒ် ကောင်း မကောင်း၊ စာပေအရာ မြောက် မမြောက်ကို အချိန်က ဆုံးဖြတ်မည်၊ သမိုင်းက ဆုံးဖြတ်မည် ဆိုသည့် အချက်ကို အလေးအနက် ယုံကြည်သောကြောင့် ဖြစ်ပါသည်။

အအောင်မြင်ဆုံးဟု ပြောရခြင်းမှာ ကျွန်တော့် စာအုပ်သည် အနှစ် နှစ်ဆယ် အတွင်း အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။

စာဖတ်သူများက ကျွန်တော့်အား 'မားတောင်'ကို ဆက်ရေးရန် တိုက်တွန်းကြပါသည်။ အချို့က သူတို့ ကိုယ်တိုင် ရေးပြီး ကျွန်တော့်ထံ ပို့ကြပါသည်။ သို့ရာတွင် ကျွန်တော် မရေးဖြစ်ခဲ့ပါ။ နောင်တွင်လည်း ဘယ်တော့မှ ရေးနိုင်မည်ဟု ကျွန်တော် မပြောနိုင်ပါ။

'မားတောင်' ထဲတွင် သရုပ် ပီပြင်စေရန် အတွက် ထိုခေတ်က သုံးနှုန်းခဲ့သော ဝေါဟာရ အချို့ကို မလွှဲမရှောင်သာ ထည့်သွင်းသုံးနှုန်းခဲ့ရပါသည်။

'မားတောင်' သည် စာရေးဆရာ၏ ခံစားချက်၊ အတွေ့အကြုံကို လူငယ်များ၏ ခံစားချက်၊ အတွေ့အကြုံနှင့် ပေါင်းစပ်ကြည့်ရန် ကြိုးပမ်းချက် တစ်ခုမျှသာ ဖြစ်ပါသည်။

မြသန်းတင့်
[၁၊ ဂ၊ ၉၃]


mgyoe.com

mgyoe.com SAMPLE BOOK

# ပဉ္စမ အကြိမ် ရိုက်နှိပ်ခြင်း အမှာ

'ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဝတ္ထုကို ၁၉၇၃ ခုနှစ်တွင် ကျွန်တော် ရေးခဲ့ပြီး ပထမ အကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယခု ပုံနှိပ်ခြင်းသည် ပဉ္စမ အကြိမ် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်လေသည်။

ကျွန်တော်သည် စာဆိုတော် ဟောပြောပွဲများတွင် 'ဓားတောင်' ရေးခဲ့သည့် ကျွန်တော့် ရည်ရွယ်ချက်များကို ပြောတတ်ပါသည်။ စာရေးသူ တစ်ဦး၏ ရည်ရွယ်ချက်သည် သူ ရေးသည့် စာထဲတွင်လည်း ပါပြီးသား ဖြစ်ပါသည်။ သို့ရာတွင် စာရေးသူသည် ဝတ္ထုထဲတွင် သူ့ရည်ရွယ်ချက်ကို တိုက်ရိုက် မပြောနိုင်ပါ။ ပြောခွင့်လည်း မယူသင့်ပါ။ ဇာတ်ဆောင်များမှ တစ်ဆင့် အလျဉ်းသင့်သလို ပြောသွားရခြင်း ဖြစ်ပါသည်။ စာရေးဆရာကချည်း သူပြောချင်တာတွေကို ပြောနေလျှင် ထိုစာသည် တရား ဟောသလိုဖြစ်သွားကာ အနုပညာ ပုံသဏ္ဌာန် ပျောက်သွားတတ်ပါသည်။ ထိုအခါတွင် ရသ အားနည်းသွားဘတ်ပါသည်။ ပုံသဏ္ဌာန်ကိုချည်း သိပ်အားပြုပြန်လျှင်လည်း (အတတ်ပညာကို ပိုင်နိုင်ခြင်း မရှိလျှင်) ကိုယ် ပြောချင်သည့် ရည်ရွယ်ချက်သည် ဝေဝါးသွားကာ တစ်ခါတစ်ရံတွင် ရည်ရွယ်ချက်ကို မရောက်ဘဲ ဖြစ်တတ်ပါသည်။ အနုပညာသည်သည် ထိုအစွန်း နှစ်ဖက် ကြားထဲတွင် တည့်မတ်စွာ လျှောက်နိုင်ရန် ကြိုးစားရပါသည်။

'ဓားတောင်' သည် ထိုသို့သော အစွန်း နှစ်ဖက် ကြားထဲတွင် တည့်မတ်စွာ လျှောက်ရန် ကြိုးစားထားသည့် အားထုတ်မှု တစ်ရပ် ဖြစ်ပါသည်။ ထို အားထုတ်မှု အောင်မြင်ခြင်း ရှိ မရှိကိုမူ စာဖတ် ပရိသတ်က ဆုံးဖြတ်နိုင်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

တော်လ်စတွိုင်းသည် အလွန် ကြီးကျယ် ခမ်းနားသော 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကြီးထဲတွင် နိဂုံး နှစ်ခု ရေးခဲ့ပါသည်။ ပထမ နိဂုံးမှာ ဝတ္ထု ဇာတ်လမ်းနှင့် ပတ်သက်သော နိဂုံး ဖြစ်၍ ဒုတိယ နိဂုံးမှာ ဝတ္ထု ဇာတ်လမ်းနှင့် ဘာမျှ မဆိုင်သော သူ့ သမိုင်း အမြင်များ ဖြစ်ပါသည်။ တော်လ်စတွိုင်းသည် ထိုသမိုင်း အမြင်ကို ဇာတ်ဆောင်များမှ တစ်ဆင့်လည်း အလျဉ်းသင့်သလို ပြောခဲ့ပါသည်။ သို့ရာတွင် ကျေနပ် အားရဟန် မတူပါ။ အနုပညာ ပုံသဏ္ဍာန်ကို ငဲ့ရသည့် အတွက် ထိုသို့ အကျဉ်းမျှသာ ပြောဟန် တူပါသည်။ ဒုတိယ နိဂုံးတွင်မူ ဇာတ်လမ်းနှင့် လုံးဝ မပတ်သက် တော့ဘဲ စာရေးဆရာက သူ့အမြင်ကို တိုက်ရိုက်ပင် ပြောသွား ပါသည်။

ဝတ္ထုထဲတွင် ပြောခွင့် မရခဲ့သော စာရေးသူ၏ ထိုဝတ္ထုနှင့် ပတ်သက်သော ရည်ရွယ်ချက် အချို့ကို ယခု အမှာတွင် ကျွန်တော် တင်ပြလိုပါသည်။

ကျွန်တော်သည် ပင်လယ်တွင် အချိန် အတော်ကြာမျှ နေခဲ့ဖူး ပါသည်။ ပင်လယ်တွင် နေခဲ့ရစဉ်က အနစ်နာခံသော၊ ကိုယ်ကျိုး စွန့်သော၊ အများ အကျိုးကို ဆောင်ရွက်လိုသော၊ ဖြောင့်မှန်သော လူငယ် အချို့ကို ကျွန်တော် တွေ့ခဲ့ရပါသည်။ သူတို့သည် ပညာ တတ်များ မဟုတ်ကြပါ။ 'ဓားတောင်' ဝတ္ထုထဲမှ သံချောင်းကဲ့သို့ လယ်သမား မိဘများမှ ပေါက်ဖွားလာသော ကျေးလက် လူငယ် များ ဖြစ်ပါသည်။ အချို့မှာ မြို့ပြ လက်လုပ်လက်စား မိဘများမှ ပေါက်ဖွားလာသော လူငယ်များ ဖြစ်ပါသည်။ ထိုလူငယ်များ အကြောင်းကို ကျွန်တော် ရေးချင်ပါသည်။

ထိုအခါတွင် ကျွန်တော်သည် သူတို့၏ စရိုက်များကို ပေါင်း၍ သံချောင်း ဟူသော ဇာတ်ကောင် တစ်ကောင်ကို ဖန်တီးပါသည်။

မြို့မှ ပညာတတ် လူငယ်များကို ကျွန်တော် တွေ့ပါသည်။ သူ တို့သည် အရာရှိကြီးများ၊ လူကုံထံများ၏ သားများ ဖြစ်ကြပါ သည်။ သူတို့အနက် အချို့သည် လေလွင့်နေကြပါသည်။ လူငယ် ၏ အားမာန်ကို မဟုတ်သည့် နေရာတွင် ဖြုန်းတီး ပစ်နေကြပါ သည်။ အချို့ နေရာများတွင် နှေးကွေးသော၊ ခေတ်နောက်ကျသော၊



mgyoe.com

mgyoe.com SAMPLE BOOK

အယူသီးသော လူကြီးနှင့် တက်ကြွသော၊ ရှေ့သို့ အတင်း သွားနေသော၊ တန်ဖိုးသစ်များကို လှမ်းကြည့်နေသော လူငယ်တို့၏ ပဋိပက္ခကို ကျွန်တော် မြင်နေရပါသည်။ ထိုပဋိပက္ခသည် တစ်ခါတစ်ရံ မမှန်မကန်သော နည်းဖြင့် ပေါက်ကွဲ လာတတ်ပါသည်။ ထိုအကြောင်းကို ကျွန်တော် ရေးချင်နေပါသည်။

ဤနွံ ပင်လယ်တွင် တွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် မျက်မှောက်ခေတ် လူငယ်တို့၏ အကြောင်းကို ပေါင်းစပ်ကာ 'ဓားတောင်' ကို ကျွန်တော် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

'ဓားတောင်' တွင် အဓိက ဇာတ်ဆောင် လေးဦးသာ ပါပါသည်။ ဇာတ်ဆောင် လေးဦးတို့ အနက် တစ်ဦးမှာ အလုပ်သမား သံချောင်း၊ နောက်တစ်ဦးမှာ အိမ်ပြေး ရဲမြင့်၊ နောက်တစ်ဦးမှာ ကဗျာဆရာ ယောင်ယောင် ဘာယောင်ယောင်ဖြင့် အလုပ်လက်မဲ့ ဖြစ်နေသော ပညာတတ် ကိုနန္ဒာနှင့် မှောင်ခို စက်လှေ ပိုင်ရှင် ဦးဘရန်တို့ ဖြစ်ပါသည်။

သူတို့ လေးဦးသည် သင်္ဘော ပျက်ပြီး ကျွန်းကလေး တစ်ကျွန်းပေါ်သို့ ရောက်သွားသည့် အခါတွင် လူ့အဖွဲ့အစည်းကလေး တစ်ခုကို ထူထောင်ခဲ့ကြပါသည်။ သံချောင်းသည် လက်တွေ့ကျသူ ဖြစ်ပါသည်။ ဘဝ အခက်အခဲတို့ကို ရင်ဆိုင်ရဲသူ ဖြစ်ပါသည်။ ကိုနန္ဒာသည် စာတွေ့ကို သိထားသူ ဖြစ်ပါသည်။ ရဲမြင့်သည် လမ်းမှားသို့ ရောက်နေရာမှ သံချောင်းကို ကြည့်ပြီး လမ်းမှန်သို့ ရောက်သွားသူ ဖြစ်ပါသည်။ ဦးဘရန်သည် ရောက်လေရာရာတွင် ကိုယ်ကျိုး ကြည့်သူ ဖြစ်ပါသည်။

'ဓားတောင်' ဝတ္ထုသည် သူတို့ လေးဦး၏ ဆက်ဆံရေး၊ သူတို့ လေးဦး၏ ပဋိပက္ခ၊ ထိုပဋိပက္ခများကို သူတို့ မည်သို့ ဖြေရှင်းပုံ စသည်တို့ကို ရေးထားခြင်း ဖြစ်ပါသည်။ သံချောင်းသည် ကိုယ်ကျိုး စွန့်သူ၊ အနစ်နာခံသူ၊ လက်တွေ့ကျသူ၊ ပညာ မတတ်သော်လည်း ပညာတတ်တို့ထံမှ အသိအမြင် အတွေးအခေါ်တို့ကို တစ်ဆင့် သိရသည်နှင့် ချက်ချင်း လက်တွေ့ အကောင်အထည် ဖော်ကာ ဘဝ အခက်အခဲကို ဖြေရှင်းသွားသူ အဖြစ် ကျွန်တော် တင်ပြထားပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ယနေ့ခေတ် လူငယ်တို့သည် မိမိတို့ လူမှုရေး ပြဿနာများကို ဖြေရှင်းရာတွင် အလုပ်သမား လူတန်းစား၏ ရပ်တည်ချက်မျိုး၊ ကိုယ်ကျိုး စွန့်ခြင်းမျိုး၊ အနစ်နာ ခံခြင်းမျိုးတို့ကို နမူနာယူ၍ ဖြေရှင်းသွားသင့်သည်ဟု ကျွန်တော် တင်ပြထားပါသည်။ (အလုပ်သမား လူတန်းစားထဲတွင် ကိုယ်ကျိုး မစွန့်သူတွေ မရှိဘူးလားဟု မေးလျှင် ထိုကိစ္စသည် ခြွင်းချက် ဖြစ်လိမ့်မည်ဟု ကျွန်တော် ယူဆပါသည်။ အလားတူပင် ခေနရှင် လူတန်းစားထဲတွင်လည်း စိတ်ကောင်း စေတနာ ထားသူတွေ မရှိဘူးလားဟု မေးလျှင်လည်း ထိုကိစ္စသည်လည်း ခြွင်းချက်များသာလျှင် ဖြစ်ပါလိမ့်မည်။ စာရေးဆရာသည် အရာ ကိစ္စ တစ်ခုကို ကောက်ချက် ချလျှင် ယေဘုယျကို ကြည့်ပြီး ကောက်ချက် ချခြင်း ဖြစ်ပါသည်။ ခြွင်းချက်တွေကို ကြည့်၍ ကောက်ချက် ချခြင်း မဟုတ်ပါ။)

ဤသည်မှာ 'ဓားတောင်' ကို ကျွန်တော် ရေးသည့် ရည်ရွယ်ချက် အကျဉ်းချုပ် ဖြစ်ပါသည်။

'ဓားတောင်' ကို မြတ်လေး၊ ကောလိပ်ဂျင် နေဝင်းနှင့် မို့မို့မြင့်အောင်တို့ ပါဝင်ပြီး ကက်ဆက် ဇာတ်လမ်း သွင်းခဲ့ဖူးပါသည်။

ဇော်မော်က ရုပ်ပြ ရေးခဲ့ပါသည်။

မြို့တော် အင်အားသစ် မောင်ယဉ်အောင်က ပြဇာတ် ကခဲ့ပါသည်။

ဂျပန် ဘာသာဖြင့် ဂျပန် ပြည်တွင် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။

ထို့နောက် ရုပ်ရှင်။

'ဓားတောင်' ထွက်ပြီးစက ရုပ်ရှင် ရိုက်ချင်သည် ဆိုပြီး ကျွန်တော့်ဆီသို့ ဒါရိုက်တာ တစ်ဦး ပေါက်လာပါသည်။

ကျွန်တော်က သူ့ဒါရိုက်တာ အရည်အချင်းကို များစွာ စိတ်မချသဖြင့် သူ့ကမ်းလှမ်းချက်ကို ပယ်ချခဲ့ပါသည်။

နောက်တစ်ဖန် ဒါရိုက်တာ တစ်ဦး ပေါက်လာပြန်ကာ ကျွန်တော့် ဇာတ်လမ်းကို ဝယ်ယူလိုကြောင်း ကမ်းလှမ်းပြန်ပါသည်။ သူ့ အရည်အချင်းကိုလည်း ကျွန်တော် စိတ်မချသဖြင့် သူ့ကမ်းလှမ်းချက်ကို ပယ်လိုက်ပြန်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ကြိမ်တွင် ဒါရိုက်တာ မောင်ဝဏ္ဏနှင့် မောင်သက်နောင်က ရုပ်ရှင် ရိုက်လိုသည်ဟု ကမ်းလှမ်းသဖြင့် သူတို့ ကမ်းလှမ်းချက်ကို ကျွန်တော် လက်ခံလိုက်ပါသည်။ မောင်ဝဏ္ဏက သူကိုယ်တိုင် ဇာတ်ညွှန်း ရေးပါသည်။ သူကိုယ်တိုင် ဇာတ်လမ်းစဉ်ခွဲပါသည်။ ထို့နောက် မကြိုက်လျှင် ပြင်ပါဟု ကျွန်တော့်ကို လာရောက်ပြသည်။ ကျွန်တော်သည် သူ့ဇာတ်ညွှန်းကို တစ်လုံး တစ်ပါဒမျှ မပြင်လိုက်ပါ။ မောင်ဝဏ္ဏသည် သူ့အလုပ်ကို ကျွန်တော့်ထက် ပို၍ သိသူ ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော့် အယူအဆတစ်ရပ်မှာ ဝတ္ထု တစ်ပုဒ်ကို ရုပ်ရှင် ရိုက်သည့် အခါ စာရေးဆရာတွင် ထိုရုပ်ရှင် အတွက် ဘာမျှ တာဝန် မရှိဟု ယူဆပါသည်။ စာရေးဆရာသည် သူ ရေးသည့် ဝတ္ထု အတွက် တာဝန် ရှိပြီး ရုပ်ရှင် အတွက် တာဝန် မရှိပါ။ ထိုအပိုင်းမှာ ရုပ်ရှင် ဒါရိုက်တာ၏ တာဝန်သာ ဖြစ်ပါသည်။ စာရေးဆရာနှင့် မဆိုင်တော့ပါ။ ရုပ်ရှင် ကုမ္ပဏီသို့ ရောင်းလိုက်သည့် အချိန်မှ စ၍ စာရေးဆရာ၏ အခန်းသည် ကုန်ဆုံးသွားကာ ရုပ်ရှင်ဆရာတို့၏ အခန်းသည် အစပြုသည်ဟု ကျွန်တော် ယူဆပါသည်။

ထို့ကြောင့် မောင်ဝဏ္ဏက ဇာတ်ညွှန်းကို ကြိုက်သလို ပြင်ပါဟု ဆိုလာသော အခါတွင် ကျွန်တော်သည် တစ်လုံးမျှ မပြင်ဘဲ 'ဒါက ခင်ဗျားတို့ တာဝန်ပဲ၊ ကျွန်တော် ပါစရာ မလိုပါဘူး' ဟု ပြောခဲ့ပါသည်။

သို့ရာတွင် ဘာကြောင့်မှန်း မသိ၊ မောင်ဝဏ္ဏသည် 'ဓားတောင်' ကို မရိုက်ဖြစ်တော့ပါ။ ကျွန်တော်ကလည်း မမေးတော့ပါ။

ထို့နောက်တွင် ကျွန်တော့်ဆီသို့ မြတ်လေး ပေါက်လာပြီး 'ဓားတောင်' ကို ရိုက်ချင်သည်ဟု ပြောပါသည်။ 'မောင်ရင် ရိုက်ချင် ရိုက်ပေါ့' ဟု ကျွန်တော် ပြောလိုက်ပါသည်။

သို့ရာတွင် ဘာကြောင့်မှန်း မသိ၊ မြတ်လေးလည်း မရိုက်ဖြစ်တော့ပါ။

လွန်ခဲ့သည့် နှစ်နှစ်ခန့် တစ်ညတွင်မူ ကျော်ဟိန်း ကျွန်တော့်ထံ ပေါက်လာပါသည်။

'ဖိုးကျော် ကိုယ့်ဝတ္ထုကို ဖတ်ပြီးပြီလား'



mgyoe.com

mgyoe.com SAMPLE BOOK

'ဖတ်ပြီးပါပြီ၊ ဖတ်ပြီးတာမှ ပထမ အကြိမ် ထွက်ကတည်းက ကျွန်တော် ဖတ်တာပါ၊ အဲဒီတုန်းက ဆရာ့ အိမ်ကို ကျွန်တော် တစ်ခေါက် လာပါသေးတယ်၊ ဆရာ မရှိပါဘူး၊ နယ်ကို သွားနေပါတယ်၊ နောက်တော့ ကျွန်တော်လည်း အကြောင်းကြောင်းကြောင့် မလာဖြစ်တော့တာပါ၊ ခု ဆယ်နှစ်လောက် ရှိတော့မှ ကျွန်တော် တစ်ခေါက် လာတာပါ၊ ဒီ ဝတ္ထုကို ကျွန်တော် သိပ် ရိုက်ချင်ပါတယ်၊ ဒါကြောင့် ကျွန်တော် အထပ်ထပ် ဖတ်ပါတယ်၊ အကြိမ်ပေါင်း ဆယ့်ငါးကြိမ် အကြိမ် နှစ်ဆယ်လောက် ရှိပါပြီ၊ တချို့ စာပိုဒ်တွေကို ကျွန်တော် အလွတ်တောင် ရနေပါပြီ'

ကျော်ဟိန်းက စာအုပ်ထဲမှ စာသား အချို့နှင့် ဇာတ်ကွက် အချို့ကို ပြောပြသည်။ တချို့ ဇာတ်ကွက်များမှာ ကျွန်တော်ပင် မေ့နေလေပြီ။

'ဖိုးကျော် ဘာဖြစ်လို့ ရိုက်ချင်တာလဲ'

ကျော်ဟိန်းသည် စဉ်းစားနေသည်။

အတန်ကြာမှ

'ကျွန်တော် ဇာတ်ကား အများကြီး ရိုက်ခဲ့ပြီးပြီ ဆရာ၊ ကောင်းတဲ့ ကားတွေလည်း ရှိမယ်၊ မကောင်းတဲ့ ကားတွေလည်း ရှိတယ်၊ ခု ကျွန်တော် အသက်လည်း ကြီးလာပြီ၊ ကျွန်တော့် ရုပ်ရှင် မင်းသား သက်တမ်းမှာ မှတ်တိုင် စိုက်နိုင်တဲ့ ကားမျိုး တစ်ကားလောက် ရိုက်ချင်တယ်၊ ဒီဝတ္ထုကို ကျွန်တော် သိပ်ရိုက်ချင်နေတယ်၊ ရိုက်ခွင့်ပေးပါ'

ကျွန်တော်သည် ကျော်ဟိန်း၏ ဇာတ်ကား များစွာ အနက် ကျွန်တော့် စိတ်ထဲတွင် ကောင်းမည်ဟု ထင်နေသည့် ကား နှစ်ကားကိုသာ ကြည့်ခဲ့ဖူးပါသည်။ ထိုနှစ်ကားမှာ 'တစ်ခါက တစ်ဘဝ' နှင့် 'မွန်းတည့်ချိန်တွင် နေဝင်သည်' တို့ ဖြစ်ပါသည်။ နှစ်ကားစလုံးကို ကျွန်တော် ကြိုက်ပါသည်။

ကျော်ဟိန်းတွင် ကိုယ်ပိုင်ဟန် ရှိပြီး တီထွင် ဖန်တီးနိုင်သော အနုပညာ စွမ်းအား ကောင်းသည်ဟု ကျွန်တော် မြင်ပါသည်။

ထို့ကြောင့် ကျော်ဟိန်း၏ ကမ်းလှမ်းချက်ကို ကျွန်တော် လက်ခံလိုက်ပါသည်။



mgyoe.com

mgyoe.com
နောက် နှစ်ပတ်ခန့် ကြာသည့် အခါတွင် ကျော်ဟိန်းသည် ဆရာ တစ်ယောက် ရေးသည့် ဇာတ်ညွှန်းကို ယူ၍ ကျွန်တော့်ဆီသို့ ရောက်လာပြီး ကျွန်တော့်ကို အဖတ်ခိုင်းသည်။

သူ့ဇာတ်ညွှန်းမှာ ကျွန်တော် ပြောချင်သော ရည်ရွယ်ချက်ကို ရောက်အောင် ရေးနိုင်သည်။

'ကျွန်တော်တော့ သူ့ဇာတ်ညွှန်းကို ကြိုက်တယ် ဆရာ'

'ကောင်းပါတယ်၊ မောင်ရင်က ဇာတ်ညွှန်းကို ကိုင် ရိုက်ရမယ့် သူ၊ မောင်ရင် ကြိုက်တယ် ဆိုရင် ကိုယ် ဘာပြောစရာရှိလဲ'

ကျွန်တော်တို့သည် ထိုဇာတ်ညွှန်းကို အတည်ပြုလိုက်ကြ၏။ ဇာတ်လမ်း စိစစ်ရေးသို့ တင်ပြရန် ကျော်ဟိန်း ပြင်ဆင်သည်။ ဇာတ်လမ်း စိစစ်ရေးသို့ တင်ပြသည့် အခါတွင် စာရေးဆရာ၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာတို့၏ ပူးတွဲ အမှာစာကို တင်ပြရရိုး ထုံးစံ ရှိသည်။

'ဇာတ်လမ်း စိစစ်ရေးကို တင်ဖို့ အမှာစာကို ဆရာ ရေးပေးပါ ဆရာ'

'ကိုယ် မရေးလို့ မရဘူးလား'

'ရတော့ ရပါတယ်၊ ဒါပေမဲ့ ဆရာ ရေးရင် ပိုကောင်းတာပေါ့'

'မောင်ရင် ရေးပါ၊ ပြီးတော့ ဝိုင်းဖတ်ပြီး ပြင်တန်ပြင်၊ လက်မှတ်ထိုး တင်လိုက်တာပေါ့'

ကျော်ဟိန်းသည် အလွန် အလုပ် လုပ်သူ ဖြစ်သည်။

နောက် တစ်ပတ်ခန့် အကြာတွင် သူ ကိုယ်တိုင် ရေးထားသည့် စိစစ်ရေးသို့ တင်သည့် အမှာစာကို ကျွန်တော့်အား လာပြသည်။

ကျွန်တော် ဖတ်ကြည့်သည်။

'ဤ *ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်* ဝတ္ထု ဇာတ်လမ်းထဲတွင် အလုပ်သမား လူတန်းစားကို ကိုယ်စားပြုသော သံချောင်း၊ အရင်းရှင် လူတန်းစားကို ကိုယ်စားပြုသော ဘရန်၊ ပညာတတ် (အနုပညာသမား) ကို ကိုယ်စားပြုသော နန္ဒာနှင့် လူငယ်ထုကို ကိုယ်စားပြုသော ရဲမြင့် ဟူ၍ ဇာတ်ကောင် လေးဦးတို့ ပါရှိရာ



mgyoe.com

mgyoe.com
SAMPLE BOOK

'အလုပ်သမား လူတန်းစားကို ကိုယ်စားပြုသော သံချောင်းသည် အရင်းရှင် လူတန်းစားမှ အပ ကျန် လူတန်းစား အားလုံး၏ ကိုယ်ကျိုး စီးပွား အတွက် မိမိ၏ အသက်ကိုပင် စွန့်လွှတ်သွားခဲ့ပါသည်။

'ကျွန်တော်တို့ ကိုယ်တိုင်လည်း သံချောင်း ကိုယ်စားပြုသော အလုပ်သမား လူတန်းစား၏ ကျေးဇူးတရား၊ လုပ်အား အသီးအပွင့်များကို စားသုံးရင်း အသက်ရှင် နေထိုင်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ဤ *စားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်* ဇာတ်လမ်းအား ရေးသား၊ ရိုက်ကူး၊ တင်ပြခြင်းဖြင့် အလုပ်သမား လူတန်းစားကြီး၏ ဆပ်၍ မကုန်နိုင်သော ကျေးဇူး မြင်းမိုရ်အား သဲတစ်ပွင့်စာမျှ ဖြစ်စေ တုံ့ပြန်ခွင့် ရလိမ့်မည်ဟု ယုံကြည်နေမိပါကြောင်း'

ကျော်ဟိန်းသည် ထက်သန်သော မျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေပါသည်။

ဇာတ်လမ်း စိစစ်ရေး အဖွဲ့သို့ တင်သည့် ကျော်ဟိန်း၏ အမှာစာသည် ကျွန်တော့် ဆိုလိုရင်းကို ရောက်ပါသည်။ ဘာမျှ အထူးအထွေ ပြင်စရာ မရှိပါ။ ထို့ကြောင့် ကျွန်တော် ကောက်၍ လက်မှတ် ထိုးပေးလိုက်ပါသည်။

ကျွန်တော်သည် ကုသိုလ် ကောင်းမှု တစ်ခုကို ပြုလိုက်ရသည့်နှယ် ပီတိ ဖြစ်နေပါသည်။

မြသန်းတင့်
[၁၆၊ ၄၊ ၈၈]

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ တင်ပြချက်

## ၁

လူသည် တိုက်ပွဲကြီး သုံးခုကို ဖြတ်သန်းရသည်ဟု နိုင်ငံရေး အဘိဓမ္မာ ပညာရှင် တစ်ဦးက ဆိုဖူး၏။ ၄င်းတို့မှာ ကုန် ထုတ် လုပ်ရေး တိုက်ပွဲ၊ သိပ္ပံပညာ စမ်းသပ်မှု တိုက်ပွဲနှင့် လူတန်းစား တိုက်ပွဲများ ဖြစ်သည် ဟူ၍ ၄င်းက ဖွင့်ဆိုသည်။

ထိုစကားကို ပြောခဲ့သည့် အဘိဓမ္မာ ပညာရှင်သည် လူပေါ်စ ခေတ်က စ၍ ယနေ့ အထိ ဖြစ်သော လူ၏ သမိုင်း ဖြစ်စဉ်ကြီး တစ်ရပ်လုံးကို လေ့လာ သုံးသပ်ပြီး နောက်မှ ထို အဘိဓမ္မာကို ပေါင်းချုပ်၍ တင်ပြလိုက်ခြင်း ဖြစ်၏။

ကျွန်တော်တို့သည် ကျောင်းတုန်းက သမိုင်း စာအုပ်များကို သင်ကြရ၏။ ယခုတိုင်လည်း သမိုင်း စာအုပ်များကို ဖတ်လျက် ရှိကြ၏။ နောင်တွင်လည်း ဖတ်နေကြဦးမည် ဖြစ်၏။ မနေ့က အဖြစ်အပျက်များသည် သမိုင်းထဲ ရောက်သွားကြ၏။ မနက်ဖြန် ကျလျှင် ယနေ့ အဖြစ်အပျက်များသည်လည်း သမိုင်း ဖြစ်သွားကြ လိမ့်ဦးမည်။ အချိန် ဟူသော ပညတ်ချက် မကုန်ဆုံးသေးသရွေ့ ကျွန်တော်တို့သည် သမိုင်းကို ဖြတ်သန်း နေကြရဦးမည် ဖြစ်၏။

သမိုင်း စာအုပ်များကို ဖတ်ရသည့် အခါ၌ ကမ္ဘာဦး လူသား ၏ အကြောင်းကို ကျွန်တော်တို့ သိကြရ၏။ ကမ္ဘာဦး လူသား သည် မိမိ အသက် ရှင်ရေး အတွက် အစားအစာကို ထုတ်လုပ် ရ၏။ ရှာဖွေရ၏။ ပထမတွင် သစ်သီး သစ်ဥများကို စားခဲ့ကြ ရ၏။ သားစိမ်း ငါးစိမ်းကို စားခဲ့ကြရ၏။ အမဲ လိုက်ခဲ့ကြ၏။ ပို၍ ယဉ်ကျေးလာသည့် အခါ၌ အသား၊ ငါးတို့ကို ချက်ပြုတ်



mgyoe.com

mgyoe.com SAMPLE BOOK
စားသောက် လာခဲ့ကြ၏။ အဝတ်အဆင် အလို့ငှာ တိရစ္ဆာန်တို့ အရေများကို ထုတ်လုပ် လာခဲ့ရ၏။ ထို့ထက် ပို၍ ယဉ်ကျေး လာသော အခါ၌ အိုးခွက်တို့ကို လုပ်တတ်လာခဲ့ကြ၏။ ပစ္စည်း ကိရိယာများကို ထုတ်လုပ်တတ်လာခဲ့ကြ၏။ အသီးအနှံများကို စိုက်ပျိုးတတ်လာခဲ့ကြ၏။ အဝတ်အထည်တို့ကို ရက်လုပ်တတ် လာခဲ့ကြ၏။ အဆောက်အအုံတို့ကို ဆောက်လုပ် တတ်လာခဲ့ကြ ၏။

ကျောက်လက်နက်၊ ကြေးပုဆိန်၊ ရက်ကန်းစင် စသည်တို့ကို တီထွင်ခဲ့ကြ၏။ ပန်းပဲ အတတ်၊ ဗိသုကာ အတတ်၊ ရက်ကန်း အတတ်၊ စိုက်ပျိုးမှု အတတ်၊ ချက်ပြုတ်မှု အတတ် စသည့် အတတ် ပညာများသည် ပေါ်ပေါက်ခဲ့ကြရ၏။

ဤသို့ဖြင့် လူသည် မိမိ၏ စားရေး နေရေး ဝတ်ရေး အတွက် အမြဲတမ်း ထုတ်လုပ် လာခဲ့ကြရ၏။ တိုးတက်အောင် ကြိုးစား လာခဲ့ကြရ၏။ ဆန်းသစ်အောင် တီထွင် လာခဲ့ကြရ၏။ လူ၏ ကုန်ထုတ်လုပ်မှု အတတ်သည် သမိုင်းကဲ့သို့ အိုမင်း၏။ သမိုင်း ကဲ့သို့ပင် သက်တမ်း ရှည်ကြာ၏။ ယနေ့တိုင် ကျွန်တော်တို့သည် ကုန်ထုတ်လုပ်ရေးကို လုပ်နေကြရဆဲ ဖြစ်၏။ နောင် လူ့သမိုင်း ရှိနေသရွေ့လည်း ဆက်၍ ဆက်၍ ကုန် ထုတ်လုပ် နေရဦးမည် ဖြစ်၏။ လူသည် ကုန်ထုတ်လုပ်ခြင်း မရှိဘဲ အသက် မရှင်နိုင်။ လူ့ မျိုးနွယ်ကြီး တစ်ခုလုံးလည်း ကုန်ထုတ်လုပ်ရေး မရှိဘဲ မတည်မြဲနိုင်။

သို့ရာတွင် လူသည် ကုန်ထုတ်လုပ်ရေး အတတ်ပညာကို လွယ်လွယ်နှင့် ရခဲ့သည် မဟုတ်။ ပင်ပန်း ရှည်ကြာ ခက်ခဲသော တိုက်ပွဲများကို ဖြတ်သန်းပြီးမှ ရခဲ့ခြင်း ဖြစ်၏။ အသား ငါးကို ရရန် အလို့ငှာ သားရဲတိရစ္ဆာန်များနှင့် ယှဉ်ပြိုင် သတ်ပုတ်ခဲ့ရ၏။ ကောက်ပဲသီးနှံတို့ကို ရရန် အလို့ငှာ အဖျက်ပိုးမွှားများနှင့် ရင် ဆိုင် တိုက်ခိုက်ခဲ့ရ၏။ ရေ၊ လေ၊ မီး စသည့် ခက်ထန် ကြမ်း ကြုတ်သော သဘာဝ၏ အဖျက် စွမ်းအားစုများကို ကျော်လွှားခဲ့ရ ၏။ ဤနည်းဖြင့်သာလျှင် ကျွန်တော်တို့သည် ကုန်ထုတ်လုပ်ရေး အတတ်ပညာများကို ရရှိ လာခဲ့ကြခြင်း ဖြစ်၏။ အစာ ရှာရင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကျားစာ ဖြစ်ခဲ့ရသူပေါင်း မည်မျှ ရှိပြီနည်း။ ကုန်ထုတ်လုပ်ရင်း ကျဆုံးခဲ့ရသူပေါင်း မည်မျှ ရှိပြီနည်း။

ယဉ်ကျေးလာသည့် လူသည် ကုန်ထုတ်လုပ်ရေး တိုက်ပွဲမှ တစ်ဆင့် အတတ်ပညာများကို ရခဲ့ကြ၏။ သို့ရာတွင် ထို အတတ်ပညာကို တိုးတက်အောင် ကြံဆောင်ရ၏။ ဆန်းသစ်အောင် တီထွင်ရ၏။ ကြေးပုဆိန်၏ နေရာတွင် မြေတူးစက် ရောက်လာ၏။ ဓား လှံတို့၏ နေရာတွင် ယမ်းမှုန့် ရောက်လာ၏။ တောမီး၏ နေရာတွင် လျှပ်စစ် ဓာတ်အား ရောက်လာ၏။ မြေတူးစက်၏ စက်ယန္တရား တည်ဆောက်မှု၊ ယမ်းမှုန့်၏ ပေါက်ကွဲအားကို တွက်ချက်မှု၊ လျှပ်စစ် ဓာတ်အား၏ တွန်းကန်မှု အားနှင့် ဆွဲငင်အားကို တွေ့ရှိမှုတို့သည် သိပ္ပံပညာ၏ အလုပ် ဖြစ်၏။ ထိုစက်အားများ ထိုဓာတ်အားများ၏ လှုပ်ရှားမှုကို ရရှိအောင် လုပ်ခြင်းသည် သိပ္ပံပညာ၏ အလုပ် ဖြစ်၏။ သို့ဖြင့် လူ့ အမျိုးအနွယ်သည် သိပ္ပံပညာရပ်များကို ပိုင်ဆိုင်လာခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် လူသည် သိပ္ပံပညာရပ်များကို ရှာဖွေ တွေ့ရှိလာရာ၌ လွယ်လွယ်ဖြင့် ရခဲ့သည် မဟုတ်။ ပင်ပန်း ခက်ခဲ ရှည်ကြာသော တိုက်ပွဲများကို ဖြတ်သန်း၍ ရခဲ့ခြင်း ဖြစ်၏။ ဓာတ်ခွဲခန်း စမ်းသပ်ရင်း ဓာတ်ခွဲခန်းများထဲတွင် သေဆုံးသူပေါင်း မည်မျှ ရှိပြီနည်း။ အဏုမြူကို ရှာဖွေရင်း အဏုမြူဒဏ်ကြောင့် သေဆုံးသွားခဲ့သူပေါင်း မည်မျှ ရှိပြီနည်း။ သိပ္ပံပညာကို စမ်းသပ်ရင်း ကျဆုံးသွားသူပေါင်း မည်မျှ ရှိပြီနည်း။

လူသည် ကုန်ထုတ်လုပ်ရေးနှင့် သိပ္ပံပညာများကို ပိုင်ဆိုင်လာပြီးသည့် နောက်၌ ထိုအတတ်ပညာများကို မည်သူ့ အတွက် အသုံးပြုမည်နည်းဟု အငြင်း ပွားလာခဲ့ကြ၏။ မည်သူ့ အတွက် ကုန်ထုတ်လုပ်မည်နည်းဟု ငြင်းခုံခဲ့ရ၏။ သိပ္ပံပညာကို မည်သူ့ အတွက် အသုံးချမည်နည်းဟု အငြင်းပွားခဲ့ကြ၏။ ကုန်လုပ် ကိရိယာများကို မည်သူတွေက ပိုင်မည်နည်းဟု ခိုက်ရန် ဖြစ်ခဲ့ကြ၏။ တချို့က လူတစ်စုက လက်ဝါးကြီး အုပ်ထားလို၏။ လူတစ်စု အတွက် အသုံး ချလို၏။ အချို့က ထိုပစ္စည်းများကို အများ ပိုင်ဆိုင်အောင် လုပ်ကာ အများ၏ အကျိုး အတွက် အသုံးချလို၏။



mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြင့် သမိုင်းဦး ဘုံမြေခေတ်၊ ကျေးကျွန်ခေတ်၊ မြေရှင် ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ် စသည့် ယနေ့ အထိ ပေါ်ပေါက်ခဲ့သမျှသော ခေတ်ကြီး ငါးခေတ်တွင် ကုန်လုပ်ကိရိယာများ ပိုင်ဆိုင်ရေးနှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြ၏။ ခိုက်ရန် ဖြစ်ခဲ့ကြ၏။ စစ်တိုက်ခဲ့ကြ၏။

ရောမ ကျေးကျွန် ခေတ်က ကုန်လုပ်ကိရိယာများကို ကျွန်ပိုင်ရှင်တို့က ပိုင်ဆိုင်ခဲ့ကြ၏။ ထို့ကြောင့် ကျွန်တို့က လုပ်ယူခဲ့ကြ၏။ မြေရှင် ပဒေသရာဇ် ခေတ်တွင် ကုန်လုပ်ကိရိယာများကို မြေရှင်တို့က ပိုင်၏။ ထို့ကြောင့် မြေကျွန်တို့က လုပ်ယူခဲ့ကြ၏။ အရင်းရှင်ခေတ်တွင် ကုန်လုပ်ကိရိယာများကို အရင်းရှင်များက ပိုင်၏။ ထို့ကြောင့် အလုပ်သမားတို့က လုပ်ယူခဲ့ကြ၏။

ဤသို့ ကြည့်လျှင် လူတန်းစား တိုက်ပွဲသည် သမိုင်းနှင့် အမျှ အိုမင်း၏။ သမိုင်းနှင့် အမျှ သက်တမ်း ရှည်ကြာ၏။ သမိုင်းနှင့် အမျှ ရှည်ကြာသော တိုက်ပွဲများ တစ်လျှောက်၌ ကျဆုံးသူပေါင်း မည်မျှ ရှိခဲ့မည်နည်း။

အမည် မသိ ကမ္ဘာဦး လူသား တစ်ဦး စွန့်လွှတ် အနစ်နာ ခံခဲ့သဖြင့် ကျွန်တော်တို့သည် မီး၏ အသုံးဝင်ပုံကို သိလာခဲ့ကြရ၏။ သူ့ကြောင့် ကျွန်တော်တို့သည် အရေးကြီးသော ကုန်ထုတ်လုပ်ရေး အတတ်ပညာကို ရရှိခဲ့ကြ၏။ ကိုပါနီးကပ်စ် စွန့်လွှတ် အနစ်နာ ခံခဲ့သဖြင့် ကျွန်တော်တို့သည် စကြဝဠာကြီးနှင့် ပတ်သက်သော အမြင်မှန်ကို ရခဲ့၏။ သူ့ကြောင့် ကျွန်တော်တို့သည် အရေးကြီးသော သိပ္ပံပညာ တွေ့ရှိမှု တစ်ရပ်ကို ရခဲ့ကြ၏။

အီဝန် ဆိုသော ရုရှား အလုပ်သမား လူတန်းစား၏ စွန့်လွှတ် အနစ်နာ ခံမှုကြောင့် ကျွန်တော်တို့၏ ကမ္ဘာသည် ဆိုရှယ်လစ် ခေတ်သစ် တစ်ရပ်ထဲသို့ ချဉ်းနင်း ဝင်ရောက်လာ၏။

လူများစုကြီး ကောင်းစားရေး အတွက် အနည်းစုသည် စွန့်လွှတ်ရမြဲ ဖြစ်၏။ အနစ်နာခံရမြဲ ဖြစ်၏။ ထို့ကြောင့် အာဇာနည် ဆိုသော စကားသည် ပေါ်ပေါက်လာရခြင်း ဖြစ်၏။

ကျွန်တော်သည် လူ့ အမျိုးအနွယ်ကြီး တည်တံ့ရေး၊ လူ့ အနွယ်ကြီး တိုးတက်ရေးတို့ အတွက် ကုန်ထုတ်လုပ်ရေး တိုက်ပွဲ၊ သိပ္ပံ


mgyoe.com

mgyoe.com
SAMPLE BOOK

ပညာ စမ်းသပ်မှု တိုက်ပွဲ၊ လူတန်းစား တိုက်ပွဲများတွင် စွန့်လွှတ် အနစ်နာခံသွားကြသော အာဇာနည်များကို ဂုဏ်ပြုလို၍ ဤဝတ္ထု ကို ရေးခြင်း ဖြစ်ပါ၏။

၂

'အင်းစိန် ဘဝတက္ကသိုလ်' မှ ကျွန်တော် ပြန်ထွက်လာသည့် အခါ ၌ ကျွန်တော့် ရင်ထဲတွင် ရေးစရာတွေ ပါလာ၏။ ဝတ္ထုတွေ ပါ လာ၏။ သို့ရာတွင် ရှုမဝတွင် ပါသော ဝတ္ထုတိုများမှ လွဲ၍ အသစ် တစ်ပုဒ်မျှ မရေးဖြစ်ခဲ့။ အဟောင်းများကိုသာ ပြန်ထုတ်ခဲ့၏။

'အသစ် မရတော့ဘူးလား၊ အဟောင်းတွေကိုချည်း ပေးနေတော့ မှာလား' ဟု မိတ်ဆွေများ၊ စာဖတ် ပရိသတ်များက ကျွန်တော့်ကို မေးကြ၏။ ဆူပူကြ၏။ ကြိမ်းမောင်းကြ၏။ သို့ရာတွင် ကျွန်တော် မရေးဖြစ်ခဲ့။ ယခုမှ ရေးဖြစ်ခြင်း ဖြစ်၏။

ကျွန်တော့် ဝတ္ထုသည် လူ လေးယောက်၏ ဇာတ်လမ်း တစ် ပုဒ်မျှသာ ဖြစ်၏။

တစ်ယောက်က အလုပ်သမား၊ တစ်ယောက်က လမ်းသရဲ ကျောင်းသား၊ တစ်ယောက်က ကဗျာဆရာ၊ တစ်ယောက်က မှော် ခို စက်လှေပိုင်ရှင် ဖြစ်၏။ အလုပ်သမားနှင့် လမ်းသရဲ ကျောင်း သားသည် သက်တူ ရွယ်တူ လူငယ်များ ဖြစ်ကြ၏။ သို့ရာတွင် ဘဝချင်း ကွာကြ၏။ အခြေအနေချင်း ကွာကြ၏။ ကြီးပြင်းပုံချင်း လည်း ကွာကြ၏။ ဤသည်မှာ သူတို့ နှစ်ယောက်၏ ပဋိပက္ခ ဖြစ်၏။

ထိုလူငယ် နှစ်ယောက်သည် အကျပ်အတည်း တွေ့ကြ၏။ စား စရာ၊ နေစရာ မရှိသည့် အခြေသို့ ရောက်ကြ၏။ လမ်းသရဲ ကျောင်း သားသည် ဘာကိုမျှ မလုပ်တတ်။ မိမိ၏ ဘဝ တည်မြဲရေး အတွက် အစာကိုမျှ မရှာတတ်။ အန္တရာယ်ကိုမျှ မကာကွယ်တတ်။ အလုပ် သမား လူငယ်ကမူ သူ့ဘဝ ရပ်တည်ရေး အတွက် သူ တိုက်ပွဲဝင် တတ်၏။ အန္တရာယ်ကို ကာကွယ်တတ်၏။ သူတစ်ပါး အကျိုးကို ဆောင်ရွက်တတ်၏။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ၌ လူငယ်စိတ် ရှိသော လမ်းသရဲ ကျောင်းသားသည် အလုပ်သမား လူငယ်ကို အားကျ၏။ သူ့လို စွန့်စားချင်၏။ သူ့ ရင်ထဲတွင် ရှိသော လူငယ်၏ သတ္တိ၊ လူငယ်၏ အားမာန်၊ လူငယ်၏ စိတ်ဓာတ်တို့သည် ပြန်၍ ပေါ်လာကြ၏။

လမ်းသရဲ လူငယ်ကို သွန်သင် ဆုံးမပေးသော ဆရာသည် အလုပ်သမား လူငယ်သာ ဖြစ်၏။

အလုပ်သမား လူငယ်သည် လမ်းသရဲ လူငယ်ကို လမ်းမှန်သို့ ရောက်အောင် ခေါ်၏။

တွေဝေ ယိမ်းယိုင်သော ပညာတတ် ကဗျာဆရာကို ကြည်လင် ပြတ်သားသည့် အမြင် ရှိအောင် သွန်သင်၏။

ဓား တစ်လက်ဖြင့် အနိုင် ကျင့်နေသော မှောင်ခို စက်လှေ ပိုင်ရှင်ကို အနိုင် တိုက်ခဲ့၏။

အလုပ်သမား လူငယ်သည် လမ်းသရဲ လူငယ်နှင့် ကဗျာဆရာ တို့၏ ခေါင်းဆောင် ဖြစ်၏။

သူသည် ကုန် ထုတ်လုပ်ရေး တိုက်ပွဲများကိုလည်း ခေါင်းဆောင် တိုက်ခဲ့၏။ သိပ္ပံပညာ စမ်းသပ်မှု တိုက်ပွဲကိုလည်း ခေါင်းဆောင်ခဲ့၏။ လူတန်းစား တိုက်ပွဲကိုလည်း ခေါင်းဆောင်ခဲ့၏။ သူသည် သူရဲကောင်း ဖြစ်၏။

ထို အလုပ်သမား လူတန်းစား လူငယ်၏ ခေါင်းဆောင်မှု မရှိလျှင် ကဗျာဆရာသည် လည်းကောင်း၊ လမ်းသရဲ လူငယ်သည် လည်းကောင်း သဘာဝ၏ ဖိနှိပ်မှုကို တွန်းလှန်နိုင်ခဲ့မည် မဟုတ်။ မိမိတို့ ဘဝ တည်မြဲအောင် စွမ်းဆောင်နိုင်မည် မဟုတ်။ ဓား ကိုင်၍ ခြိမ်းခြောက်နေသည့် မှောင်ခို စက်လှေ ပိုင်ရှင်ကို တိုက် နိုင်မည် မဟုတ်။

ထို့ကြောင့် အလုပ်သမား လူငယ်သည် မဟာ အာဇာနည် ဖြစ်၏။

ဤသဘောကို ဦးတည်၍ ဤဝတ္ထုကို ကျွန်တော် ရေးခြင်း ဖြစ်၏။ ဤ ဦးတည်ချက် ပေါ်လွင်လျှင် ကျွန်တော် ရေးရကျိုး နပ်ပြီဟု ယူဆ၏။



mgyoe.com

mgyoe.com SAMPLE BOOK

# ၃

အစက ဤဝတ္ထု၏ နာမည်ကို 'မာယာဘုံ'ဟု ကျွန်တော် နာမည်ပေးခဲ့၏။ ထိုနာမည်ဖြင့် ကြေညာခဲ့၏။ သို့ရာတွင် ထိုနာမည်ကို ကျွန်တော် ပြင်လိုက်၏။

ထိုဝတ္ထုထဲမှ အလုပ်သမား လူငယ်က ထိုနာမည်ကို မကြိုက်ဟု တောင်းဆို၏။ ညပေါင်း များစွာ ကျွန်တော့် အိပ်မက်ထဲ ပေါ်လာကာ ထိုနာမည်ကို ကန့်ကွက်၏။

ထိုအခါတွင် ကျွန်တော်သည် နာမည်သစ်များကို ညပေါင်းများစွာ စဉ်းစား၏။ နာမည် အသစ် တစ်ခု ပေး၏။

ကျွန်တော်က နာမည်သစ် တစ်ခု ပေးတိုင်း ထိုအလုပ်သမားလူငယ်သည် ကျွန်တော့် အိပ်မက်ထဲတွင် ပေါ်၍ လာကာ မကြာခဏ ကန့်ကွက်တတ်၏။

သို့ဖြင့် ကျွန်တော်သည် ညပေါင်း များစွာကို ကုန်လွန်ခဲ့ရ၏။ အလုပ်သမား လူငယ် ကျေနပ်သည့် ဝတ္ထု နာမည်ကို ရှာမတွေ့။

ဤအတောအတွင်း ကျွန်တော်သည် တရုတ်ပြည်မှ လူငယ်တစ်ယောက် ရေးသည့် ဝတ္ထုတို တစ်ပုဒ်ကို ဖတ်လိုက်ရ၏။

ထိုလူငယ်သည် စာရေးဆရာ မဟုတ်။ အလုပ်သမား တစ်ယောက်မျှသာ ဖြစ်၏။ သူသည် ရေနံတွင်း တစ်ခုတွင် အလုပ်လုပ်၏။

တစ်နေ့ ရေနံတွင်းမှ ဓာတ်ငွေ့များ ပေါက်ကွဲကာ မီးလောင်၏။ ရေနံတွင်းမှ မီးသည် ရေနံမြေ တစ်ခုလုံးကို ကူးစက်မည်ကဲ့သို့ ဖြစ်နေ၏။ မီးတောက် မီးလျှံများသည် ပင်လယ်ပြင်တမျှ ကျယ်ပြော၏။

အခြားသူများနှင့် အတူ သူသည် ပင်လယ်ပြင်တမျှ ကျယ်ပြန့်သည့် မီးလောင်ပြင်ကြီးကို ဖြတ်ကာ ရေနံမြေကြီး တစ်ခုလုံးကို မီးဘေးမှ ကယ်တင်နိုင်ခဲ့၏။

သူ့ တစ်ကိုယ်လုံး မီးလောင် ဒဏ်ရာတွေ ပြည့်ကာ ခြေတွေလက်တွေ ဖြတ်ပစ်ရ၏။ မျက်စိ ကွယ်သွား၏။



mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကို စံပြ သူရဲကောင်း အဖြစ် ပြည်သူက သတ်မှတ်ကြ၏။ ထို အဖြစ်အပျက်ကို သူကိုယ်တိုင် မှတ်တမ်းသဖွယ် ပြန် ရေး ထား၏။

ထိုမှတ်တမ်းထဲ၌ 'သေရွာ သွားတာကို အိမ်ပြန်သလို သဘော ထားရမယ်၊ ဓားတွေ တောင်လောက် မြင့်ပြီး မီးတွေ ပင်လယ် လောက် ကျယ်သည့်တိုင် ငါ ကျော်ဖြတ်မယ်' ဟု ပါ၏။

ကျွန်တော်သည် သူ့ စကားလုံးများကို သဘောကျကာ ဤ ဝတ္ထု ခေါင်းစဉ် အဖြစ် ရွေးလိုက်၏။

ည အိပ်မက်ထဲတွင် ကျွန်တော့် ဝတ္ထုထဲက အလုပ်သမား လူငယ်နှင့် ပြန်တွေ့ကြသည့် အခါ၌ ကျွန်တော် ရွေးထားသည့် နာမည်ကို ပြောပြ၏။

အလုပ်သမား လူငယ်သည် ဤ တစ်ကြိမ်တွင်မူ ကျွန်တော် ရွေးထားသည့် နာမည်ကို ကျေနပ်သွားဟန် တူ၏။ ကန့်ကွက် ပြောဆိုခြင်း မရှိတော့။

မြသန်းတင့်
၁၃၃၅ ခု၊ သီတင်းကျွတ် လဆန်း ၁ ရက်။
၁၉၇၃ ခု၊ စက်တင်ဘာလ ၂၇ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၁

မည်မျှ ကြာအောင် သတိ မေ့မြောနေသည် မသိ။

သူ့ တစ်ကိုယ်လုံးသည် နာကျင်လျက် ရှိသည်။ ရင်ထဲတွင် တလှပ်လှပ် ခံစားရသည်။ ခေါင်းက တရိပ်ရိပ် မူးသည်။ ခြေ လက်တို့ကို မသယ်ချင်တော့။ သယ်လည်း မသယ်နိုင်တော့။ ရင်ညွန့်ထဲမှာ မီးစကြီး ထိုးထားသလို ပူနေသည်။ ပါးစပ်မှာ စေးထန်းနေသည်။ သူသည် တံတွေးကို မျိုချ၏။ မျိုချ၍ မရ။ သူ့ပါးစပ်ထဲတွင် တံတွေးပင် မရှိတော့။ ခန်းခြောက်နေလေပြီ။

သူသည် ခေါင်းကို ထောင်ကြည့်၏။ ခေါင်းထောင်၍ မရ။ ခေါင်းထူလိုက်သည်နှင့် တစ်ပြိုင်နက် အရုပ်ကြိုး ဖြတ်ချလိုက်သလို မြေကြီးပေါ် ပြန်ကျသွားသည်။ စိတ် မကျေနပ်သဖြင့် လက်တွေကို လှုပ်ကြည့်သည်။ လက်ကလည်း ကောင်းကောင်း လှုပ်၍ မရ။ လှုပ်လိုက်သည်နှင့် သူ့ လက်တံသည် ငှက်ပျောခွံဖတ်ကြီး ကွာကျသွားသလို အောက်သို့ ပြန်ကျသွားသည်။ ခြေထောက်တွေကကော။ ခြေထောက်ကို လှုပ်ကြည့်တော့လည်း မရ။ နာကျင်ကိုက်ခဲနေသည်။ ခါးတွေ ကျောတွေကလည်း အောင့်နေသည်။ တစ်ကိုယ်လုံး စပ်ဖျင်းဖျင်း ဖြစ်နေသည်။ ပွန်းပဲ့ထားသည့် ဒဏ်ရာတွေ တစ်ကိုယ်လုံး ပြည့်နေသည်။ ခြေဖမိုး၊ ခြေသလုံး၊ ဒူး၊ တင်ပါး၊ ရင်ဘတ်၊ လက်မောင်း၊ တံတောင်ဆစ်၊ ပခုံး၊ ဦးခေါင်း။

သူသည် အင့်ခနဲ ညည်းကာ မျက်စိကို ဖွင့်ကြည့်သည်။ လင်းထိန်သော အလင်းရောင်သည် စူးခနဲ ဝင်လာသည်။ မျက်လုံးကို ကြာကြာ ဖွင့်ကြည့်၍ မရ။ သူ့ မျက်ခွံကြောများက တင်းနေသည်။ စူးရှလွန်းသော အလင်းရောင်ကြောင့် သူ့ မျက်လုံးများသည် အလိုလို ပြန်မှိတ်သွားကြသည်။

သူ့ ခန္ဓာကိုယ်ထဲတွင် ခွန်အား ဆို၍ တစ်စက်မျှ မရှိတော့ဟု သူ ထင်သည်။ သူ့ နားထဲတွင် ဆူညံသော အသံများကို ကြားရသလိုလိုလည်း ထင်သည်။ သို့ရာတွင် မည်သည့် အသံများ ဆိုသည်ကို မသိ။ စက်ခုတ်သံလော၊



mgyoe.com

mgyoe.com SAMPLE BOOK
မိုးသက် မုန်တိုင်း ပြင်းစွာ တိုက်ခတ်သံလော၊ လှိုင်းပုတ်သံလော၊ အထောင် အသောင်းသော ကျည်ဆန်တို့ ပေါက်ကွဲနေသံလော။ မည်သည့် အသံမှန်း သူ ခွဲခြား၍ မရ။

သူ့ နားများထဲက လေ တဟူးဟူး ထွက်နေသည်။ မြွေ အကောင်ပေါင်း များစွာတို့ အနီးတွင် ကပ်၍ တွန်နေကြသည့်နှယ် နားထဲတွင် တရှီရှီ မြည်နေသည်။

မည်သည့် နေရာသို့ ရောက်နေသနည်း။

သူသည် အတတ်နိုင်ဆုံး ကြိုးစား၍ ဦးနှောက်ကို အလုပ် လုပ်ခိုင်း၏။ သို့ရာတွင် သူ၏ ဦးနှောက်သည် ပုံမှန် အလုပ် မလုပ်တော့။ ကျန်းမာ သန်စွမ်း သူ တစ်ဦး၏ ဦးနှောက်သည် တစ်ခုခုပေါ်တွင် ကျရောက်နေသော အာရုံကို အခြား အရာဝတ္ထု တစ်ခုဆီသို့ ရောက်အောင် ဒက်ခနဲ ပို့ဆောင်ပေးနိုင်စွမ်း ရှိ၏။ ရှည်ဝေးသော အတိတ်တွင် ကျက်စားလျက် ရှိရာမှ မျက်မှောက် ပစ္စုပ္ပန် ဘဝသို့ ပြောင်းသွားအောင် အာရုံကို စေခိုင်းနိုင်သော အစွမ်း သတ္တိ ရှိ၏။ ပစ္စုပ္ပန် ဘဝမှ အတိတ်ဆီသို့လည်း ချက်ချင်း ပြန်ပြောင်း တွေးတောနိုင်စွမ်း ရှိ၏။ ယခု သူ့တွင်မူကား အတိတ်ကို တွေးတောနိုင်စွမ်းလည်း မရှိ။ မျက်မှောက်ကို တွေးတောနိုင်စွမ်းလည်း မရှိ။ နေရာ ဌာနကိုလည်း သိနိုင်စွမ်း မရှိ။

တစ်ခုတော့ ရှိသည်။ သူ့ တစ်ကိုယ်လုံး နာကျင်နေမှန်းကိုတော့ သူ သိသည်။ ကိုက်ခဲနေမှန်းကိုတော့ သိသည်။ အလွန်အမင်း မောပန်း နွမ်းဟိုက် နေမှန်းကိုတော့ သိသည်။ ထို့ထက် သူ ဘာမျှ ပို၍ မသိ။ စဉ်းစား၍ မရ။

သည်နေရာ၌ သူ မည်မျှ ကြာကြာ မေ့မြောနေခဲ့ပြီနည်း။ သူ မေ့မြော လဲကျနေစဉ် အတွင်း၌ စကြဝဠာ၏ နာရီကြီးဟု ဆိုကြသော နေမင်းကြီးသည် ဘယ်နှကြိမ် ထွက်၍ ဘယ်နှကြိမ် ဝင်ပြီနည်း။ ဤသည်ကို သူ မသိ။

သူ့ မှတ်ဉာဏ်၌ နေရာ အမှတ်အသား ပျောက်နေသည်။ ကမ္ဘာ မြေကြီး၏ မည်သည့် အစိတ်အပိုင်းတွင် သူ ရောက်နေသနည်း။

မြောက်ဘက်ခြမ်းလော၊ တောင်ဘက်ခြမ်းလော၊ အရှေ့ဘက်ခြမ်းလော၊ အနောက်ဘက်ခြမ်းလော သူ မသိ။

သူ့ အသိ၌ အချိန် လမ်းကြောင်း ပျောက်နေသည်။ မည်သည့် နှစ်နည်း။ မည်သည့် လနည်း။ မည်သည့် ရက်နည်း။ မည်သည့် နာရီ၊ မည်သည့် မိနစ်၊ မည်သည့် စက္ကန့်နည်း။ သူ မသိ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေခြင်းကိုတော့ သူ သိသည်။

ထို့ကြောင့် သူသည် မူးဝေလျက် ရှိရာမှ နာကျင် ကိုက်ခဲသော ဝေဒနာဆီသို့ သူ့အာရုံကို ကြိုးစား၍ ပို့ဆောင်ပေးသည်။ ဘာကိုမျှ စဉ်းစား၍ မရတော့သည့် အတူတူ ခံစားနေရသော ဝေဒနာဆီသို့ အာရုံကို ပို့ဆောင် ပေးခြင်းက အနည်းဆုံး စိတ်သက်သာမှုကို ရကောင်း ရလိမ့်မည်ဟု သူ ထင်သည်။

ဝိပဿနာ ကျင့်စဉ်များ၌ ထိလျှင် ထိသည်ဟု သိ၊ သိလျှင် သိသည်ဟု မှတ်၊ ဤနည်းဖြင့် ဉာဏ်စဉ် ဆယ်ပါးကို လိုက်ကြသည်ဟု သူ ကြားဖူး ဖတ်ဖူး၏။ အသက် ရှူလျှင် ရှူသည်ဟု မှတ်၊ ထွက်သက် လေကို ထုတ်လျှင် ထုတ်သည်ဟု သိ စသဖြင့် ဝေဒနာကို ဝိပဿနာ တင်ကြသည်။ သမထ တရား ပွားများကြသည်။

သို့ဖြင့် သုတမယဉာဏ်၊ ဘာဝနာမယဉာဏ်၊ ဥဒယဗ္ဗယဉာဏ် စသည်တို့ကို ရကြသည်ဟု သူ ကြားဖူးသည်။

ဝိပဿနာ အလုပ်သည် ဖြစ်၊ ပျက် သဘောကို သတိဖြင့် ထိန်း၍ တည့်တည့် ရှုရသော အလုပ် ဖြစ်သည်။ ဤနည်းဖြင့် မိမိ၏ အတ္တကို ပယ်ခွာရန် ကြိုးစားရသည်ဟု သူ ဖတ်ဖူးသည်။

ကိုနန္ဒာသည် ဗုဒ္ဓဘာသာ မိဘများမှ ပေါက်ဖွားလာသည် မှန်သော်လည်း ဗုဒ္ဓဘာသာ မဟုတ်။ သူ့ထက် တုနိုင်း၍ မရအောင် ဉာဏ်ကြီးသော ဂေါတမ ဗုဒ္ဓ၊ ယေရှု ခရစ်၊ မဟာမက် စသည့် ဘုရား အဆူဆူတို့ကို သူ မာန်လျော့ ရိုကျိုးသည် မှန်သော်လည်း ၎င်းတို့၏ အဆုံးအမ၌ တည်သူ မဟုတ်။ မည်သည့် ဘာသာတရားကိုမျှ သူ မကိုးကွယ်။

သို့ရာတွင် အရေးကြုံလာတော့ ဗုဒ္ဓ၏ အဆုံးအမသည် သူ့ ဦးနှောက်ထဲသို့ အလိုလို ဝင်ရောက်လာ၏။ ဝိပဿနာ တရားကို အားထုတ်လိုသော စေတနာကြောင့် မဟုတ်။ သူ့ကိုယ်မှ နာကျင် ကိုက်ခဲနေသော ဝေဒနာကို မေ့ပျောက်ရန် နှလုံး သွင်းကြည့်ခြင်းသာ ဖြစ်သည်။

ကိုနန္ဒာသည် ဗုဒ္ဓ၏ ဝိပဿနာ ကျင့်စဉ်က ညွှန်ပြသည့် အတိုင်း ပစ္စုပ္ပန်ဟု တည့်တည့် ရှုသည်။

တစစ်စစ် ကိုက်ခဲလျက် ရှိသော ခေါင်းက ဝေဒနာကို သတိပြုသည်။ ဤတွင် တစ်ကိုယ်လုံး စပ်ဖျင်းဖျင်း ဖြစ်နေသော ဝေဒနာကို ခံစားမိသဖြင့် ထို ဝေဒနာကို အာရုံပြုပြန်သည်။ ထိုသို့ အာရုံပြုဆဲ ခါးနှင့် ခြေထောက်မှ ဝေဒနာများက သူ့ကို လာ၍ တိုက်ခိုက်ကြပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ ကိုနန္ဒာသည် ထိုဝေဒနာများဆီသို့ အာရုံ ပြောင်းပြန်သည်။

သို့ရာတွင် ကြာကြာ အာရုံ ပြောင်း၍ မရ။ သူ၏ ဦးနှောက်သည် ကောင်းစွာ အလုပ် မလုပ်နိုင်တော့။ ခေါင်းက မူးဝေလာသည်။ မှိတ်ထားသော မျက်လုံးများထဲတွင် အစိမ်း၊ အနီ၊ အပြာ၊ အဝါ အရောင်တွေ ရှန်းရင်းဆန်ခတ် ဖြစ်နေကြသည်။

ကိုနန္ဒာသည် နောက်တစ်ကြိမ် မေ့မြောသွားသည်။ သူ၏ ခေါင်းသည် ဘေးသို့ စောင်းကျသွားသည်။ ဤသို့ဖြင့် ကိုနန္ဒာ မေ့မြောသွားသည်မှာ မည်မျှ ကြာသည် မသိ။ မည်မျှ ကြာသည် မသိ။



mgyoe.com

mgyoe.com SAMPLE BOOK

## ၂

နားကို စွင့်ကြည့်သည်။

ပထမတော့ အသံ တစ်သံကို ကြားရသည်။ ထိုအသံသည် တိတ်ဆိတ်ခြင်း၏ အသံ ဖြစ်သည်။ ဗုံးပေါက်ကွဲသံ တစ်ခုကို ရုတ်တရက် ကြားရသည့် အခါ၌ ထိတ်လန့် တုန်လှုပ်သွားကြစမြဲ ဖြစ်သည်။ သို့ရာတွင် ဗုံးပေါက်ကွဲသံများကို ဆက်တိုက် ကြားလာရသော အခါ၌ကား ထိုအသံများသည် ကြောက်စရာ မကောင်းတော့။ မြူးကြွဖွယ်၊ အားတက်ဖွယ်ပင် ဖြစ်သေးသည်။

တိတ်ဆိတ်ခြင်း၏ အသံမှာ ပေါက်ကွဲသံနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ တိတ်ဆိတ်ခြင်းသည် စိတ်ကို ကြည်လင် အေးချမ်းစေသည်ဟု ရုတ်တရက် ထင်ရသည်။ သို့ရာတွင် တိတ်ဆိတ်ခြင်း၏ အသံကို ဂရုတစိုက် နားထောင်ကြည့်သည့် အခါတွင်မူ ကြောက်စရာ ကောင်းလာသည်။ အားငယ်လာသည်။ သွေးပျက်ချင်လာသည်။

လူသည် မွေးကတည်းက ဩကာသ လောကကြီး၏ အသံ၊ သတ္တ လူ့လောကကြီး၏ ငိုသံ၊ ရယ်သံ၊ အံကြိတ်သံ၊ တက်ခေါက်သံ၊ မြူးကြွဖွယ် အသံ၊ ညည်းညူသံ၊ ကုန်ထုတ်လုပ်သံ စသည့် အသံ ပေါင်းစုံနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့သည်။

သို့ရာတွင် ထို လူ့အဖွဲ့အစည်း၌ အသံ လုံးဝ တိတ်ဆိတ်သွားပြီ ဆိုလျှင် မည်သို့ ရှိမည်နည်း။

အရှေ့ကင် ရှုတင် ဆောက်တည်သူ ပုဂ္ဂိုလ်များသည် ညဥ့်ကြီး သန်းခေါင် တိတ်ဆိတ် ငြိမ်သက်သော သုသာန် တစပြင်တွင် သွား၍ ရှုတင် ဆောက်တည်ကြသည်ဟု ကိုနန္ဒာ ကြားဖူးသည်။ စိတ်ဓာတ် ကြံ့ခိုင်၏ မကြံ့ခိုင်၏ကို စမ်းသပ်သော နည်းလမ်း တစ်ခုဟု ကိုနန္ဒာ ယူဆ၏။

အာကာသသို့ သွားမည့် အာကာသ သူရဲကောင်းတို့သည်လည်း အသံ လုံးဝ တိတ်ဆိတ်လျက် ရှိသော အလုံခန်းထဲ၌ ရက်ပေါင်း လပေါင်း များစွာ



mgyoe.com

mgyoe.com SAMPLE BOOK

နေထိုင်၍ စိတ်ဓာတ် ကြံ့ခိုင်မှု ရအောင် လေ့ကျင့် ပေးရသည်ဟု ကိုနန္ဒာ ဖတ်ဖူးသည်။

သို့ဖတ်ရစဉ်တုန်းက ကိုနန္ဒာ ဤမျှလောက် လေးလေးနက်နက် မယုံကြည်ချင်။ လိုရ မည်ရ စမ်းသပ်ကြခြင်းသာ ဖြစ်လိမ့်မည်ဟု ပေါ့ပေါ့တန်တန်သဘော ထားခဲ့သည်။

ယခုတော့ ကိုနန္ဒာ ယုံချင်လာပြီ။

စင်စစ် တိတ်ဆိတ်သံသည် ဆူညံသံထက် ကြောက်ဖွယ် ကောင်းသည်။ တုန်လှုပ်ဖွယ် ကောင်းသည်။ ချောက်ချားဖွယ် ကောင်းသည်။

နားကို စွင့်ကြည့်သည့် အခါ၌ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဘာသံမျှ မကြားရ။ ထိုတိတ်ဆိတ်သံက ရှည်ကြာလာလေလေ ကြောက်စရာ ကောင်းလာလေလေ ဖြစ်သည်။

သို့ရာတွင် ကိုနန္ဒာသည် ဟင်းလင်းပြင်၏ အပြင်သို့ ရောက်နေသူ မဟုတ်။ အချိန်၏ ပညတ်ဖြင့် ကင်းလွတ်နေသူလည်း မဟုတ်။ ဟင်းလင်းပြင်နှင့် အချိန်၏ ပညတ် အတွင်း၌ မှီတင်း နေထိုင်သူသာ ဖြစ်သည်။ ဟင်းလင်းပြင်နှင့် အချိန်၏ ပညတ် အတွင်း၌ မှီတင်း နေထိုင်သူ ဖြစ်လျှင် အရာဝတ္ထု ဟူ၍ ရှိရမည်။ အရာဝတ္ထု ဟူ၍ ရှိလျှင် ထိုအသံသည် တိုးချင်လျှင် တိုးမည်။ ကျယ်လောင်ချင်လျှင် ကျယ်လောင်မည်။ သူ မကြားနိုင်သော အသံ ဖြစ်ချင် ဖြစ်မည်။ အသံ လုံးဝ မရှိ ဆိုသည်မှာ ဖြစ်နိုင်ကောင်းသော ကိစ္စ မဟုတ်။ အနည်းဆုံး တိတ်ဆိတ်ခြင်းမှာပင်လျှင် အသံတော့ ရှိစမြဲ။

ယခုပင် တိတ်ဆိတ်ခြင်း၏ အသံကို နားထောင်နေသည် မဟုတ်လော။

ကိုနန္ဒာသည် အင့်ခနဲ ညည်းလိုက်မိသည်။ သူ့အသံကို သူ ကြားလိုက်ရပြီး နောက်တစ်ခါ ညည်းမိပြန်သည်။ ဤတစ်ကြိမ်၌လည်း သူ့ ညည်းသံကို သူ ပြန်ကြားရသည်။ သည်လောက်ဆိုလျှင် သိပ်မဆိုးသေး။

သို့ရာတွင် သူ ညည်းသည့် အတွက်သာ သူ့ပတ်ဝန်းကျင်တွင် အသံဟူ၍ ရှိနေခြင်း ဖြစ်သည်။ သူ ညည်းညူခြင်း မပြုသည့် အခါ၌မူ ပတ်ဝန်းကျင်သည် တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်သာ ရှိသည်။

ကိုနန္ဒာသည် နောက်ထပ် ညည်းညူခြင်း မပြုတော့။ အသက်ကိုသာ ခပ်ပြင်းပြင်း ရှူနေသည်။

ထိုစဉ်တွင် မည်သည့် အသံ ဟူ၍ ခွဲခြား မသိနိုင်သော အသံများကို ကြားရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအသံများသည် ဝေးဝေးမှလော၊ နီးနီးမှလော ဟူ၍ကား ခွဲခြား၍ မရ။ တစ်ခါ တစ်ခါ အနီးကလေးကပါဟု ထင်ရသည်။ တစ်ခါ တစ်ခါ၌လည်း အဝေးကြီးကဟု ထင်ရသည်။ ထိုအသံသည် တစ်သံတည်း မဟုတ်၊ အရာ အထောင် များစွာသော အသံများ ဖြစ်သည်။ မြေကြီးပေါ်သို့ မိုးသီးတွေ ကြွေကျသံလိုလို၊ ကျောက်စရစ်ခဲများကို ဆုပ်၍ ကြဲနေသံလိုလို၊ မန်ကျည်းစေ့များကို ဖြန့်ကြဲနေသံလိုလို အသံများ ဖြစ်သည်။

ကိုနန္ဒာသည် အမျိုး အမည် ခွဲခြား မရသော ထိုအသံများကို နားထောင်ရင်း မှိန်းနေသည်။ မိမိသည် မည်သည့် နေရာသို့ ရောက်နေသနည်း။ ထိုအသံများသည် မည်သည့် အသံများနည်း။ ဤအသံကိုလည်း ကိုနန္ဒာ မသိ။

ထိုသို့ စဉ်းစားနေစဉ် နောက် အသံသစ် တစ်မျိုးကို ကြားရပြန်သည်။ ထိုအသံမှာ မိုးခြိမ်းသံမျိုး ဖြစ်သည်။ တဝုန်းဝုန်း မြည်နေသည်။ သို့ရာတွင် ဆက်တိုက် မြည်ခြင်း မဟုတ်။ နရီ မှန်မှန်နှင့် မြည်နေခြင်း ဖြစ်သည်။

ပထမ အဝေးကြီးမှ တရှဲရှဲ မြည်လာသံ ကြားရပြီးနောက် တဝုန်းဝုန်း မြည်သံ ပေါ်လာသည်။ ပျောက်သွားပြန်သည်။ နောက် တရှဲရှဲ အော်လာသံ ကြားရပြီးနောက် ဒိန်းခနဲ မြည်သံ ပေါ်လာသည်။ ဤသို့ဖြင့် နရီ စည်းချက် မှန်မှန် ပေါ်နေသည်။

ကိုနန္ဒာသည် ထိုအသံတို့ကို နားထောင်ကာ သူ ရောက်ရှိနေရာ အရပ်ကို သူ ပြန်စဉ်းစားသည်။ သို့ရာတွင် သူ့ ခေါင်းက တစစ်စစ် ကိုက်ခဲနေသည်။ မူးဝေ နောက်ကျုလျက် ရှိသည်။

ငှက်တစ်ကောင် အော်မြည် ပျံသန်းသွားသံကိုလည်း ကြားလိုက်ရသည်ဟု သူ ထင်သည်။

စင်စစ်၌ လောကသည် လုံးဝ တိတ်ဆိတ်နေသည် မဟုတ်။ သူ့ ပတ်ဝန်းကျင်တွင် ကျောက်စရစ်ခဲ ဖြန့်သည့်နှယ် ရှိသော အသံ၊ မိုးချုန်းသည့်နှယ် ရှိသော အသံ၊ ငှက်မြည်သံတို့တော့ ရှိနေသေးသည်။

ထို့ကြောင့် ကိုနန္ဒာ ခွန်အား ပြည့်ဖြိုးလာသလို ရှိသည်။ အားတက်လာသလို ရှိသည်။

သူသည် ချမ်းစပြုလာ၏။ တဆတ်ဆတ် တုန်လာ၏။ ချမ်းသဖြင့် ကိုယ်ကို တစောင်း လှဲ၍ ကွေးမည် ပြုသည်။ သို့ရာတွင် သူ့ခန္ဓာကိုယ်သည် စောင်း၍လည်း မရ။ တစ်ကိုယ်လုံး ဒဏ်ရာတွေကြောင့် တောင့်တင်းနေသည်။ သူ့ ဒူးကလည်း ကွေးမရ။ သွေးတို့ဖြင့် စေးကပ် တင်းရင်းနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ခန္ဓာကိုယ်ကို စောင်းမည်ပြုစဉ် တစ်စုံတစ်ခုကို သူ သတိ ထားလိုက်မိသည်။ ထိုအရာမှာ သူ့ကျောပြင် အောက်က အခင်း ဖြစ်သည်။ မွေ့ရာလည်း မဟုတ်၊ မြေကြီးလည်း မဟုတ်၊ အဖုအထစ် အချွန်အတက်တွေဖြင့် ပြည့်နှက်လျက် ရှိသည့် ကျောက်ဆောင် ကျောက်ချွန်များပင် ဖြစ်ပါ၏။

ထိုအခါကျမှ ကိုနန္ဒာ မျက်လုံး ဖွင့်ကြည့်သည်။

သူ့ ခေါင်းပေါ်တွင် အမိုး မရှိ။ သူ့ ဘေးတွင် အကာ မရှိ။

ကြယ်ပွင့်တို့ ပြိုးပြက်နေသော ကောင်းကင် ဟင်းလင်းပြင်ကြီးကို သူ မြင်ရသည်။ အတားအဆီး မရှိ တဟူးဟူး တိုက်ခတ်နေသော လေ၏ အတွေ့ကို သူ ခံစားရသည်။

သူ့ ပခုံးသည် တစ်စုံတစ်ခုနှင့် ထိခိုက်သည့် အတွက် ဆတ်ခနဲ တွန့်သွားသည်။ မြွေများ ကိုက်လိုက်လေသလော။ ကိုနန္ဒာ လန့်သွားသည်။ နာကျင်ခြင်းတော့ မရှိ။ ယားကျိကျိနှင့် အခံရ ခက်သည်။

ခဏ ကြာတော့ သတ္တဝါ တစ်ကောင် သူ့ မေးအောက် လည်ပင်းပေါ်သို့ တရွရွ တက်လာသည်။ သတ္တဝါ၏ ခြေထောက်များက စူးစူး ချွန်ချွန် ပျော့ဖတ်ဖတ်။

ကိုနန္ဒာသည် သတ္တဝါကို လက်ဖြင့် ကောက်ယူ လွှင့်ပစ်ရန် ကြိုးစားကြည့်၏။ သို့ရာတွင် သူ့ လက်သည် အဝတ်စုတ်ဖတ်ကြီး သဖွယ် လေးလံနေသည်။ ကွေး၍လည်း မရ။ မ ယူ၍လည်း မရ။ မ ယူလိုက်တိုင်း လက်သည် ကျောက်ဆောင်ပေါ်သို့ ပြန်ကျသွားသည်။

လည်ပင်းပေါ်က သတ္တဝါသည် ငြိမ်သွားသည်။ ကိုနန္ဒာက ထိုသတ္တဝါကို မေးဖြင့် ညှပ်ထားသည်။ ထိုသတ္တဝါ၏ အတွေ့က မာကျောကျော လုံးလုံးဝန်းဝန်း ကျောက်ခဲလုံးလိုလို။

နောက် သတ္တဝါ တစ်ကောင်က ရင်ဘတ်ပေါ် တက်လာပြန်သည်။ အချို့က ပေါင်ပေါ်၊ ခြေထောက်ပေါ်၊ ဝမ်းဗိုက်ပေါ် တက်လာကြသည်။

ကိုနန္ဒာသည် အားယူ၍ ခေါင်းထောင်ကာ ဝမ်းဗိုက်နှင့် ရင်ဘတ်ပေါ်က သတ္တဝါများကို ကြည့်လိုက်သည်။ ကိုယ်ကို လူးလွန့်လိုက်သဖြင့် ဝမ်းဗိုက်နှင့် ရင်ဘတ်ပေါ်က သတ္တဝါများသည် ကျောက်ဆောင်ပေါ်သို့ လိမ့်ကျ သွားကြသည်။ ထိုအခါကျမှ ကိုနန္ဒာ ပြုံးလိုက်မိသည်။ မေးအောက်တွင် ညှပ်ထားသော သတ္တဝါကိုလည်း လွှတ်ပေးလိုက်သည်။ ထိုသတ္တဝါသည် ကျောက်ခဲလေး တစ်လုံးလို အောက်သို့ လိမ့်ကျသွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ခေါင်းကို စောင်းငဲ့၍ ကြည့်လိုက်သော အခါ၌ သူ့ အထက်နား ကျောက်ဆောင်ပေါ်မှ တရွေ့ရွေ့ လိမ့်ဆင်းလာကြသော ရာထောင်မက များစွာသော ဝင်ကစွပ်ကောင်များကို မြင်ရသည်။ ကျောက်စရစ်ခဲများကို အဆက်မပြတ် ဖြန့်ကြဲနေသည့်နှယ် ရှိသော အသံမှာ ရာထောင်မက များလှသော ဝင်ကစွပ်ကောင်များ၏ အသံပင် ဖြစ်၏။

'ဝင်ကစွပ်၊ မြင်ဆွတ်က ကြည်စဖွယ်၊ ဖြူ နီ ဝါ ပြာ တစ်စုနှင့်၊ ခရုထွေလာဆန်း၊ ကမ်းကွေ့ ပတ်လည်' ဆိုသော ဦးကြင်ဥ၏ ကဗျာတိုလေး တစ်ပုဒ်ကို ကိုနန္ဒာ သွား၍ အမှတ်ရသည်။

ဦးကြင်ဥက ဝင်ကစွပ်ကို 'ကြည်စဖွယ်' ဟု ဆိုသော်လည်း ကိုနန္ဒာ အဖို့ ဝင်ကစွပ်တို့သည် ကြည်စရာ မကောင်း၊ ဒဏ်ရာ ဒဏ်ချက်များဖြင့် မလှုပ်နိုင် မယှက်နိုင် ဖြစ်နေသောသူ အဖို့ ကြီးစွာသော အနှောင့်အယှက်များ ဖြစ်နေကြသည်။

ကိုနန္ဒာသည် တပ်ချီ၍ လှုပ်ရှားနေကြသော ဝင်ကစွပ်များကို ကြည့်ရာမှ ၎င်းတို့ ဆင်းလာရာ ကျောက်ဆောင် အထက်သို့ မော်ကြည့်လိုက်သည်။ မှုန်မွှားသော ကြယ်ရောင်တွင် တောရိပ်လိုလို တောင်ရိပ်လိုလို သဏ္ဌာန် တစ်ခုကို မြင်ရ၏။

ကိုနန္ဒာသည် ထို တောရိပ် သဏ္ဌာန်ဘက်ဆီသို့ ခေါင်းပြု၍ လဲနေခြင်း ဖြစ်သည်ကို ယခုမှ သတိ ထားမိသည်။

သူ့ ခြေရင်းတွင်တော့ တောရိပ် တောင်ရိပ် ဆို၍ ဘာမျှ မမြင်ရ။ မှိုင်းပြာသော မိုးကောင်းကင်ကြီးကို မြင်ရသည်။ မိုးကောင်းကင်သည် မြေကြီးနှင့် ထိစပ်လျက် ရှိသည်။ အတားအဆီး ဘာမျှ မရှိ။

တရှဲရှဲ အော်မြည်လာသံများနှင့် မိုးချုန်းသကဲ့သို့ တဝုန်းဝုန်း မြည်နေသော အသံများသည် ထို မိုးကုပ်စက်ဝိုင်းဆီမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

ကိုနန္ဒာသည် လဲနေလျက် သူ့ခြေရင်းဘက်သို့ လှမ်းကြည့်သည်။

သူ လဲကျနေသည့် နေရာသည် ကျောက်ဆောင် အစွန်း တစ်ခု ဖြစ်သည်။ သေသေချာချာ ကြည့်တော့ မိုးကုပ်စက်ဝိုင်းနှင့် ထိတွေ့လျက် ရှိသော အရာသည် မြေပြင် မဟုတ်၊ အပြော ကျယ်သော ပင်လယ် သမုဒ္ဒရာကြီး ဖြစ်ကြောင်းကို ကိုနန္ဒာ သိလာသည်။

သူ လဲကျရာ ကျောက်ဆောင်စွန်းနှင့် ပင်လယ်စပ်သည် တော်တော် ဝေးသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရေစစ်ချိန် ဖြစ်၍ ပင်လယ်ရေသည် ကမ်းနှင့် တော်တော် ဝေးနေပြီ။ တရှဲရှဲ အော်မြည်သံသည် လှိုင်းသံများ ဖြစ်၍ ဝုန်းခနဲ မြည်သံများမှာ ပင်လယ် ရေလှိုင်းတို့ ကျောက်ဆောင်များကို ရိုက်ခတ်နေသံ ဖြစ်သည်။

သူ မည်သည့် နေရာသို့ ရောက်နေသနည်း။ ဘာဖြစ်ခဲ့သနည်း။

သူ တစ်ယောက်တည်းလော။

ကိုနန္ဒာ တံတွေးကို တစ်ချက် မျိုချလိုက်၏။ ရေငတ်လှပြီ။ ရင်ထဲက ပူလှပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

# ၄

စကတည်းက ကိုနန္ဒာ သည်ခရီးကို မသွားချင်။

ဤခရီးကို သွားရလိမ့်မည်ဟု သူ နည်းနည်းလေးမျှ မထင်ခဲ့။ သွားရချင်တော့ ကြုံဖန် ဖြစ်လာသည်။

သူ့ အစ်မ၏ သား အကြီးဆုံး တင်ထွန်းအောင် ယခုနှစ် အခြေခံ ပညာရေး အထက်တန်း စာမေးပွဲ ကျပြန်သည်။

တင်ထွန်းအောင် အပထ ဖြေသည်မှာ သုံးခါ ရှိပြီ။ တစ်ခါမျှ မအောင်ခဲ့။ အထက်တန်းနှင့် အလယ်တန်းများတုန်းက တင်ထွန်းအောင် ချောချောမောမော အောင်ခဲ့သည်။ ဒီတွေ မရသည့်တိုင် နှစ်ချင်းပေါက် အောင်ခဲ့သည်ချည်း ဖြစ်သည်။ ဆယ်တန်း ရောက်လာသည့် အခါတွင် တင်ထွန်းအောင် ဖောက်လာသည်။ ဆံပင်ရှည် ထား၍ ဘောင်းဘီ ဖင်ကျပ် ဝတ်ကာ ဂစ်တာ တစ်လက်နှင့် လမ်းသလားစ ပြုသည်။ သူ့ အဖေနှင့် သူ့ အမေက နည်းနည်းမျှ မကြိုက်။

ကိုနန္ဒာကတော့ မည်သို့မျှ မပြောလို။ သူ့ခေတ်နှင့် သူဟု လွယ်လွယ်သဘော ထားလိုက်သည်။ အရှိန် ကုန်တော့ ရပ်သွားလိမ့်မည်ဟု ထင်သည်။ သို့ရာတွင် တင်ထွန်းအောင်က ဤမျှနှင့် မရပ်။ ကျောင်း တက်ချင်မှ တက်သည်။ စာ ကျက်ချင်မှ ကျက်သည်။ စာမေးပွဲ နီးလာသည့်တိုင် ဂစ်တာ တစ်လက်နှင့် သီချင်းဆို မပျက်။ နေ့ရော ညရော ဂစ်တာ တစ်လက်နှင့် အချိန်ကုန်၍ နေသည်။ ကိုနန္ဒာ နားမလည်သော 'ဝေါဟာရ' များကို ပြောကာ သူ့ သူငယ်ချင်း တစ်သိုက်နှင့် ဝင်လိုက် ထွက်လိုက် သွားလိုက် လာလိုက်နှင့် အချိန် ဖြုန်းနေသည်။

တင်ထွန်းအောင်တို့ သုံးသည့် 'ဝေါဟာရ' များကို ကိုနန္ဒာ နားလည်သည်လည်း ရှိသည်၊ နားမလည်သည်လည်း ရှိသည်။

ဤသည်ကိုလည်း ကိုနန္ဒာ ဘာမျှ မပြောလိုသေး။ သူ့ခေတ်နှင့် သူဟု သဘော ထားကြည့်သည်။ သို့ရာတွင် သူတို့ 'ဝေါဟာရ' တစ်လုံးကို ကြား

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ရသည့် အခါ၌ ကိုနန္ဒာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ မျက်နှာ တွေ ထူပူ ဖိန်းရှိန်းသွားသည်။

တင်ထွန်းအောင်က သူ့ အမေနှင့် သူ့ အမေ့မောင် ကိုနန္ဒာ ရှေ့တွင် သုံးနှုန်းလိုက်သော အခါ ကိုနန္ဒာသည် သူ့အစ်မ မျက်နှာကိုပင် မည်သို့ ကြည့်ရမည် မသိအောင် အနေရ ခက်သည်။

စင်စစ်တော့ တင်ထွန်းအောင်သည် သူတို့ 'ဝေါဟာရ' ကို သုံးနှုန်း၍ ကိုနန္ဒာတို့ကို စကား ပြောခြင်း မဟုတ်။ သူ့ သူငယ်ချင်း ရဲမြင့်ကို လှမ်းပြောလိုက်ခြင်းသာ ဖြစ်သည်။

ရဲမြင့်မှာ ရန်ကုန်တွင် လူသိများသော ဝတ်လုံကြီး တစ်ဦး၏ သား ဖြစ်သည်။ တင်ထွန်းအောင်နှင့် အရွယ်တူ အတန်းတူ ဖြစ်သည်။

ထိုစဉ်က တင်ထွန်းအောင်နှင့် ရဲမြင့်သည် ဟီတာချီ ကက်ဆက်ကို ဖွင့်ကာ စတီရီယို အဆိုကျော် မိန်းကလေး တစ်ဦး၏ သီချင်းကို နားထောင်နေကြသည်။

ထိုမိန်းကလေး၏ သီချင်းများကို ကိုနန္ဒာ နားထောင်ဖူးသည်။ အနောက်တိုင်း တေးသွားများ အလိုက် ပုံတူ ကူး၍ ထားသော စတီရီယို သီချင်းများကို ကိုနန္ဒာ သဘောမကျ။ သို့ရာတွင် စည်း သွက်သည်။ အသံ ဆန်းသည်။ အဆိုကျော်တွေက ဆိုပေါက် ဆိုလက် ရဲတင်း သွက်လက်သည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် ကိုနန္ဒာလည်း သူတို့နှင့် အတူ ရောယောင် နားထောင်လေ့ ရှိသည်။ သူ မသိသေးသော အဆိုကျော် ဆိုလျှင် သူတို့ထံ မေးမြန်း ကြည့်ရသည်။

ယခုလည်း ကိုနန္ဒာနှင့် သူတို့ နှစ်ယောက် စတီရီယို တေးသံကို နားထောင်နေကြသည်။ တင်ထွန်းအောင် အမေသည် ခပ်လှမ်းလှမ်းတွင် မီးပူ တိုက်နေသည်။

သီချင်းမှာ နာမည်ကျော် မိန်းကလေး အဆိုကျော် တစ်ယောက်၏ သီချင်း ဖြစ်သည်။ ဤအတွင်း တင်ထွန်းအောင် ပါးစပ်က ထွက်လာသော စကား တစ်လုံးကြောင့် ကိုနန္ဒာ မျက်နှာတွေ ထူပူ ရှိန်းဖိန်းသွားသည်။

'ဟေ့ကောင် ရဲမြင့်၊ ဒီစော်ရဲ့ အသံက သိပ် ညှုတယ်ကွ'

ကိုနန္ဒာသည် တင်ထွန်းအောင်ကို လှမ်းကြည့်လိုက်သည်။

တင်ထွန်းအောင်၏ မျက်နှာ၌ ပွေလီ ဆန်းပြားသော အမူအရာ မရှိ။ ပကတိ ရိုးသားသော အသွင်ကို ဆောင်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'နင်တို့ စကားတွေကလည်း ဟယ်'

တင်ထွန်းအောင် အမေသည် ဤမျှ ပြောကာ နောက်ဖေးသို့ ထသွား၏။ သူ့ မျက်နှာသည် နီရဲလျက် ရှိသည်။ ကိုနန္ဒာသည် အစ်မ၏ အခြေအနေကို အကဲခတ်လိုက်မိသည်။

'ဘာလဲကွ၊ မင်တို့ စကားတွေက'

ကိုနန္ဒာလည်း မေးလိုက်သည်။ တင်ထွန်းအောင်က သူ့ဘက်သို့ လှည့်၍ ရယ်သည်။

ထို့နောက် ကိုနန္ဒာကို အထင် သေးသော အကြည့်ဖြင့် ကြည့်သည်။

'ဦးလေးကလည်း တုံးလိုက်တာ၊ ဒါမှ နားမလည်ဘူးလား'

ရဲမြင့်ကလည်း ကိုနန္ဒာကို ပြုံး၍ ကြည့်သည်။ စင်စစ် သူတို့ နှစ်ယောက်နှင့် ကိုနန္ဒာသည် အသက် သိပ် မကွာလှသေး။ သူတို့ နှစ်ယောက်က ၂၀ ပတ်ဝန်းကျင်တွင် ရှိ၍ ကိုနန္ဒာက ၃၀ ပတ်ဝန်းကျင်၌ ရှိသေးသည်။

သို့ရာတွင် ဆယ်နှစ်လောက်မျှသာ ကွာခြားသည့်တိုင် သူတို့ နှစ်ယောက်သည် ကိုနန္ဒာကို ခေတ် နောက်ကျသူဟု ထင်နေကြပြီ။ ခေတ် ရေစီးကြောင်းတွင် သောင်တင် ကျန်ရစ်ပြီဟု ထင်နေကြပြီ။

'ဆိုစမ်းပါဦး၊ မင်းတို့ စကားလုံး အဓိပ္ပာယ်ကို'

'စော် ဆိုတာ မိန်းကလေးကို ပြောတာ ဦးလေးရ'

ရဲမြင့်က ဖြေသည်။

'ဟေ စော် ဆိုတာ မိန်းကလေး'

ကိုနန္ဒာသည် မျက်ခုံးကို ပင့်ကာ ပါးစပ် ဟောင်းလောင်းနှင့် ဖြစ်နေသည်။ ဤ စကားလုံးကို အမေ့ရှေ့ အဖေ့ရှေ့ မရှောင် သူတို့ ပါးစပ်က ရက်ရက်ရောရော ထွက်နေသည်မှာ သူတို့ အဓိပ္ပာယ်နှင့် သူတို့တော့ မှန်နေသည်။ မထွက်ရဲစရာ ဘာမျှ မရှိ။

သို့ရာတွင် ကိုနန္ဒာ အဖို့တော့ ဤ စကားလုံးသည် ပါးစပ်မှ ထွက်ရဲစရာ မရှိသော စကားလုံး ဖြစ်သည်။ ကိုနန္ဒာတို့ ခေတ်က 'စော်' ဟူသော စကားလုံးသည် မိန်းမတို့၏ မအပ်မရာကို ခေါ်ခြင်း ဖြစ်သည်။ ယခု တင်ထွန်းအောင်တို့ ခေတ်ကျတော့ 'စော်' ဆိုသော ဝေါဟာရသည် ထိုသို့ အဓိပ္ပာယ် မထွက်တော့။ 'မိန်းကလေး' ဟူသော သာမန် အနက်မျှသာ ထွက်တော့သည်။ ဆယ်နှစ်လောက် အတွင်း ဝေါဟာရ တစ်လုံး၏ အနက်သည် ဤမျှ ပြောင်းသွားရသလောဟု ကိုနန္ဒာ အံ့သြရသည်။



mgyoe.com

mgyoe.com SAMPLE BOOK

တင်ထွန်းအောင်နှင့် ရဲမြင့်သည် မျက်လုံး အပြူးသား၊ ပါးစပ် အဟောင်းသား ဖြစ်နေသော ကိုနန္ဒာကို ကြည့်၍ ရယ်လိုက်ကြသည်။

'ဘာဖြစ်လို့လဲ ဦးလေးရ'

ကိုနန္ဒာ တံတွေးကို မျိုချကာ

'ဘာမှ မဖြစ်ပါဘူးကွာ၊ ဘာမှ မဖြစ်ပါဘူး၊ မသိလို့ မေးကြည့်တာပါ'



mgyoe.com

mgyoe.com SAMPLE BOOK

# ၄

တင်ထွန်းအောင်နှင့် ရဲမြင့်တို့ အုပ်စုကို မြင်လိုက်ရ ကတည်းက ကိုနန္ဒာ အကဲခတ်မိသည်။

သူတို့ အပေါင်းအသင်းများမှာ များသောအားဖြင့် အရာရှိကြီးများ၏ သားသမီးများ ဖြစ်ကြသည်။ တင်ထွန်းအောင်၏ အဖေ ဦးလှမြင့်သည် အစိုးရစက်မှု လုပ်ငန်း ဌာနကြီး တစ်ခုတွင် အင်ဂျင်နီယာကြီး တစ်ဦး ဖြစ်သည်။ မြို့သစ် တစ်ခုတွင် အစိုးရထံမှ ဝယ်သော ကိုယ်ပိုင် တိုက်၊ အစိုးရက ထုတ်ပေးသော ဖယ်မလီယာကား၊ ရေဒီယို၊ ကက်ဆက် စသည့် ခေတ်ပေါ် အသုံးအဆောင် အကုန် ရှိသည်။ တင်ထွန်းအောင်၏ အပေါင်းအသင်းများမှာလည်း လခ ထောင်ကျော်စား အရာရှိကြီးများ၏ သားသမီးများသာ ဖြစ်ကြသည်။

သူတို့မှာ စား ဝတ် နေ ရေး မပူရ။ တက်ထရွန် ရှပ်အင်္ကျီ၊ နိုင်လွန်စပို့ရှပ်၊ တက်ထရက် ဘောင်းဘီ ထည်လဲ ဝတ်နိုင်သည်။ မော်တော်ကားဖြင့် ကျောင်းတက်နိုင်သည်။ အိမ်တွင် ကက်ဆက် တိပ်ရီကော်ဒါ စသည့် အသုံးအဆောင်များ အစုံ ရှိသည်။ အကောင်းဆုံး ကျောင်းများတွင် နေကာ အပြင်ဘက် နာမည် အကြီးဆုံး အလွတ်ပညာသင် ကျောင်းများတွင် နေနိုင်သည်။

သို့ရာတွင် ပညာကို သူတို့ ကောင်းကောင်း မသင်ကြ။ ဂျိမ်းစ် ဘွန်း ရုပ်ရှင်ကားများကို သုံး လေးခါ ပြန်ကြည့်ကြသည်။ ရုပ်ရှင်ထဲက ဂျိမ်းစ် ဘွန်း မင်းသား ရှောင်ကွန်နရီလို ပခုံး တွန့်ကြသည်။

နေ့ခင်း မရှောင် လူတကာ အိမ်လှေကားရင်း သွားကာ ဂစ်တာ တီးပြီး ကပ္ပလီ အဆိုတော်တို့၏ အသံမျိုးဖြင့် သီချင်း ဆိုကြသည်။ တစ်ခါတစ်ရံ အုပ်စု ဖွဲ့၍ ရိုက်ကြသည်။ ရည်းစား ထည်လဲ ထားကြသည်။ နံပါတ်ဖိုးနှင့်တော့ တွေ့ကြဟန် မတူသေး။

သူတို့ ကျောင်းသား ဘဝနှင့် ကိုနန္ဒာ့ ကျောင်းသား ဘဝမှာ မိုးနှင့် မြေလို ကွာသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ကိုနန္ဒာတို့တွင် မောင်နှမ လေးယောက် ရှိသည်။ အဖေ၊ အမေ မရှိတော့။ အစ်မ အကြီးဆုံးက တင်ထွန်းအောင်၏ အမေ ဒေါ်တင်တင်လှ။ ဒေါ်တင်တင်လှက သူ့ထက် ဆယ်နှစ်လောက် ကြီးသည် ထင်သည်။ ၁၉၅၀-၅၁ ခုနှစ်လောက်တွင် ရန်ကုန် တက္ကသိုလ်သို့ ရောက်သည်။ သို့ရာတွင် မမလှသည် ပညာ အကျိုး မပေး။ ဥပစာတန်းတွင် နှစ်ခါ ကျပြီး ကျောင်း ထွက်လိုက်ရသည်။ ထိုအတောအတွင်း အဖေ ဆုံး၍ သိမ်ကြီးဈေးထဲတွင် အမေနှင့် အတူ အထည်ဆိုင်ကလေး တစ်ဆိုင် ဖွင့်ပြီး အိမ်ထောင့် တာဝန်ကို ထမ်းရသည်။

ထိုစဉ်က ကိုနန္ဒာမှာ ဆယ့်သုံးလေးနှစ်သားသာ ရှိဦးမည်။ အတန်းက သတ္တမတန်း၊ တင်တင်လှ အောက် တင်တင်မြက မက်ထရစ်၊ တင်တင်မြ အောက် ထွန်းမြင့်က ရှစ်တန်း။

မမလှသည် အမေနှင့် အတူ သိမ်ကြီးဈေးတွင် အထည် ရောင်းရင်း သူ့ထက် အငယ်တွေကို ပညာ သင်ပေးခဲ့သည်။ သည်အတောအတွင်း မေမေ မမာတော့ သူ့သမီးကြီး အတွက် စိတ်အေးရအောင် ဆိုပြီး ကိုလှမြင့်နှင့် အိမ်ထောင် ချခဲ့သည်။ ကိုလှမြင့်က ဘီအက်စ်စီ အင်ဂျင်နီယာ အောင်၍ ခရိုင်မြို့ တစ်မြို့တွင် လမ်းဝန်ထောက် လုပ်နေသည်။ မမလှ အိမ်ထောင် မကျမီ လုံးပါး ပါးနေသော သိမ်ကြီးဈေးက အထည်ဆိုင်သည် မမလှ အိမ်ထောင်ကျသော အခါ လုံးဝ ပြုတ်သွားသည်။ မမလှ သူ့ယောကျ်ားနောက် လိုက်သော အခါ ရန်ကုန်တွင် ကိုနန္ဒာတို့ သားအမိ လေးယောက်သာ ကျန်ရစ်ခဲ့သည်။ ကိုထွန်းမြင့်က ပညာ စကောစကနှင့် ကျောင်းမှ ထွက်၍ အောက်တန်း စာရေး ဝင်လုပ်ရသည်။ မေမေသည် တစ်ဖက်က ရှိစုမဲ့စု ကလေးကို ထုခွဲ ပေါင်နှံ ရောင်းချ၍ သူတို့ မောင်နှမကို ကျောင်းထားပြီး ကိုထွန်းမြင့်၏ လခ၊ ဖေဖေ့ ပင်စင် လခကလေးဖြင့် အိမ်စရိတ်ကို ဖာထေးရသည်။ တစ်ခါတစ်ရံ မမလှက တစ်ရာမျိုး နှစ်ရာမျိုး ပို့သည်။ ငွေ မပို့နိုင်လျှင်လည်း ဆီ၊ ဆန် စသည်တို့ကို ပို့ပေးတတ်သည်။

မေမေသည် သူ့ မျက်စိ နှစ်လုံး ပိတ်မသွားခင် သူ့ သားသမီးတွေကို အခြေတကျ ဖြစ်စေချင်သည်။ ဘွဲ့တွေ၊ ရာထူးတွေနှင့် ဖြစ်စေချင်သည်။ ကြက်သားအုပ်မကြီး ထိန်းသလို သားသမီးတွေကို ထိန်းသည်။ သို့ရာတွင် မေမေ့ ဆန္ဒ ကောင်းကောင်း မပြည့်။ အလတ်မ တင်တင်မြ ဘီအေ အောင်သည့် နှစ်တွင် မေမေ ဆုံးသည်။ မေမေ ဆုံးပြီး နောက်တစ်နှစ်တွင် တင်တင်မြ

mgyoe.com

mgyoe.com SAMPLE BOOK

လည်း တက္ကသိုလ်မှ ဆရာ တစ်ဦးနှင့် လက်ထပ်သည်။ ကိုထွန်းမြင့်လည်း နောက် နှစ်နှစ်လောက်တွင် သက်ကြီး တက္ကသိုလ် တက်ရင်း ဘီအေ အောင် ကာ သူတို့ ရုံးမှ စာရေးမ တစ်ယောက်နှင့် လက်ထပ်သည်။

ခက်သည်က ကိုနန္ဒာ။

မေမေ ဆုံးတော့ ကိုနန္ဒာ မက်ထရစ်တွင် ရောက်နေသည်။ မေမေ ဆုံး ခြင်းသည် ကိုနန္ဒာတို့ မိသားစု အဖို့ အကြီးမားဆုံးသော ထိုးနှက်ချက် ဖြစ် သည်။ အစ်မလတ် တင်တင်မြကို ဘီအေ အောင်သည် အထိ ကိုထွန်းမြင့်က ဆက်၍ ထောက်ပံ့ရသည်။ သို့ရာတွင် သူ ဘီအေ အောင်၍ အလုပ် ရသည့် အခါကျတော့ သက်ကြီး တက္ကသိုလ်တွင် ပညာ တစ်ဖက်၊ ရုံးအလုပ် တစ် ဖက်ဖြင့် နပန်း လုံးနေရသည့် ကိုထွန်းမြင့်ကို ထောက်ပံ့ဖို့ ဝေးစွ၊ ယောကျ်ား ယူကာ ယောကျ်ားနောက် ကောက်ကောက် ပါအောင် လိုက်သွားသည်။

ကိုထွန်းမြင့် သဘောက မည်သို့ ရှိမည် ကိုနန္ဒာ မသိ။ သို့ရာတွင် ကို နန္ဒာကမူ အစ်မလတ် တင်တင်မြသည် တစ်ကိုယ်ကောင်း ဆန်သည်ဟု ထင် သည်။ ကျိတ်၍ စိတ်နာသည်။ စိတ်လိုလက်ရ တစ်ခါ နှစ်ခါ ကိုနန္ဒာ့ အတွက် အင်းလေး လုံချည်ကလေး တစ်ထည်စ၊ တက်ထရွန် အင်္ကျီစလေး တစ်စ လောက်တော့ ဝယ်ပေးတတ်သည်။ သို့ရာတွင် ကိုနန္ဒာ လက်မခံ။ မဝတ်။ 'ကိုလေး ဝတ်'ဟု ဆိုကာ ကိုထွန်းမြင့်ကို ပေးလိုက်သည်။ သူကတော့ ဖြစ် သလို ဝတ်သည်။ ဖြစ်သလို စားသည်။

ကိုထွန်းမြင့်၏ စိတ်ကူးမှာ ကိုနန္ဒာကို ဘွဲ့ရအောင် သင်စေမည်။ ကိုနန္ဒာ ဘွဲ့ရလျှင် သူလည်း အိုးအိမ်နှင့် အတည်တကျ နေတော့မည်။ ကိုနန္ဒာသည် မက်ထရစ်ကို နှစ်ချင်းပေါက် အောင်ခဲ့သော်လည်း သတ္တဗေဒ အဓိကဖြင့် သိပ္ပံ ဒုတိယနှစ်တွင် သုံးနှစ် ဆက်ကျသည်။ ဆက်တိုက် ကျသောအခါ ကိုထွန်းမြင့် လည်း သူ့ စီမံကိန်းကို ဖျက်ရသည်။ သူ့ချစ်သူကလည်း လက်ထပ်ရန် ပူဆာ လှပြီ။

ကိုနန္ဒာသည် သူ့အစ်ကို ကိုထွန်းမြင့်ကို အားနာသည်။ သူလည်း အရွယ် ရောက်ပြီ။ ပညာ စုံပြီ။ အိုးနှင့် အိမ်နှင့် အခြေတကျ နေထိုင်တော့မည်။ ထို့ ကြောင့် သူ့ အတွက် ဘာမျှ ငဲ့ကွက်စရာ မလို။ လွတ်လွတ်လပ်လပ် ဆုံးဖြတ် ရန် တိုက်တွန်းသည်။ သို့ရာတွင် သူတို့ မိသားစု ဖရိုဖရဲ ဖြစ်သွားရသည့် အဖြစ်ကိုတော့ ကိုနန္ဒာ ဝမ်းနည်းသည်။ နာကြည်းသည်။ ခေတ်ကိုလော၊ စနစ် ကိုလော ဆိုသည်ကိုမူ သူ မသိ။ ထိုအကြောင်းကို စဉ်းစားလိုက်တိုင်း သူ့

mgyoe.com

mgyoe.com
SAMPLE BOOK

မျက်စိထဲတွင် အစ်မလတ် တင်တင်မြ၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်လာသည်။ သူ မငဲ့ညှာသည့် အတွက် ဖြစ်ရသည်ဟု အစ်မလတ် တင်တင်မြကိုသာ အသည်း နာသည်။

ကိုနန္ဒာ အသည်း နာမည် ဆိုလျှင်လည်း နာထိုက်သည်။ သူတို့ မောင်နှမထဲတွင် အကြီးပွားဆုံးမှာ တင်တင်မြတို့ အတွဲ ဖြစ်သည်။ အစ်မကြီး တင်တင်လှတို့မှာ ဝင်ငွေ ဆို၍ သူ့ ယောကျ်ား၏ ဝင်ငွေသာ ရှိသည်။ ကလေးတွေကလည်း များသည်။ တင်တင်မြတို့မှာ နှစ်ဦးစလုံး ဝင်ငွေ ရှိကြသည်။ ယခုဆိုလျှင် တင်တင်မြမှာ ကောလိပ် တစ်ခုတွင် ကထိက။ အမေရိကန်တို့၊ အင်္ဂလန်တို့ကလည်း ပြန်လာပြီ။ သူ့ ယောကျ်ားကလည်း အရှည်ကို မြင်တတ်သူ ဖြစ်သည်။ ခေတ်တိုင်း ခေတ်တိုင်းတွင် အာဏာရသူတို့နှင့် တည့်အောင် ပေါင်းတတ်သည်။ 'ဟိုကွေ့ကို ဟိုတက်နှင့် လှော်၊ သည်ကွေ့ကို သည်တက်နှင့် လှော်' ဟု သူ့ ယောကျ်ားက သြဝါဒ ပေးတတ်သည်။

ပါလီမန် ခေတ်က သူ့ ယောကျ်ားသည် တက္ကသိုလ် အဆောင် တစ်ဆောင်တွင် အဆောင်မှူး လုပ်သည်။ ကျောင်းတွင် ဆရာ လုပ်သည်။

သို့ရာတွင် ကျောင်းဆရာ လခ ဆိုသည်မှာ သူ့အတွက် အလကား။ လက်ဖက်ရည်ဖိုး သာသာမျှသာ ဖြစ်သည်။ သူ့ အဓိက အလုပ်မှာ အာဏာ ရသူများနှင့် ပေါင်းကာ ကျောင်းဆောင်များရှိ ထမင်းစားရုံများသို့ ထင်း၊ အသား၊ ဟင်းသီးဟင်းရွက် စသည်တို့ ကန်ထရိုက် သွင်းခြင်း ဖြစ်သည်။

ထို့နောက်တွင် သူနှင့် တန်းတူများ၊ အရည်အချင်းတူများ မမျှော်မှန်းနိုင်သေးသော ရာထူး ကြီးကြီး တစ်ခုကို ရသွားသည်။ ယခုတော့ ပါရမီ ရိပ်သာတွင် ကိုယ့်ဝင်း၊ ကိုယ့်ခြံ၊ ကိုယ်ပိုင်ကား (အစိုးရ ကားက သတ်သတ် ရသေးသည်။)၊ တစ်ထပ်တိုက်တို့ဖြင့် ရန်ကုန် အထက်တန်းလွှာတွင် အရေးကြီး ပုဂ္ဂိုလ် တစ်ယောက် ဖြစ်နေပြီ။

ဤမျှ ကြီးသော ရာထူးကို မည်သို့ ရသွားသည်ကိုတော့ ကိုနန္ဒာ မသိ။ 'သည်ကွေ့ သည်တက်နှင့် လှော်သည့် နည်း' ပင် ဖြစ်လိမ့်မည်ဟု ကိုနန္ဒာ ထင်သည်။

သူ့အစ်ကို ကိုထွန်းမြင့်တို့ လင်မယားက ကျောက်မြောင်းတွင် အခန်းကလေး တစ်ခန်း ငှားနေသည်။ ကလေးတွေကလည်း လေး ငါးယောက်။ ကိုထွန်းမြင့်က ရုံးအုပ်၊ သူ့မိန်းမက အထက်တန်း စာရေး။

ဤတွင် ကိုနန္ဒာ နေရေးထိုင်ရေး ပြဿနာ ပေါ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သိပ္ပံ ဒုတိယနှစ်တွင် ကိုနန္ဒာ ကျသည်မှာ သုံးခါ ရှိပြီ။ သူ့အစ်ကို ကိုထွန်းမြင့်သည် ကိုနန္ဒာ နှစ်ခါ ကျသည် အထိ တတ်နိုင်သမျှ ကလေးနှင့် ကျောင်းထားပေးသည်။ အစ်မကြီး တင်တင်လှကလည်း ထောက်ပံ့သည်။ အစ်မ လတ် တင်တင်မြကတော့ ဝေလာဝေး။

သုံးခါ ကျလာတော့ ကိုထွန်းမြင့် မတတ်နိုင်တော့။ ကိုနန္ဒာ့ဘက်ကလည်း သူ့အစ်ကိုကို ငဲ့ညှာရမည်။ အလိုက် သိရမည်။ သူ့ အတွက် သူတစ်ပါးတွင် တာဝန် မတက်စေချင်။ သူ့ အသက်ကလည်း အစိတ်နားသို့ ကပ်လာပြီ။

အသက် အစိတ်လောက် ရောက်သည် အထိ သူတစ်ပါးကို မှီခိုနေရသည် ဆိုလျှင် အမှီခို ခံရသူကလည်း (မည်မျှ ကောင်းသည် ဆိုစေ) မျက်နှာ ညို ချင်သည်။ မှီခိုရသူကလည်း မကောင်း။ မျက်နှာ ငယ်ရသည်။ ဤအထဲတွင် ကိုထွန်းမြင့်ကလည်း ချောင်ချောင်လည်လည် ရှိလှသူ မဟုတ်။ သူ့မိန်းမကို လည်း အားနာရသေးသည်။

သို့ဖြစ်လျှင် ကိုနန္ဒာ ဘယ်သွားမည်နည်း။

ကိုနန္ဒာသည် တစ်သက်တွင် ပထမဆုံး အကြိမ် သူ့ ဘဝ လမ်းကို သူ ရွေးတော့မည်။ မည်သူ့ကိုမျှ အားကိုး၍ မဖြစ်။

အစ်မကြီး တင်တင်လှတို့ ရန်ကုန်သို့ ရောက်သည် မှန်သည်။ သို့ရာတွင် သူတို့မှာ သားတွေ သမီးတွေ တစ်ပုံကြီး။ သို့ဖြင့် ယောက်ဖထံ မှီခို စားရသည့် အဖြစ်မျိုးကိုလည်း ကိုနန္ဒာ ရှက်သည်။ အစ်မလတ် တင်တင်မြတို့ကိုမူ စဉ်းစား စရာပင် မလိုတော့။

တစ်ခါက စာမေးပွဲ အတွက် အလွန် အရေးတကြီး အသုံး လို၍ အစ်ကို ကိုထွန်းမြင့် ထောက်ခံချက်ဖြင့် ငွေ တစ်ရာ သွား၍ တောင်းဖူးသည်။ တောင်း သည် ဆိုသော်လည်း တကယ်က ချေးငှ လှည့်ခြင်းသာ ဖြစ်သည်။ သို့ရာတွင် တင်တင်မြက ခြုံးသံပါအောင် ညည်းကာ ငွေ အစိတ်ကို ထုတ်ပေးသည်။ ပြန် ဆပ်စရာ မလို၊ ဤမျှသာ တတ်နိုင်သည်ဟု ဆိုကာ မတတ်သာ၍ စွန့်ကြဲရ သည့် သဘောမျိုး ပြောလိုက်သည်။

စင်စစ် တင်တင်မြသည် ငွေ အစိတ်လောက်တော့ ဆုံးလိုလည်း ဆုံးစေ၊ ကိုယ့် ပိုက်ဆံနှင့် ကိုယ်တော့ အမုန်း မခံပြီ ဆိုသည့် သဘောဖြင့် စွန့်ကြဲ လိုက်ခြင်းသာ ဖြစ်သည်။ ဤသည်ကို ကိုနန္ဒာလည်း ရိပ်မိသည်။ ထို့ကြောင့် သူ ပေးသော ငွေ အစိတ်ကိုလည်း မယူ။ တင်တင်မြနှင့်လည်း ထိုကတည်းက အဆက် ပြတ်ပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

သည်ကတည်းက ကိုနန္ဒာ လောကကို နာကြည်းစ ပြုသည်။ မောင်နှမ သားချင်း ဆိုသည်မှာလည်း အလကားဟု ထင်လာသည်။ မောင်နှမ သားချင်း ချစ်ခင်ကြသည် ဆိုသည်မှာ မိဘ အုပ်ထိန်းမှု အောက်တွင် ရှိသည့် အရွယ်၊ လူရေးလူရာကို မသိသေးသည့် အရွယ်၊ အပြစ် ကင်းတုန်း အရိုးသားဆုံး အရွယ်တွင်တော့ ဟုတ်ကောင်း ဟုတ်မည်။ သို့ရာတွင် အရွယ် ရောက်၍ ကိုယ့်အိုး ကိုယ့်အိမ်နှင့် ဖြစ်လာကြပြီ ဆိုတော့ ဘယ်သူ့ ဘယ်သူမှ ထောက်ထားကြတော့သည် မဟုတ်၊ ကိုယ့်ဖို့ ကိုယ်သာ ကြည့်ကြသည်ဟု ကိုနန္ဒာ ကောက်ချက် ဆွဲလိုက်သည်။

ကိုနန္ဒာ မည်သူ့ကိုမျှ အားမကိုးချင်။ ထို့ကြောင့် အလုပ်သမား မှတ်ပုံတင် ရုံးသို့ ပြေး၍ တန်းစီသည်။ သို့ရာတွင် အားမရှိလှ။ သူ့ ရှေ့တွင် ဝိဇ္ဇာဘွဲ့ရ၊ သိပ္ပံ ဘွဲ့ရတွေ တစ်ပုံကြီး ရှိသည်။ သူလို သိပ္ပံ ဒုတိယနှစ် နှစ်ခါကျတစ်ယောက် အဖို့ နေရာ မရှိ။

အစ်ကို ကိုထွန်းမြင့် အိမ်ကိုလည်း သိပ်မပြန်ချင်။ သွားရမည့် နေရာလည်း မရှိ။ ရန်ကုန်မြို့ပေါ်တွင် ကုန်းကြောင်းချည်း လျှောက်နေရသည်။ သည်တုန်းမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ကပ်နေသော သူနှင့် တန်းတူ သူငယ်ချင်း တစ်ယောက်ကို သွားတွေ့သည်။ မက်ထရစ်တုန်းက တန်းတူဖြစ်သော်လည်း သူက ယခု ဝိဇ္ဇာ တတိယနှစ် ရောက်နေပြီ။

ကိုနန္ဒာသည် သူငယ်ချင်းနှင့် ဘုန်းကြီးကျောင်းသို့ လိုက်နေသည်။ စားရေး သောက်ရေး မပူပင်ရ။ ဆွမ်းကျန်တော့ စားရသည်။ အိပ်စရာကလည်း ကိုနန္ဒာလို လူ ဆယ်ယောက်လောက် လာအိပ်သည့်တိုင် နေရာလွတ်တွေ တစ်ပုံကြီး ရှိသေးသည်။

ကိုနန္ဒာသည် သူ့ အစ်ကိုကိုတော့ ဘုန်းကြီး ကျောင်းမှာ နေသည်ဟု မပြော၊ သူငယ်ချင်းတွေ စုငှားနေသည့် ဘော်ဒါအိမ် တစ်အိမ်တွင် နေသည်ဟု လိမ်ပြောထားသည်။ ကိုထွန်းမြင့်သည် ထိုအဖြေကို ကျေနပ်၍လော၊ သို့တည်းမဟုတ် တာဝန် မယူနိုင်သည့် အတူတူ မသိလိုက် မသိဘာသာ နေခြင်းက ကောင်းသည် ထင်၍လော မပြောတတ်၊ ဆိတ်ဆိတ် နေသည်။

စားရေးနှင့် နေရေး ထိုင်ရေး အတွက်က မပူရသည်မှာ မှန်သည်။ သို့ရာတွင် ကိုနန္ဒာ လက်ဖက်ရည်ဖိုးကလေးမျှ မရှိ။ ဆေးလိပ်ဖိုးကလေးမျှ မရှိ။ ယုတ်စွအဆုံး ဘတ်စ်ကားခကလေးမျှပင် မရှိ။ မြို့ထဲသို့ သွားလိုလျှင် ခြေကျင် လျှောက်ရသည်။ သည်အထဲတွင် အစ်ကိုတွေ၊ အစ်မတွေ အထင်သေး

mgyoe.com

mgyoe.com SAMPLE BOOK

သည်ကို မခံချင်သဖြင့် တက္ကသိုလ်က ဘွဲ့ကလေး တစ်ခု ရအောင်လည်း ကြိုး စားချင်သေးသည်။ သို့ရာတွင် ကျောင်းစရိတ် မရှိ၊ စာအုပ်ဖိုး မရှိ။

တစ်နေ့သော် ဗိုလ်ချုပ်လမ်း ပလက်ဖောင်းတွင် စာအုပ် ရောင်းနေသော သူငယ်ချင်း တစ်ယောက်နှင့် သွားတွေ့သည်။ သူက ကိုနန္ဒာကို သူနှင့် အတူ လာ၍ စာအုပ် ရောင်းဖို့ ခေါ်သည်။ ကိုနန္ဒာတွင်လည်း စာအုပ် အဟောင်း ကလေး တချို့ ရှိသည်။ နှစ်ယောက် ပေါင်းလိုက်သော အခါ အင်္ဂလိပ် စာ အုပ်၊ မြန်မာ စာအုပ် တော်တော်ကလေး စုံသည်။ ရှားရှားပါးပါး စာအုပ်မျိုး ဆိုလျှင် ဈေးတင် ရောင်းသည်။ ရသည့် ငွေကလေးဖြင့် ရှားရှားပါးပါး စာ အုပ်များကို လိုက်ဝယ်သည်။ ပြန်ရောင်းသော အခါ တချို့ စာအုပ်ကို အစိတ် မျိုး သုံးဆယ်မျိုး ရသည်။ ပျမ်းမျှ တစ်ယောက်လျှင် တစ်နေ့ကို တစ်ဆယ် နီးပါးလောက် စည်သည်။

စင်စစ် သူ့ နာမည်ရင်းက ကိုနန္ဒာ မဟုတ်။ စိုးထွန်း ဖြစ်သည်။

ကိုနန္ဒာ ဆိုသည်မှာ သူ့ ကလောင် နာမည် ဖြစ်သည်။ ကလောင် နာမည် ဆိုသည့်တိုင် ကြီးကြီးကျယ်ကျယ် ထင်ရှားသည့် ကလောင် နာမည် မဟုတ်။ သူ့ သူငယ်ချင်းတွေ စထုတ်သော ကဗျာ စာအုပ်ကလေး တစ်အုပ်တွင် ကိုနန္ဒာ ကဗျာ ရေးသည်။ မောင်နန္ဒာ ဟူသော ကလောင် အမည်ကို ထည့်လိုက်သည်။

ထိုအခါမှ စ၍ ကိုနန္ဒာ ဟူသော အမည်ကို သူကလည်း နှစ်နှစ်ခြိုက်ခြိုက် ခံယူသည်။ သူ့ သူငယ်ချင်းတွေကလည်း ထိုနာမည်ဖြင့်ပင် သူ့ကို ခေါ်သည်။ အစက 'ကဗျာဆရာ ကိုနန္ဒာ' ဟု အပြောင် အပြက် ခေါ်ကြခြင်း ဖြစ်သည်။ ကဗျာဆရာ ဆိုတော့လည်း သူ စိတ်မလုံ။ ကဗျာတွေ ရေး၍ မဂ္ဂဇင်းများသို့ ပို့သော်လည်း သူ့ ကဗျာများမှာ တစ်ခါမျှ ပုံနှိပ် စာလုံး ဖြစ်မလာကြသေး။

သို့ရာတွင် ကိုနန္ဒာ စိတ်မပျက်။ သူ စပ်သည်က 'ကာရန်မဲ့' ဟု တချို့က ခေါ်ကြသော 'ခေတ်ပေါ် ကဗျာ'။ သည် ကဗျာမျိုး ဘယ်မဂ္ဂဇင်းကမှ ထည့် မည် မဟုတ်ဟု သူ သိပြီး ဖြစ်သည်။

ကိုနန္ဒာသည် ဘယ်မဂ္ဂဇင်းကမှ မထည့်သော ကဗျာများကို ဗလာ စာ အုပ် တစ်အုပ်တွင် ရေးကာ သူ့မိတ်ဆွေ သူငယ်ချင်းများကို ဖတ်စေသည်။

တစ်ခါတစ်ရံ သူ့ ကဗျာကို ဖတ်ပါမည့် အကြောင်း လက်ဖက်ရည်ပင် တိုက်လိုက်ရသေးသည်။

ထို့ကြောင့် 'လက်ဖက်ရည် သောက်ချင်ရင် ကိုနန္ဒာ့ ကဗျာကို သွားဖတ်' ဟု သူငယ်ချင်းများက ပြောစမှတ် ပြုကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုနန္ဒာသည် ကဗျာ ရေးလိုက်၊ စာအုပ် ရောင်းလိုက် လုပ်နေသော်လည်း စာမေးပွဲကို ဖြေမြဲ ဖြေသည်။ သတ္တဗေဒ အဓိက ယူထားပြီး ဖြစ်၍ နောင် တစ်နေ့တွင် အသုံးဝင်ချင်လည်း ဝင်မည်။ မဝင်လျှင်လည်း ဒီဂရီ တစ်ခုတော့ ရှိသင့်သည်။ အနည်းဆုံး သူ့ အစ်မလတ် တင်တင်မြတို့ အထင် သေးသည်ကို မခံချင်။ နဂါးမှန်း သိအောင် အမောက် ထောင်ပြချင်သေးသည်။

ကံကောင်းသည် ဆိုရမည်လော မသိ။ ကိုနန္ဒာသည် သတ္တဗေဒ တတိယ နှစ်နှင့် စတုတ္ထနှစ်ကို နှစ်ချင်းပေါက် အောင်သွားသည်။ သတ္တဗေဒနှင့် အောင် ပြီ ဆိုတော့လည်း အလုပ်အကိုင် ရှာရမည်။ အောင်လက်မှတ်ကလေး ကိုင်ကာ အလုပ်သမား မှတ်ပုံတင် ရုံးသို့ ပြေးရပြန်သည်။ သိပ္ပံ ဒုတိယနှစ် နှစ်ခါကျ ဘဝတုန်းကလည်း သည်နေရာသို့ ရောက်ခဲ့ဖူးပြီ။ သို့ရာတွင် ထိုစဉ်က ကိုယ့် ဘက်က အားမရှိ။ ယခု ကိုယ့်လက်ထဲ၌ လက်မှတ်ကလေး တစ်စောင်တော့ ရှိပြီ။

သူ့ ဘာသာတွဲမှာ သတ္တဗေဒ အဓိက ဖြစ်သည်။ သတ္တဗေဒကို သင်ခဲ့ ရသည်။ ငါး မျိုးခွဲ ပညာ သင်ခဲ့ရသည်။ ဆေးထိုး သားဖောက် လုပ်ငန်းကို လက်တွေ့ လုပ်ခဲ့ရသည်။ လှော်ကားနှင့် မန္တလေး ပုသိမ်ကြီးဘက်တွင် အစိုးရ ငါး မွေးမြူရေး ဌာနများ ရှိသည်။ အနည်းဆုံး ထိုဌာနများတွင် အလုပ် ရနိုင် မည်ဟု သူ မျှော်လင့်သည်။

သို့ရာတွင် အလုပ် မရ။ သည်လိုဖြင့် သတ္တဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ ရခဲ့သော ကိုနန္ဒာသည် ဘုန်းကြီးကျောင်းတွင် နေကာ ပလက်ဖောင်းတွင် စာ အုပ်ဟောင်း ရောင်းနေရဆဲပင် ဖြစ်သည်။

ယခုတော့ အစ်ကိုတွေ၊ အစ်မတွေကလည်း ပလက်ဖောင်းတွင် ကိုနန္ဒာ စာအုပ် ရောင်းနေသည်ကို သိသွားပြီ။ ကိုနန္ဒာကလည်း အသိပေးလိုက်သည်။ အစက အထင်သေး မခံချင်၍ ရှက်၍ အသိ မပေးခဲ့သော်လည်း ယခုသော် ရှက်စရာ မဟုတ်ဟု ကိုနန္ဒာ သိတတ်လာပြီ။

သူ့ အလုပ်သည် ဓမ္မိယလဒ္ဓ ဖြစ်သော အလုပ်၊ စင်ကြယ်သော အလုပ် ဟု ကိုနန္ဒာ ရဲရဲကြီး မြင်တတ်လာပြီ။

စင်စစ် ရဲရဲကြီး မြင်တတ်ရုံမျှမက ကိုနန္ဒာသည် သူ့အလုပ်ကို သူ ဂုဏ် ယူတတ်၍ပင် လာသည်။

ပလက်ဖောင်းတွင် စာအုပ် ရောင်းရခြင်းသည် အကျင့် စာရိတ္တကို ထိခိုက် စေသော ရာဇဝတ်မှုလော၊ မဟုတ်။ ရာဇဝတ်မှု မဟုတ် ဟူ၍ကား ကိုနန္ဒာ

mgyoe.com

mgyoe.com SAMPLE BOOK

မပြောလို။ ပလက်ဖောင်းတွင် ရောင်းသည့် အတွက် ရဲပုဒ်မ ၄၁ ဖြင့် ငြိနေသေးသည်။ သို့ရာတွင် အကျင့် စာရိတ္တကိုမူ မထိခိုက်ဟု ကိုနန္ဒာ ရဲရဲကြီး ယုံသည်။

သူ့ ပတ်ဝန်းကျင်ကို ကြည့်။ ပြည်သူ့ဆိုင် အချို့တွင် ဝန်ထမ်း အချို့တို့ ပြည်သူ့ ပစ္စည်းကို ခိုးရောင်းကြသည်။ မှောင်ခို ဈေးသို့ ထုတ်ကြသည်။ အလွဲသုံးစား လုပ်ကြသည်။ သူ့ စာအုပ်များသည် ခိုးရာပါ ပစ္စည်းများ မဟုတ်။ မှောင်ခို၍ ရောင်းရသော ပစ္စည်းများ မဟုတ်။ အလွဲသုံးစား လုပ်ထားသော ပစ္စည်းများ မဟုတ်။

ပြည်သူ့ဆိုင် ဝန်ထမ်း အချို့ ခိုးပုံ ခိုးနည်းနှင့် ပတ်သက်၍ ပုံပြင်ကလေး တစ်ပုဒ်ကို သူ ကြားဖူးသည်။ ဘယ်လောက် မှန် မမှန်တော့ မသိ။

တစ်ခါက မြို့တစ်မြို့တွင် ပြည်သူ့ဆိုင် တစ်ဆိုင်ကို သူခိုး ဖောက်သည်။ သူခိုးသည် ပစ္စည်းများကို ကြည့်ရင်း နံနက် လင်းသွားသဖြင့် ဆိုင်ထဲ၌ ပိတ်မိနေသည်။ အပြင်သို့ ထွက်မရတော့။ ထို့ကြောင့် ပြည်သူ့ဆိုင်ထဲ၌ ချောင် အကျဆုံး နေရာ တစ်နေရာတွင် ပုန်းနေရသည်။ သည်အတွင်း ဆိုင်ဖွင့်ချိန် ရောက်သဖြင့် ဆိုင်အမှုထမ်းများ ရောက်လာကြသည်။ ဆိုင်တံခါး ပျက်နေပြီး ဆိုင်ထဲတွင် ခြေရာ လက်ရာ ပျက်နေပြီ။ သည်တော့ သူတို့ ဆိုင်ကို သူခိုး ဖောက်မှန်း သိကြသည်။ ဆိုင်တွင် အပျောက်အရှ စာရင်းကို တွက်ကြသည်။ ပစ္စည်း စုစုပေါင်း နှစ်သောင်းကျော်ဖိုး ပျောက်နေသည်ကို တွေ့ရသည်။

သူခိုးသည် သူခိုးညံ့ ဖြစ်သည်။ ချောင်ကလေးထဲ၌ ကြာကြာ မပုန်းနိုင်။ ခဏ ကြာတော့ ချောင်ထဲ၌ ပုန်းနေသော သူခိုးကို မိသွားသည်။ ရဲတို့ ရောက်လာ၍ ရဲကို အပ်သည်။ ရဲတို့က သူခိုးကို စစ်သည်။ သူခိုး၏ နာမည်ကို မေးသည်။

သူခိုးသည် ရုတ်တရက် စိတ်ဖောက်သွားသည့်နှယ် ရဲတို့ မေးခွန်းကို တစ်ခွန်းမျှ မဖြေ။ တဟားဟား ရယ်နေသည်။ ရဲတို့က အမျိုးမျိုး မေးသည်။ သူခိုးက ရယ်မြဲ ရယ်သည်။ ဟားတိုက် ရယ်သည်။

ရဲတို့က သူခိုးကို ရဲစခန်းသို့ ခေါ်သွား၍ စစ်သည်။ သည်အထိ သူခိုးသည် ဟားတိုက် ရယ်လျက် ရှိသည်။ ရဲအရာရှိတို့ စိတ်ပျက်လှပြီ။

သူခိုးသည် တကယ်ပင် ဦးနှောက် ပျက်သွားပြီလော။ ဦးနှောက် ပျက်ဟန် ဆောင်ခြင်းလော။ ပစ္စည်း နှစ်သောင်းဖိုး မည်သည့် နေရာသို့ ထုတ်သွားသနည်း။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးကျမှ သူခိုးက ဖြောင့်ချက် ပေးသည်။ သူခိုး ဖြောင့်ချက်၌ နံနက် သုံးနာရီလောက်တွင် သူ ဆိုင်ထဲ ရောက်သည်။ ပစ္စည်းတွေ လျှောက်မွှေနေသဖြင့် နံနက် လင်းသွားသည်။ အပြင် မထွက်သာသဖြင့် ပြည်သူ့ဆိုင်က ချောင်ကလေး တစ်ချောင်ထဲတွင် ပုန်းနေသည်။

သည်တုန်း ပြည်သူ့ဆိုင် ဝန်ထမ်းတို့ သူ ချောင်ကလေးထဲတွင် ပုန်းနေမှန်း မသိသဖြင့် ပစ္စည်းတွေ တစ်ခုပြီး တစ်ခု လာထားကြသည်။ တစ်ယောက်ပြီး တစ်ယောက် ပစ္စည်းတွေကို လာပုံ ထားကြသည်။ ထို့နောက် နှစ်သောင်းကျော်ဖိုး သူခိုး ဖောက်သည်ဟု စာရင်း ပြကြသည်။

စင်စစ် သည်ဆိုင်ထဲမှ သူ ဘာမျှ မထုတ်ရသေး။ ယခု သူ့ကိုယ်တွင် ပါလာသည့် ဘီလူးကျွန်း ဆေးတံ တစ်ချောင်းနှင့် ဖိုးလုကြီး ဆေးဘူး တစ်ဘူးသာ သူ ခိုးရသေးသည်။ မယုံလျှင် ဆိုင်တွင် ရှာကြည့်ဟု ဆိုသည်။

ရှာကြည့်သောအခါ သူခိုး ပြောသည့်အတိုင်း ပစ္စည်းတွေ တွေ့ရသည်။ ထိုပုံပြင် မည်သို့ နိဂုံး ချုပ်သွားသည်၊ သို့မဟုတ် မည်မျှ မှန်သည်ကိုမူ ကိုနန္ဒာ မသိ။

သည် အလုပ်မျိုးနှင့် စာလျှင် စာအုပ် ရောင်းသည့် အလုပ်သည် မနိူင်းသာအောင် စင်ကြယ်သော အလုပ် ဖြစ်သည်ဟု ကိုနန္ဒာ ထင်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၅

ကိုနန္ဒာသည် သူ့အစ်မကြီး တင်တင်လှ အိမ်သို့ အလည် တစ်ခေါက် ရောက်စဉ် တင်ထွန်းအောင်တို့၊ ရဲမြင့်တို့ကို ကြည့်၍ သူ့ဘဝနှင့် နှိုင်းယှဉ် ကြည့်မိသည်။ သူတို့တွင် ဘာမျှ ပူပင်စရာ မရှိ။

သည်ကတည်းက တင်ထွန်းအောင်တို့ လူသိုက်ကို ကိုနန္ဒာ ကြည့်၍ စိတ်မောခဲ့ရခြင်း ဖြစ်သည်။

'ဘယ်နေ့ ဘာကြားရမလဲသာ မသိတယ်၊ ဒီကောင်ကတော့ မလွယ်ဘူး'

ကိုနန္ဒာ စိတ်ထဲက ပြောရင်း ခေါင်းယမ်းမိသည်။

သိပ်မကြာ။

တစ်နေ့ သူ့အစ်မကြီး တင်တင်လှက ကိစ္စ အရေးတကြီး ရှိ၍ ဆိုကာ အစ်ကို ကိုထွန်းမြင့် လာခေါ်သည်။

ကိစ္စက တင်ထွန်းအောင် ကိစ္စ ဖြစ်သည်။

တင်ထွန်းအောင်သည် အမေ၏ စိန်ဘယက်နှင့် ရွှေဘီးကို ခိုး၍ အိမ်မှ ထွက်ပြေးသည်။ သူနှင့် အတူ ရဲမြင့်လည်း ပါသွားသည် ဆိုသည်။ ရန်ကုန်မှာလည်း နှံ့ပြီ။ မန္တလေးနှင့် တောင်ကြီးသို့လည်း ဖုန်းဆက်၍ အကြောင်းကြားကာ အရှာ ခိုင်းပြီးပြီ။

တင်ထွန်းအောင်တို့ အရိပ်အယောင်ကိုမျှ ရှာမတွေ့။

ကိုနန္ဒာလည်း ဘာမျှ မတတ်နိုင်။

အဖေ လုပ်သူ ကိုလှမြင့်ကလည်း နိုင်ငံခြားသို့ ကိုယ်စားလှယ် အဖွဲ့တစ်ခုဖြင့် ပါသွားသည်။ သည်တွင် တင်တင်လှ၊ ကိုထွန်းမြင့်နှင့် ကိုနန္ဒာတို့ မောင်နှမ သုံးယောက် ခေါင်းချင်း ရိုက်ကြရသည်။

အစ်မ တင်တင်လှကမူ သူ့ထုံးစံ အတိုင်း ဘာမျှ မလုပ်တတ်။ ငိုရုံသာ ငိုတတ်သည်။

'သတင်း အစအန တစ်ခုတော့ ရတယ်ကွ'



mgyoe.com

mgyoe.com SAMPLE BOOK

ကိုထွန်းမြင့်က တရှပ်ရှပ် ငိုနေသော သူ့အစ်မကို စောင်းငဲ့ ကြည့်၍ ပြောသည်။

'လွန်ခဲ့တဲ့ ဆယ်ရက်လောက်က သူရယ်၊ ရဲမြင့်ရယ်၊ ကောင်လေး တစ်ယောက်ရယ် သုံးယောက် မော်လမြိုင်မှာ တွေ့လိုက်သတဲ့၊ နောက်တော့ ခြေရာပျောက်သွားတယ်၊ အဲဒါ မော်လမြိုင်ကို လိုက်ရင် ကောင်းမလားလို့ စိတ်ကူးရတယ်၊ မော်လမြိုင်မှာ တွေ့ရလည်း တွေ့၊ မတွေ့ရင်လည်း အနည်းဆုံး သဲလွန်စတော့ ရမယ်လို့ ငါ ထင်တယ်၊ အဲဒါ မင်းကိုပဲ တာဝန် ပေးရမှာပဲ၊ တို့အထဲမှာ ဆွေမျိုး အရင်းအချာ ဆိုလို့လည်း သိပ်ရှိတာ မဟုတ်ဘူး၊ ငါက လည်း ရုံးက ခွင့်ယူလို့ မဖြစ်ဘူး၊ အချိန် ပိုတောင် ဆင်းနေရသေးတယ်၊ လိုက်ရှာရတယ် ဆိုတာ လွယ်တာ မဟုတ်ဘူး၊ ရေလည် ပတ်လည် ရှိမှ၊ အားလည်း အားမှ၊ သူ့ အဖေကလည်း မရှိ၊ ငါကလည်း မအား ဆိုတော့ မင်းပဲ ရှိတာပဲ၊ မင်း စာအုပ်ဆိုင်ကတော့ ပိတ်ထားလို့ ဖြစ်တယ် မဟုတ်လား'

ကိုထွန်းမြင့်က မရဲတရဲဖြင့် နိမိတ်ပြ မေးခွန်းကို မေးသည်။

'ဖြစ်ပါတယ်'

ကိုနန္ဒာက ပြောသည်။

ကိုနန္ဒာက သူ့ တာဝန်ဟု ယူဆသည်။

စင်စစ် ကိုထွန်းမြင့် ပြောသလို အရင်းအချာထဲက လူလွတ် ဆို၍လည်း သူတစ်ယောက်သာ ရှိသည်။

'ဒါဖြင့် စိုးထွန်း၊ နင် မနက်ဖြန် လိုက်သွားဟယ်'

အစ်မ တင်တင်လှက ဝင်ပြောသည်။

ကိုထွန်းမြင့်က သူ့ အစ်မကို မျက်နှာထားဖြင့် တစ်ချက် လှည့် ကြည့်သည်။

'နေစမ်းပါဦးလေ၊ နင် လုပ်လိုက်ရင် ဖုတ်ပူ မီးတိုက်ချည်းပဲ၊ ရှာတယ်ဆိုတာ လမ်းလယ်ကောင် လျှောက်ရှာနေလို့ ဖြစ်တဲ့ ကိစ္စမှ မဟုတ်ဘဲ၊ သူ့အဆက်နှင့် သူ စုံစမ်းမှ၊ အစီအစဉ်နှင့် သွားမှ'

ကိုထွန်းမြင့်က ကိုနန္ဒာ ဘက်သို့ လှည့်သည်။

'ငါ့ သဘောကတော့ မင်း မော်လမြိုင် လိုက်သွား၊ ကိုလှမြင့်ရဲ့ သူငယ်ချင်း ကိုဇော်ဝင်း ဆိုတာ ရှိတယ်၊ အကောက်ခွန် ဌာနမှာ လုပ်တယ်၊ ကောင်လေးကို မော်လမြိုင်မှာ တွေ့တယ် ဆိုတာ သူ့ဆီက သိရတာ၊ သူနှင့် တိုင်ပင်ပြီး ရှာတွေ့ရင် ပြန်ခေါ်ခဲ့ဖို့ပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

'သူ့အဖေ မပြန်ခင် အိမ်ရောက်မှ ဖြစ်မှာ၊ သူ့အဖေ ပြန်လာချိန် အိမ်မှာ မရှိရင် သူ့အဖေက စိတ်ဆိုးပြီး အိမ်က နှင်ချမှာ၊ သူ့အဖေက ပြတ်တယ်၊ ကြားထဲက ငါပဲ ရင်ကွဲမှာ'

တင်တင်လှက ရိုက်သံများ ကြားမှ ပြောသည်။

ကိုထွန်းမြင့် မျက်နှာထားက မှုန်နေသည်။ အစ်မကို လှည့်မကြည့်ဘဲ စားပွဲပေါ်က ပန်းအိုးကို စိုက်ကြည့်နေသည်။

ကိုနန္ဒာကမူ သူ့အစ်မကိုသာ သနားသည်။

'ပစ္စည်းကရော ဘယက်နှင့် ရွှေဘီးတင်ပဲလား'

ကိုနန္ဒာက မေးသည်။

တင်တင်လှက နှပ်ညှစ်ကာ

'ဒါပါပဲ၊ ငွေလေး နည်းနည်းပါးပါးတော့ ပါသွားဟန် တူပါတယ်၊ တစ်နေ့က သူ့လက်ထဲမှာ ငွေ သုံး လေးဆယ်လောက် မြင်လို့ မေးတော့ ရဲမြင့် ပိုက်ဆံတဲ့၊ ပြီးတော့ နင်တို့ တူက နံပါတ် သရီး ဆိုလား၊ နံပါတ် ဖိုး ဆိုလား အဲဒါလည်း ရှုသတဲ့၊ ငါ ကြားတာပဲ၊ ငါက ကျိတ်မေးတော့ မဟုတ်ပါဘူးလို့ ပြောတာပဲ'

ကိုထွန်းမြင့်နှင့် ကိုနန္ဒာသည် ဆတ်ခနဲ မော့ကာ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

'နင်တို့ဟာ သိပ်မလွယ်ဘူး' ကိုထွန်းမြင့်က ခေါင်းကို ယမ်း၍ ပြောလိုက်သည်။ 'ကဲလေ၊ ဘာပဲဖြစ်ဖြစ် လိုက်တော့ ရှာကြည့်ပေါ့၊ ရှာလို့ တွေ့ရင် ခြောက်တန် ခြောက်၊ ချော့တန် ချော့ပြီး ခေါ်ခဲ့ရမှာပဲ၊ ဘယက်နှင့် ရွှေဘီးကတော့ ကုန်လောက်ပြီ'

'နေစမ်းပါဦး၊ မော်လမြိုင်မှာ မရှိဘူး ဆိုရင်ကော'

ကိုနန္ဒာက မေးလိုက်သည်။

ကိုထွန်းမြင့်သည် ထိုမေးခွန်း အတွက် ဖြေရန် အဆင်သင့် ရှိဟန် မတူ။ မော်လမြိုင်တွင် တွေ့လျှင် တွေ့မည်၊ တွေ့လျှင် မည်သို့ မည်ပုံ ပြန်ခေါ်မည် ဆိုသည့် ကိစ္စလောက်ကိုသာ စဉ်းစားထားဟန် တူသည်။ မော်လမြိုင်တွင် မတွေ့လျှင် မည်သို့ စီစဉ်မည် ဆိုသည်ကိုကား စဉ်းစားပြီး ဖြစ်ပုံ မရ။

ထို့ကြောင့် သူ့အစ်မဘက်သို့ လှည့်ကြည့်သည်။

'ဟိုကျတော့ ကိုဇော်ဝင်းနှင့်လည်း တိုင်ပင်ဦးပေါ့၊ မတွေ့ရင် တွေ့အောင် ရှာပြီးသာ ခေါ်ခဲ့ပေတော့ စိုးထွန်းရယ်၊ ငါလည်း သိပ် မစဉ်းစားတတ်ဘူး၊



mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်း မီးတောက်နေပြီ၊ ကောင်လေးတွေ ဝေးဝေးလံလံတော့ သွားမယ် မထင်ပါဘူး'

မောင်နှမ သုံးယောက် နောက်ဆုံး ဆုံးဖြတ်ချက် တစ်ခုကို ချရသည်။ မော်လမြိုင်တွင် ကိုဇော်ဝင်း၏ အကူအညီဖြင့် တင်ထွန်းအောင်တို့ကို ရှာမည်။ တွေ့လျှင် ချော့တန် ချော့၊ ခြောက်တန် ခြောက်၍ အမြန် ပြန်ခေါ်လာမည်။ မော်လမြိုင်တွင် မရှိတော့ဟု ဆိုလျှင် တစ်ပတ် တန်သည်၊ နှစ်ပတ် တန်သည် နေ၍ သတင်း အစအနကို စုံစမ်းမည်။ သတင်း အစအန ရလျှင် ရသည့် နေရာသို့ လိုက်မည်။ သတင်း အစအန မရလျှင် တပ်ခေါက် ပြန်မည်။

ထို အတောအတွင်း တင်တင်လှက သတင်းစာထဲတွင် ကြော်ငြာ၍ ပြန်ခေါ်မည်။

ရဲမြင့်တို့ မိဘများကလည်း တင်တင်လှတို့ အစီအစဉ်ကို သဘောကျသည်။ သို့ရာတွင် သူတို့ ဘက်က လူမထည့်နိုင်။ ထည့်စရာ လူ မရှိ။

သည်တွင် ကောင်လေး နှစ်ယောက် ကိစ္စ ကိုနန္ဒာ့ ခေါင်းပေါ်တွင် ပုံကျသည်။

သို့ဖြင့် ကိုနန္ဒာ မော်လမြိုင်သို့ လိုက်ခဲ့သည်။

မော်လမြိုင်တွင် ကိုဇော်ဝင်းက သတင်း အပြည့်အစုံ ပေးသည်။

လွန်ခဲ့သည့် ဆယ်ရက်လောက်က တင်ထွန်းအောင်တို့ နှစ်ယောက်ကို လေယာဉ်အိတ် တစ်လုံးစီ လွယ်လျက် တွေ့လိုက်ရသည်။

ကိုဇော်ဝင်းကို တွေ့တော့ တင်ထွန်းအောင် မျက်နှာ ပျက်နေသည်။ သူတို့က မော်လမြိုင်က သူငယ်ချင်း တစ်ယောက်ထံ အလည် လာသည်။ သုံးလေးရက် ကြာမည်ဟု ဆိုသည်။ နောက် တစ်ပတ်လောက် ကြာသော အခါ တင်ထွန်းအောင်နှင့် အဖော် သုံးလေးယောက်ကို ကိုဇော်ဝင်း တွေ့ပြန်သည်။ တွေ့သည့် နေရာက ရုပ်ရှင်ရုံ တစ်ရုံနားက ကွမ်းယာဆိုင် အနီးတွင် ဖြစ်သည်။ အချိန်က ည ကိုးနာရီခွဲ ပြီးပြီ။ သည်တစ်ခါတော့ တင်ထွန်းအောင်တို့က ကိုဇော်ဝင်းကို မမြင်။ ထို့ကြောင့် ကိုဇော်ဝင်း သူတို့ တစ်သိုက်ကို လုံခြုံစွာ အကဲခတ်ခွင့် ရလိုက်သည်။ ထို ကွမ်းယာဆိုင်သည် မော်လမြိုင်တွင် နာမည် ကြီးသည်။ ခေတ်စားသော နိုင်ငံခြား ပို့စကတ် မျိုးစုံလည်း ရသည်။ နံပါတ် သရီးတို့၊ နံပါတ် ဖိုးတို့လည်း ရသည်ဟု နာမည် ကြီးသည်။ ထို ကွမ်းယာဆိုင်တွင် ည ည လူ စည်ကားတတ်သည်။ အရွယ်ကောင်းကလေးတွေ၊ ဆယ့်ကိုးနှစ် နှစ်ဆယ် တစ်ဝိုက်လောက်သာ ရှိကြဦးမည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက် တစ်ညတွင် ကိုဇော်ဝင်း ထို ကွမ်းယာဆိုင် တစ်ဝိုက်မှာ သွားချောင်းပြန်သည်။ တင်ထွန်းအောင်တို့ လူသိုက်ကို ထပ်မံ တွေ့ပြန်သည်။ သုံးလေးရက် အလည် လာသည်ဟု ပြောသော တင်ထွန်းအောင်သည် တစ်ပတ်ကျော် ကြာသည် အထိ မော်လမြိုင်တွင် ယောင်လည် ယောင်လည် လုပ်နေသည်။ သည်တော့ ကိုဇော်ဝင်း တွက်ကိန်း မှန်ပြီ။ ကောင်လေးတွေ အိမ်က ထွက်ပြေးလာခြင်းပင် ဖြစ်ရမည်။

ထို့ကြောင့် ရန်ကုန်ရှိ တင်ထွန်းအောင် မိဘများထံ အကြောင်း ကြားလိုက်သည်။ သူ ထင်သည့် အတိုင်း တင်ထွန်းအောင်တို့ အိမ်မှ ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်သို့ အမြန်ဆုံး ပြန်ပို့ပါမည့် အကြောင်း၊ သည်ကိစ္စကို လူမသိစေလိုကြောင်း၊ လူ လွှတ်လိုက်ဦးမည် ဖြစ်ကြောင်းဖြင့် တင်တင်လှထံမှ စာ လာသည်။

သည်အတောအတွင်း ကိုနန္ဒာ မော်လမြိုင်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ကိုနန္ဒာ မော်လမြိုင်သို့ ရောက်သော် တင်ထွန်းအောင်တို့ လူသိုက် မော်လမြိုင်တွင် မရှိတော့။ ခြေရာ ပျောက်နေပြီ။

မော်လမြိုင်တွင် လက်မှိုင် ချနေသော ကိုဇော်ဝင်းကိုသာ တွေ့ရသည်။ ကိုဇော်ဝင်း၏ သတင်း အရ ထားဝယ်သို့ ထွက်သွားသည်ဟု သိရသည်။ ဤတွင် ကိုနန္ဒာ တင်တင်လှနှင့် ကိုထွန်းမြင့်ထံ ကြေးနန်း ရိုက်သည်။ ထားဝယ်သို့ လိုက်ရန် ကြေးနန်း ပြန်သဖြင့် ထားဝယ်သို့ လိုက်ရပြန်သည်။

ထားဝယ်တွင် တင်ထွန်းအောင်တို့ကို ရှာသော်လည်း အရိပ် အယောင်မျှ မတွေ့ရတော့။ စုံစမ်းသော အခါ တစ်ဖက် နိုင်ငံမှာလိုလို၊ နတ်အိမ်ထောင်ဘက်မှာလိုလို သတင်း ရပြန်သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# ၆

ဤတွင် ပြဿနာ ရှုပ်လာသည်။

တစ်ဖက် နိုင်ငံသို့ ကူးပြေးကြသည် ဆိုလျှင် နိုင်ငံရေး ပယောဂ ပါ မပါ စုံစမ်းရတော့မည်။ ထို နိုင်ငံထဲ ကူး၍ လိုက်ခေါ်ဖို့ ဆိုသည့် ကိစ္စကလည်း မဖြစ်နိုင်။ ပို၍ ပြဿနာ ကြီးလာမည်။

စင်စစ် တင်ထွန်းအောင်တို့ လူစုသည် နိုင်ငံရေးကို ဘာမျှ နားလည်ကြ သည် မဟုတ်။ ဤသည်ကို ကိုနန္ဒာ သိသည်။ သို့ရာတွင် စာမေးပွဲ ကျသဖြင့် လည်းကောင်း၊ နံပါတ် ဖိုး စွဲသဖြင့် လည်းကောင်း လုပ်မိ လုပ်ရာ စွတ်လုပ် နေကြခြင်းသာ ဖြစ်သည်ဟု ကိုနန္ဒာ ထင်သည်။

သူတို့နောက် လိုက်သင့် မလိုက်သင့် ကိုနန္ဒာ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေ သည်။ ထားဝယ်တွင် ရင်းရင်းနှီးနှီး တိုင်ပင်စရာ ဆို၍လည်း တစ်ယောက်မျှ မရှိ။

ထို့ကြောင့် ရန်ကုန်သို့ လှမ်း၍ ကြေးနန်း ရိုက်ရပြန်သည်။ လိုက်ခေါ်ပါ ဟု တင်တင်လှ နာမည်ဖြင့် ကြေးနန်း တစ်စောင် ရသည်။

တင်တင်လှမှာ ခေါင်း မီးတောက်နေသူ ဖြစ်သည်။ သူ့ သားကို ရှာတွေ့ မည် ဆိုလျှင် ရေမြေ ဆုံးစေတော့၊ တွေ့အောင် ရှာမည် ဆိုသည့် အစားထဲက ဖြစ်သည်။ ဘာကိုမျှ တည်တည်ငြိမ်ငြိမ် စဉ်းစားနိုင်မည် မဟုတ်။ ကိုထွန်း မြင့်ထံ ထပ်၍ မေးမြန်းကြည့်လျှင် ကောင်းမည်ဟု ထင်သည့် အတွက် ကို ထွန်းမြင့်ထံ ကြေးနန်း တစ်စောင် နောက်ထပ် ရိုက်ပြန်သည်။

'အခြေအနေ ကြည့်ပြီး အလားအလာ ရှိရင် လိုက်ပါ' ဟု ကိုထွန်းမြင့် က အကြောင်း ပြန်သည်။

ထားဝယ်တွင် စုံစမ်းကြည့်တော့ နတ်အိမ်ထောင် ဘက်တွင် ရန်ကုန်က ကောင်လေးတွေ တွေ့ခဲ့သည်ဟု ကြားရသည်။ ပုံပန်း သဏ္ဌာန် မေးကြည့်သည့် အခါ တင်ထွန်းအောင်တို့၊ ရဲမြင့်တို့ ပုံသဏ္ဌာန်မျိုး ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုနန္ဒာ အားတက်သွားသည်။

ထို့ကြောင့် ထားဝယ်မှ ကုန်သည် အချို့နှင့် နတ်အိမ်ထောင်သို့ လိုက်ခဲ့သည်။ တောကြို တောင်ကြားကို ဖြတ်၍ သက်စွန့်ဆံဖျား သွားရသည်။ နှစ်ည အိပ် သုံးရက် ကြာမျှ တနင်္သာရီ ရိုးမကို ကျော်ပြီး နတ်အိမ်ထောင်သို့ ရောက်သည်။

နတ်အိမ်ထောင်ကား လူမျိုးစုံ ကျက်စားသည့် နေရာ ဖြစ်သည်။ နယ်စပ်ဖြစ်၍ မြန်မာရွာ တစ်ရွာနှင့်ပင် မတူတော့။ မိုင်း ခိုးထုတ်သူ၊ မှောင်ခို သွင်းသူ၊ တရုတ်၊ ကုလား၊ ဗမာ၊ ထားဝယ်၊ မွန်၊ ကရင်တို့ ခြေချင်း လိမ်နေသည်။

ကိုနန္ဒာသည် နတ်အိမ်ထောင် တစ်ဝိုက်တွင် တင်ထွန်းအောင် သတင်းကို စုံစမ်းသည်။ တစ်ဖက် နိုင်ငံဘက် ကူးသွားသလိုလို မရေမရာ သတင်းကိုသာ ရသည်။ တိတိကျကျ ဘာမျှ မရှိ။

ရန်ကုန်မှ ထွက်လာခဲ့သည်မှာလည်း ကြာပြီ။ ကြာ၍ သူ့ အတွက်ပါ ပြဿနာတွေ ရှုပ်လာနိုင်သည်။ ထို့ကြောင့် ရန်ကုန်ကို ပြန်တော့မည်ဟု စိတ်ပိုင်းဖြတ်သည်။ သူတို့ ထိုက်နှင့် သူတို့ ကံ ရှိပါစေတော့။ ကိုနန္ဒာ ဘာမျှ မတတ်နိုင်ပြီ။

မနက် ထားဝယ်သို့ ပြန်လိုက်ရန် စီစဉ်ပြီး ကရင် ရွာကလေး တစ်ရွာမှ ဘုန်းကြီးကျောင်းတွင် ကိုနန္ဒာ အိပ်သည်။ သူနှင့် အတူ ခရီး သွားမည့် အဖော်တွေလည်း ရှိသည်။ အထမ်းသမားတွေလည်း ရှိသည်။ သူတို့မှာ ဝန်စည်စလယ်တွေ အပြည့်။ တစ်ထမ်းစာ တစ်ပိုးစာတော့ ပါသူတွေချည်း ဖြစ်သည်။ ပစ္စည်းကလည်း စုံသည်။

သည်အထဲမှာ လူလွတ်က ကိုနန္ဒာ တစ်ယောက်တည်း ဖြစ်သည်။

သူ့မှာ လွယ်၍ ရသော လေယာဉ်အိတ် အကြီးစား တစ်လုံးနှင့် လွယ်အိတ် တစ်လုံးသာ ပါသည်။

ကိုနန္ဒာ မှေးမှေး မှေးမှေး ပျော်မည်ပြုဆဲ ဝုန်းဝုန်း ဒိုင်းဒိုင်း အသံကြောင့် အိပ်ရာမှ လန့်နိုးသည်။

ပထမသော် ကိုနန္ဒာ ဘာမျှ မသိ။ အစိုးရ စစ်တပ်က မှောင်ခိုတို့ကို ဝင်ဖမ်းသလောဟု ထင်မိသေးသည်။

စုံစမ်းကြည့်တော့ မှောင်ခို အထမ်းသမားများ၏ ပစ္စည်း အချို့ကို သူခိုးဝင်ဆွဲသဖြင့် သူခိုး ဖမ်းကြောင်း သိရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုနန္ဒာသည် လူတွေ ကြားထဲက အတင်း တိုးဝှေ့ကာ ဖမ်းမိထားသော သူခိုးကို ကြည့်လိုက်သည်။

ကြည့်လိုက်တော့ သူခိုးဟု အယိုးခံရသူမှာ ရဲမြင့်။

ကိုနန္ဒာသည် သူ့မျက်လုံးများကို သူ မယုံနိုင်အောင် ဖြစ်မိသည်။ ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်မိသည်။ ရဲမြင့်မှ ရဲမြင့် အစစ်။

'ဟေ့ ရဲမြင့်'

ကိုနန္ဒာသည် လူအုပ် ကြားထဲမှ တိုးထွက်ကာ ရဲမြင့် ပခုံးကို ဖမ်းဆွဲ၏။

ရဲမြင့်သည် သရဲ သဘက်ကို မြင်လိုက်ရသည့် ပမာ မျက်လုံး အပြူး သား ပါးစပ် အဟောင်းသားနှင့် ကိုနန္ဒာကို ကြည့်နေသည်။ ဘာပြန်ပြောရမှန်း သိဟန် မတူ။

ရဲမြင့်လိုပင် ဘေးက ပရိသတ်လည်း ကိုနန္ဒာကို အံ့သြ စူးစမ်းသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။

'ဟေ့ ရဲမြင့်၊ ဘယ်လို ဖြစ်တာလဲ၊ မင်းတို့ တော်တော် ဒုက္ခ ပေးတဲ့ ကောင်လေးတွေ၊ ဘယ်မလဲ တင်ထွန်းအောင်'

ကိုနန္ဒာက ရဲမြင့် ပခုံးကို ကိုင်လှုပ်၍ မေးသည်။

'ဟင် ဦးလေး'

ရဲမြင့်သည် ထိုအခါကျမှ သတိ ရလာဟန်ဖြင့် ကိုနန္ဒာ၏ လက်မောင်း ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

ရဲမြင့်၏ အသားသည် နေလောင်သဖြင့် ညိုလျက် ရှိသည်။ ဆံပင်ရှည် ကြီးကလည်း ပခုံးပေါ် ဝဲနေသည်။ အဝတ်အစားမှာ နိုင်လွန် စပို့ရှပ်ပင် ဖြစ် သော်လည်း ညစ်ထေးနေလေပြီ။ အရောင် မှိန်နေပြီ။ ဘောင်းဘီရှည်ကလည်း နွမ်းနေပြီ။

'ဦးလေး၊ ကျွန်တော့်ကို ကျွန်တော့်ကို'

ရဲမြင့်သည် စကားကို ဆက်မပြောနိုင်ဘဲ ရပ်ထား၏။ မျက်လုံးတွင် မျက် ရည်တွေ ဝဲလျက် ရှိသည်။ မငိုမိအောင် ချုပ်တည်းထားရဟန် အံကြိတ်ထား သည်။

'ဒီကောင်လေးက ဟိုစခန်းမှာ ကတည်းက မသင်္ကာပါဘူးလို့ ကြည့် နေတာ၊ ခု ထင်တဲ့ အတိုင်းပဲ၊ နိုးလာလို့ပေါ့၊ မနိုးများ မနိုးရင် အကုန် ပါ သွားမှာ'


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်က ပြော၏။

ရဲမြင့် မျက်နှာတွင် ဒဏ်ရာ ဒဏ်ချက် အချို့ကို တွေ့ရသည်။ လက်သီး လေး ငါးလုံးစာတော့ မိပြီးပြီ ထင်သည်။ သည်အထဲတွင် နောက်ထပ် ထိုးမည့် ကြိတ်မည့် သူက တကဲကဲ လုပ်နေသေးသည်။ ထားဝယ်ကျမှ ရဲစခန်း ပို့မည်၊ သူပုန် လက်ကို အပ်မည်ဟု ပြောသူက ပြောသည်။

'ကျွန်တော့် တူပါဗျာ၊ မိကောင်း ဖခင် သားသမီးပါ၊ စာမေးပွဲ ကျလို့ အိမ်က ထွက်ပြေးလို့ ကျွန်တော် လိုက်ရှာနေတာလည်း နှံ့ပြီ၊ မော်လမြိုင်၊ ထားဝယ်၊ တွေ့မယ့် တွေ့တော့··၊ မင်းတို့ တော်တော် ဒုက္ခ ပေးတဲ့ အကောင်တွေကွာ၊ ဘယ်မလဲ တစ်ယောက်'

ကိုနန္ဒာသည် သနားလည်း သနားသည်။ စိတ်လည်း ဆိုးသည်။

တချို့က ကိုနန္ဒာ ပြောသည်ကို မယုံကြ။ ကိုနန္ဒာက အကျိုး အကြောင်း အစုံ ရှင်းပြရသည်။ ကျောင်းထိုင် မွန် ဆရာတော်ကြီး ဆင်းလာသဖြင့် ဆရာတော်ကို သက်သေ ထူကာ ဇာတ်စုံ ခင်းရသည်။ မိဘများ၏ အမည်ကိုလည်း ပြောသည်။ သူ တာဝန် ခံမည် ဖြစ်ကြောင်း၊ ပစ္စည်း ပါသွားလျှင်လည်း မိမိ လျော်မည် ဖြစ်ကြောင်း၊ ပစ္စည်း မပါလျှင်လည်း ရှုးတုန်း မိုက်တုန်း အရွယ်ဖြစ်၍ တစ်ကြိမ် တစ်ခါ ခွင့်လွှတ်စေလိုကြောင်း ပရိသတ်ကို တောင်းပန်ရသည်။ ဆရာတော်ကလည်း ကိုနန္ဒာ နည်းတူ ဆုံးဖြတ်ချက် ပေးသည်။

'ကဲ ဘယ်မလဲ ဟိုကောင်'

ကိစ္စဝိစ္စတွေ ရှင်းပြီးသော် တင်ထွန်းအောင်ကို မေးရသည်။

'နတ်အိမ်ထောင် မိုင်းစခန်းမှာ'

'ဘာလုပ်နေသလဲ'

'နေမကောင်းလို့ ဦးလေး၊ ဦးလေးတူ ဆေးပြတ်နေတယ်'

ကိုနန္ဒာ့ အိတ်ထဲတွင် လိုရမည်ရ ဆောင်လာသော ကလိုရိုကွင်း၊ ဆာလ်ဖာ၊ အေပီစီ စသည့် ဆေးများ ပါသည်။ ကေန္တ ငှက်ဖျားဟု သူ တွေးလိုက်သည်။

'ဆရာဝန် မရှိဘူးလား'

'မရှိဘူး ခင်ဗျ'

'မြန်မာ ဆရာကော'

'မြန်မာ ဆရာတော့ ရှိပါတယ်၊ ဦးလေး ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား'

mgyoe.com

mgyoe.com SAMPLE BOOK

ရဲမြင့်က သူ့ကို ပြန်မေးလိုက်သေးသည်။

'နို့ တင်ထွန်းအောင် နေမကောင်းဘူး ဆို'

'ဟာ ဦးလေးကလည်း တုံးလိုက်တာ၊ ဆေးပြတ်တယ် ဆိုတာ နံပါတ်ဖိုး ပြတ်နေတာကို ပြောတာ ဦးလေးရ၊ စီးကရက်ထဲ ထည့်ရှူတာ၊ တစ်နေ့ကို အလိပ် နှစ်ဆယ်လောက် ကုန်တယ်၊ ခု ဆေးဖိုး မရှိလို့'

ကိုနန္ဒာသည် သက်ပြင်း ချလိုက်သည်။

သည်ဆေးတော့ သူလည်း မတတ်နိုင်။ တင်ထွန်းအောင်၏ အခြေအနေသည် 'မလွယ်ဘူး' ဆိုသည့် အစားသို့ ရောက်နေပြီ။

ကိုနန္ဒာက သူတို့ နှစ်ယောက် ပျောက်သွားသည့် အတွက် မိဘများ စိတ်ပူနေကြသည်။ ရန်ကုန်တွင် အနှံ့ ရှာပြီးပြီ။ မော်လမြိုင်တွင် သတင်း ရ၍ မော်လမြိုင်သို့ လိုက်လာသည်။ မော်လမြိုင်မှာ မတွေ့၍ ထားဝယ်သို့ လိုက်ရသည်။ ထားဝယ်သို့ ရောက်သော် နတ်အိမ်ထောင် ဘက်တွင် ရန်ကုန်က ကျောင်းသားလေးတွေ ရှိသည်ဟု ကြားသဖြင့် ဟုတ်လို ဟုတ်ငြား လိုက်လာရခြင်း ဖြစ်သည်ဟု သူ၏ ရှာပုံတော်ကို ဇာတ်စုံ ခင်းပြသည်။

'မင်းတို့ တော်တော် မိုက်တဲ့ ကောင်တွေကွာ၊ အိမ်မှာ လူကြီးတွေဖြင့် စိတ်ပူလို့၊ တင်ထွန်းအောင် အမေ ဆိုရင် ကြာရင် သားစိတ်နှင့် ရူးတောင် ရူးမလား မသိဘူး၊ ခုည နတ်အိမ်ထောင်ကို သွားချင်တယ်၊ ရမလား'

ရဲမြင့်က ခေတ္တ တွေနေသည်။

'ခုညတော့ မရဘူး ထင်တယ်၊ လမ်းက သိပ်မကောင်းဘူး၊ တောလမ်း၊ နတ်အိမ်ထောင် သွားပြီးတော့'

ရဲမြင့်က စကားကို ဖြတ်၍ သူ့ကို စူးစမ်းသော အကြည့်ဖြင့် ကြည့်သည်။ ကိုနန္ဒာ၏ အစီအစဉ်ကို သိချင်ဟန် တူသည်။

'မင်းတို့ နှစ်ယောက်လုံးကို ပြန်ခေါ်ရမယ်လို့ အိမ်က မှာလိုက်တယ်၊ အဲဒါ မင်းတို့ အတွက် ငါ လာရတာ၊ ဒီကနေပြီး ထားဝယ် ပြန်မယ်၊ ထားဝယ်ကမှ ရန်ကုန်ကို ပြန်မယ်၊ လေယာဉ်ပျံ အပတ် သင့်ရင်လည်း လေယာဉ်ပျံနှင့်ပေါ့၊ သင်္ဘောပတ် ကြုံရင်လည်း သင်္ဘောနှင့်ပေါ့'

ကိုနန္ဒာက သူ့ အစီအစဉ်ကို ပြောပြသည်။ ရဲမြင့်သည် ဘာမှ မပြောဘဲ ကိုနန္ဒာကို စိုက်ကြည့်နေသည်။ သူ့အကြည့်က ကိုနန္ဒာသည် မိမိတို့ မိတ်ဆွေလော၊ ရန်သူလော ဆိုသည့် အကြည့်မျိုး၊ မယုံသင်္ကာ အကြည့်မျိုး။

'ဘာလဲ၊ မင်းတို့ မလိုက်ချင်ဘူးလား'


mgyoe.com

mgyoe.com SAMPLE BOOK

ရဲမြင့်က မဖြေ။

'ဘယ့်နှယ်လဲ၊ လိုက်မယ် မဟုတ်လား'

'မဖြစ်ဘူး ထင်တယ် ဦးလေး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့က တံတားကို ချိုးခဲ့ပြီးပြီ၊ အိမ်က ထွက်ပြေးလာတယ် ဆိုတာ ခေါ်ရင် ပြန်လိုက်ဖို့ ထွက်ပြေးတာမှ မဟုတ်ဘဲ၊ လွတ်လွတ်လပ်လပ် နေချင်လို့ ထွက်ပြေးတာပဲ'

အတော် လာသည့် ကောင်လေးဟု ကိုနန္ဒာ မှတ်ချက်ချမိသည်။

'ဟ ဘယ်ဖြစ်မလဲကွ၊ မင်းတို့ ပညာက စကောစကာ၊ မလိမ်မိုး မလိမ္မာ နှင့် မိဘတွေ ရင်ကျိုးမှာပေါ့၊ အိမ်ကို မလိုက်ရင် လိုက်တဲ့ နည်းနှင့် ခေါ်ရ လိမ့်မယ်'

'ကျွန်တော်တို့ အရွယ် ရောက်ပြီပဲ၊ ဆယ့်ရှစ်နှစ် ကျော်ပြီ'

အလယ်၊ တယ်လာတဲ့ ကောင်ပါလားဟု ကိုနန္ဒာ ဒုတိယ အကြိမ် မှတ်ချက် ချသည်။ သည်ကောင်နှင့် ဆက် ဆွေးနွေး၍ မဖြစ်သေး။ ချိုထားရဦး မည်။

'ငါ ခု ညတွင်းချင်း နတ်အိမ်ထောင်ကို လိုက်ချင်တယ်ကွာ'

'ခု ညတော့ မဖြစ်ဘူး ဦးလေး၊ မနက်မှ သွားပါ၊ ဦးလေးတူ ကျွန်တော် ပြန်မလာမချင်း ဘယ်မှ မသွားပါဘူး၊ စိတ်ချပါ'

'နို့ မင်းက ဘာလာလုပ်တာတုံး'

ရဲမြင့်က မျက်နှာပေါ် ဝဲကျလာသော ဆံပင်ကို ခေါင်းယမ်း၍ ဖယ်လိုက် သည်။

'ဆေးပြတ်လို့ ဝက် လာရှာတာ'

အဖြေက ပြတ်သည်။ 'ဝက်' ဆိုသည်ကတော့ ကိုနန္ဒာ သိပြီး ဖြစ်သည်။ နံပါတ် ဖိုး ရှူစရာ မရှိ၍ ကြံမိကြံရာ ကြံကြခြင်း ဖြစ်ပုံ ရသည်။

ကိုနန္ဒာသည် မူးယစ်ဆေးဝါးများကို မှီဝဲဖူးခြင်း မရှိ။ သို့သော် ကြားဖူး မြင်ဖူး ဖတ်ဖူးသည်။

မူးယစ်ဆေးဝါးများထဲတွင် သူ ပထမ ကြားဖူးသည်က ဘိန်း။

ရာဇဝင်များကို ဖတ်စဉ်က အင်္ဂလိပ် နယ်ချဲ့သမားများသည် တရုတ်တို့ ကို ဘိန်း ကျွေး၍ လုပ်အားကို ဈေး ပေါပေါနှင့် ဝယ်ယူခဲ့ကြသည်ဟု သူ ဖတ်ဖူးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ဖြင့် တရုတ်တို့သည် ဘိန်း၏ ကျေးကျွန် ဖြစ်ကာ တိုင်းပြည်ကြီး ပျက်ခဲ့ရသည်။

ဘိန်းစားကိုလည်း ကိုနန္ဒာ မြင်ဖူးသည်။ ထို ဘိန်းစားသည် ဘိန်းဖိုး မတတ်နိုင်သော အခါ ဘိန်းပြောင်းထဲမှ ဘိန်းချေးကို ခြစ်၍ အရည် ဖျော် သောက်သည်။ ဘိန်းချေးများကို မရနိုင်သည့် အခါ ဘိန်းပြောင်း လက်သုတ် ဖတ်ကို ပြုတ်၍ အရည်ကို သောက်သည်။

ဒုတိယ ကြားဖူးသည်မှာ ဆေးခြောက်။

ဆေးခြောက်ကိုတော့ သူ တစ်ခါ စားဖူးသည်။ ကျောင်းတုန်းက သူ ငယ်ချင်းတွေ စု၍ ကြက်သားနှင့် ဆေးခြောက် ချက်စားသည်။ မူးလိုက်သည့် ဖြစ်ခြင်း၊ ကြောက်လိုက်သည့် ဖြစ်ခြင်း၊ ရယ်ချင်လိုက်သည့် ဖြစ်ခြင်း။

ထိုကတည်းက ကိုနန္ဒာသည် ဆေးခြောက်ကို ရှောင်တော့သည်။

နောက်တော့ ကိုကင်းတို့၊ မော်ဖင်းတို့ကို ကြားဖူးသည်။ မော်ဖင်း နေ့စဉ် ထိုးသော အထက်တန်း အရာရှိ ပုဂ္ဂိုလ်ကြီး တစ်ဦး အကြောင်းကိုလည်း သူ ကြားဖူးသည်။

နောက်ဆုံးပေါ်ကတော့ ဟီးရိုးအင်း ဖြစ်သည်။ ဟီးရိုးအင်း အကြောင်း ကို ပထမ စာအုပ်များထဲတွင် ဖတ်ဖူးသည်။ တူရကီနှင့် အီရန်မှ ဥရောပကို ဖြတ်၍ အမေရိကသို့ သယ်သော ဟီးရိုးအင်း ကုန်သည်များ အကြောင်းကို လည်း ဖတ်ဖူးသည်။ ထိုင်း၊ လာအို စသည်တို့မှ ဟောင်ကောင်ကို ဖြတ်၍ အမေရိကန်သို့ တင်ပို့သော ဟီးရိုးအင်း၊ နံပါတ် သရီး၊ နောက်ဆုံးပေါ်က နံပါတ် ဖိုး။

နံပါတ် ဖိုးသည် အပြင်းဆုံး ဖြစ်သည်။ ဘိန်းဆီ ရှစ်ဆယ် ရာနှုန်း ပါ သည်ဟု ဆိုသည်။ နံပါတ် ဖိုး စွဲသူသည် တစ်နှစ်မှ တစ်နှစ်ခွဲ အတွင်း အသက် အန္တရာယ်ကို ဖြစ်စေနိုင်သည်ဟု ဖတ်ဖူးသည်။ မည်ရွေ့ မည်မျှ မှန် သည်ကို ကိုနန္ဒာ မသိ။

ယခု သူ့ တူတော်မောင် တင်ထွန်းအောင်နှင့် ရဲမြင့်တို့သည် ဟီးရိုးအင်း ၏ ကျေးကျွန်များ ဖြစ်နေကြလေပြီ။ အဖတ် ဆယ်၍ ရမှ ရပါဦးမည်လား။

'မင်းတို့ ပါသွားတဲ့ ပစ္စည်းကလေးတွေရော၊ တင်ထွန်းအောင်မှာ ဘယက် ရယ်၊ ရွှေဘီးရယ် ပါသွားတယ် မဟုတ်လား'

'ဟုတ်တယ်၊ ကျွန်တော့်မှာလည်း ဘတ်ကြိုး တစ်ကုံးရယ်၊ စိန်ကြယ်သီး တစ်စုံရယ် ပါတယ်၊ အဲဒါလေးတွေလည်း ကုန်ပြီ ဦးလေးရဲ့'



mgyoe.com

mgyoe.com SAMPLE BOOK

'ကုန်တော့'

ရဲမြင့်က ဟက်ခနဲ တစ်ချက် ရယ်သည်။

'ကုန်တော့ မှောင်ခိုကုန် အထမ်း လိုက်တာပေါ့၊ အဲဒီ ထမ်းခနှင့် ဆေးရှုတာပေါ့၊ ဆေးရှုတာက အပင်ပန်း ခံနိုင်တယ် ဦးလေးရဲ့၊ တော်တော်တန်တန်တော့ မမောဘူး'

'ဒါက ခဏပါကွာ၊ ရေရှည်ကျတော့ ဘယ်ခံနိုင်ပါ့မလဲ၊ ဟို အင်္ဂလိပ်ခေတ်တုန်းက တို့ဆီမှာ ဘုံဘေဘားမားတို့၊ စတီးတို့၊ ဖူးကားတို့၊ မက္ဂရီကာတို့ ဆိုတဲ့ အင်္ဂလိပ် သစ် ကုမ္ပဏီတွေ ရှိတယ်၊ အဲဒီ သစ် ကုမ္ပဏီတွေက သစ်ဆွဲတဲ့ ဆင်တွေကို ဘိန်း ကျွေးတယ်၊ ဆင်ကို ဘိန်း ကျွေးတော့ ဆင်က ဘိန်းစွဲပြီး ခိုင်းလို့ ကောင်းတာပေါ့ကွ၊ ဆင်တင် မဟုတ်ဘူး၊ ဆင်ဦးစီးတို့ ဘာတို့ဆိုတဲ့ သစ်တော အလုပ်သမားတွေကိုလည်း ဘိန်း ကျွေးပြီး ခိုင်းတာပဲ၊ ဘိန်းစွဲသွားတော့ အဲဒီ အလုပ်သမားတွေဟာ အပင်ပန်းလည်း ခံနိုင်တယ်၊ ခိုင်းလို့လည်း ကောင်းတယ်၊ ဈေးလည်း ပေါတယ်၊ တခြား ဘယ်ဌာနကိုမှ သွားပြီး အလုပ် မလုပ်တော့ဘူး၊ အဲဒီ သစ် ကုမ္ပဏီတွေထဲမှာ တစ်သက်လုံး ကျွန်ခံကြတော့တာပဲ၊ ဒါပေမဲ့ ကြာကြာတော့ ကျွန် မခံလိုက်ရဘူးပေါ့ကွာ'

'ဘာဖြစ်လို့လဲ'

'ဘိန်းစားတဲ့ အတွက် ခဏတော့ ပင်ပင်ပန်းပန်း လုပ်နိုင်ပေမဲ့ ဘယ်အသက် ရှည်မလဲကွ၊ ငယ်ငယ်ရွယ်ရွယ်နှင့် လူညွန့် တုံးပြီး သေကုန်တာပေါ့၊ ဒီတော့ အင်္ဂလိပ် ကုမ္ပဏီတွေကလည်း နောက်ထပ် လူသစ်တွေ မွေး၊ ဘိန်းကျွေးပြီး ထပ်ခိုင်းကြပြန်တာပေါ့၊ မင်းတို့ရော ဒီလို လူညွန့် တုံးသွားမှာမကြောက်ဘူးလား၊ နံပါတ် ဖိုးရဲ့ အန္တရာယ် ဘယ်လောက် ကြီးသလဲ ဆိုတာမင်းတို့လည်း ကြားဖူး ဖတ်ဖူးသားပဲ၊ ရေဒီယိုတွေ၊ သတင်းစာတွေထဲမှာ ပြောကြ ရေးကြတာ'

'ဒါက အာလူးတွေပါ ဦးလေးရာ'

ကိုနန္ဒာ ခေါင်း ငိုက်စိုက်ချကာ သက်ပြင်းကို ချမိသည်။

သည်ကောင်လေးတွေကို သည်အချိန်မှာ ဘုရားက ချွတ်တောင် ကျွတ်ပါမည်လောဟု သံသယ ရှိချင်သည်။ အတင်း အဓမ္မ ဆေးရုံ တင်၊ အတင်းအဓမ္မ ဖြတ်မှ ရမည်။

အလိုအလျောက် ပြတ်ဖို့ ဆိုသည်ကား အချိန် နှောင်းမှသာ ရလိမ့်မည်။ အချိန်ကသာ သူတို့ကို ကုစားလိမ့်မည်။



mgyoe.com

mgyoe.com SAMPLE BOOK

'မင်းတို့ တော်တော် မိုက်တယ်၊ ကြည့်စမ်း၊ ခုနကလည်း ကံကောင်းလို့ တစ်ယောက် တစ်ချက် ဝိုင်းရိုက်ရင် မသက်သာဘူး'

ရဲမြင့်သည် ခေတ္တ ငြိမ်နေ၏။

'သူတို့က အများနှင့် မို့လို့ပေါ့ ဦးလေးရ၊ တစ်ယောက်ချင်းသာ ဆိုရင် ဘယ်ရမလဲ၊ ဒီ အထမ်းသမားတွေက နဂို ကတည်းကိုက ကျွန်တော်တို့ကို မနာလို နေကြတာ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့က ဈေး လျှော့ ယူတာကိုး၊ နယ်စပ်နှင့် ရှီးမ ဟိုဘက် ဆိုရင် တစ်ယောက်ကို သုံးလေးရာ ရတယ်၊ ကျွန်တော်တို့က ပေးသလောက် ယူတယ်၊ ဆေးဖိုး ရရင် တော်ပြီ မဟုတ်လား ဦးလေးရ'

ကိုနန္ဒာသည် ရဲမြင့်တို့ ဖြစ်ပုံကို ကြည့်၍ ရင်ထု မနာ ဖြစ်ရသည်။ အထက်တန်း အရာရှိကြီးများ၏ သား နှစ်ယောက်။ အညွန့် တလူလူ တက်ဆဲ အရွယ်။ ယခု နံပါတ် ဖိုးကြောင့် ကလေကချေ ဖြစ်ကာ အထမ်းငှား လိုက်သည်။ အထမ်းငှား မလိုက်နိုင်သည့် အခါကျတော့ အလစ် ဝင်ဆွဲသည်။

အဖေ အမေများ သိလျှင် မည်မျှ ရင်ထုမနာ ဖြစ်ကြမည်နည်း။



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK

# ၇

ဝိုးတိုးဝါးတား အလင်းရောင်ထဲတွင် ကိုနန္ဒာက ရဲမြင့်၏ ခန္ဓာကိုယ်ကို သိမ်းကျုံး ကြည့်သည်။ သူ့ ခန္ဓာကိုယ်လေးက သေးသေးသွယ်သွယ် ပျော့ပျော့ပျောင်းပျောင်း။ မိန်းကလေး တစ်ယောက်၏ ခန္ဓာကိုယ်မျိုး။ သည်ခရီးတွင် အထမ်းငှား လိုက်သူတွေက တုတ်တုတ်ခိုင်ခိုင် သန်သန်မာမာ လူကြီးတွေ ဖြစ်သည်။

'ဒီ လူကြမ်းကြီးတွေ ကြားထဲ မင်းတို့ကို မသေ မပျောက် တွေ့ရတာပဲ တော်သေးတာပေါ့ကွာ'

ကိုနန္ဒာက သူ့ စိုးရိမ်မှုနှင့် သူ ပြောသည်။

'ဒါမျိုးတွေက ရိုးနေပါပြီ ဦးလေးရာ၊ မကြောက်ပါဘူး၊ သူတို့ကို မကြောက်လို့ ရန်ကုန်က ထွက်လာတာပေါ့'

'မကြောက်ရင် မင်းတို့ ခံသွားရမှာပေါ့၊ မင်းတို့ ဗလကလေးတွေက သေးသေးကလေးတွေ၊ ဟိုက နည်းတဲ့ ဗလကြီးတွေ မဟုတ်ဘူး'

'ကျွန်တော်တို့မှာ ဒါ ရှိပါတယ် ဦးလေးရ'

ရဲမြင့်က ဟက်ခနဲ တစ်ချက် ရယ်ပြီး ဘောင်းဘီ အိတ်ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်ပြသည်။

ပျောက်ခနဲ မြည်သံနှင့် အတူ ဝိုးတဝါး မီးရောင်တွင် အရာ တစ်ခု ဝင်းလက် ပြိုးပြက်သွားသည်။

သေသေချာချာ ကြည့်လိုက်တော့ အသွား ခြောက်လက်မခန့်ရှိ ထိုင်းလုပ် မောင်းပြန် မောင်းချဓား တစ်ချောင်း။

'ဒါနှင့် ဖြဲပစ်မယ်၊ ပြီးတော့ ဒါလည်း ရှိသေးတယ်'

လက်တွင် ဝတ်ထားသော သံမဏိ လက်စွပ်ကို ကိုနန္ဒာ မြင်အောင် လက်သီး ဆုပ်၍ ပြသည်။ အဖု အထစ်တွေ ထနေသော သံမဏိ လက်စွပ်ကို ကိုနန္ဒာ မြင်ရသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ကိုနန္ဒာသည် မီးရောင် မှုန်မှုန်တွင် ရဲမြင့်၏ မျက်နှာကို စိုက်ကြည့်၏။ ရဲမြင့်၏ နုနယ် ပျို့မျစ်သော မျက်နှာသည် တင်းမာသယောင် ရှိ၏။ မဟုတ်မခံ စိတ်ဓာတ်၊ သတ္တိ၊ အားမာန်၊ ဇွဲ စသည်တို့သည် သူ့ မျက်နှာတွင် အထင်းသား ပေါ်နေကြသည်။

ကိုနန္ဒာသည် ရေလိုက် လွဲနေသော ရဲမြင့်ကို ကြည့်၍ စိတ်မကောင်းဖြစ်မိသည်။ ထို မဟုတ်မခံ စိတ်ဓာတ်၊ သတ္တိ၊ အားမာန်၊ ဇွဲတို့ကို မှန်ကန်စွာ အသုံးချရပါလျှင် မည်မျှ အဖိုးတန်မည်နည်း။

'အရေးကြီးတာက လက်နက် ဦးလေးရ လက်နက်၊ လက်နက် ရှိရင် ဘယ်သူ့ကိုမှ ကြောက်စရာ မလိုဘူး၊ ခုနက လူအုပ်နှင့်မို့လို့ ကျွန်တော် ခံရတာ၊ တစ်ယောက်ချင်းသာ ဆိုရင် ရဲမြင့်တို့က ဘယ်ရမလဲ၊ ဒီနယ်မှာက အထမ်းသမားတွေ ဆိုရင် ဓား တစ်ချောင်းတော့ ကိုင်ကြရတာပဲ၊ ကျွန်တော်တို့က လူစိမ်း မဟုတ်လား၊ ဒီတော့ သူက ဓားကို မချရင် ကိုယ်ကလည်း ဓား ချလို့ ဘယ်ဖြစ်မလဲ၊ မှောင်ခို လုပ်ငန်း လုပ်တယ် ဆိုတာ ဥပုသ်စောင့်တာ ရည်းစားနှင့် ချိန်းတွေ့တာမှ မဟုတ်ဘဲ၊ တစ်ယောက်ကို တစ်ယောက် အနိုင် ကျင့်ရတာ၊ ဓားကိုင်ရတာ၊ သူတို့က ဓားကိုင်ရင် ကျွန်တော်လည်း ဓား ကိုင်မယ်၊ သူတို့က ဓားကို လက်က မချဘူး ဆိုရင် ကျွန်တော်လည်း ကျွန်တော့် ဓားကို လက်က မချဘူး'

ရဲမြင့်သည် သူ့ မောင်းပြန် မောင်းချ ဓားကို ဖျောက်ခနဲ ခေါက်ကာ ဘောင်းဘီ အိတ်ထဲသို့ ပြန်ထည့်သည်။

'ဆေးလိပ် သောက်ချင်လိုက်တာ ဦးလေးရာ၊ ဦးလေးမှာ မပါဘူးလား'

ကိုနန္ဒာက အိတ်ထဲက လာအို စီးကရက် ဘူးကို ထုတ်ပေးသည်။ စီးကရက် စက္ကူက အမည်း။

'ဆေး မပါဘူးနော်'

'ဘယ်ပါမလဲကွာ၊ ရိုးရိုး စီးကရက်ပေါ့'

ရဲမြင့်က တက်တစ်ချက် ခေါက်ကာ စီးကရက်ကို အားပါးတရ ဖွာသည်။

'ကျွန်တော်က သိပ် မရင့်သေးတော့ ရပါတယ်၊ ဒါပေမဲ့ ဦးလေး တူကတော့ ဘယ်လို နေမလဲ မသိဘူး၊ ဆေး မရှုရရင် ခွေနေတာပဲ၊ ထမင်း ကောင်းကောင်း မစားတော့ဘူး၊ ဦးလေး တူက စိတ်ဓာတ်ကလည်း ပျော့တယ်'

ရဲမြင့် ပြောသည်မှာ မှန်သည်။ ကိုနန္ဒာသည် သူ့ တူ တင်ထွန်းအောင် အကြောင်းကို ကောင်းကောင်း သိသည်။ ယောကျ်ားလေးသာ ဆိုသော်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ရဲမြင့်လို ထက်ထက်မြက်မြက် မဟုတ်။ စိတ်ဓာတ် မမာ။ စိတ်ဓာတ် အလွန် နုသည်။ လူ ကြောက်တတ်သည်။ အိမ်တွင် လူစိမ်း လာလျှင် ဧည့်ခန်းသို့ မထွက်ရဲ။ လူပုံကလည်း ဖြူဖြူ နွဲ့နွဲ့ကလေး ဖြစ်သည်။

'နတ်အိမ်ထောင်ကို ရောက်တော့ မေမေနှင့် ညီမတွေ၊ ညီလေးတွေကို လွမ်းလို့ ဆိုပြီး ငိုလိုက်တာလေ၊ မနည်း ချော့ရတယ်၊ တော်တော် ဟားရတဲ့ ကောင်'

'မင်းရော အိမ် မလွမ်းဘူးလား'

'ဘာဖြစ်လို့ လွမ်းရမှာလဲ ဦးလေးရ၊ ကိုယ်ကိုယ်တိုင်က မနေချင်လို့ ထွက်ပြေးလာပြီ ဆိုမှပဲ၊ လွမ်းတတ်ရင် ထွက်မပြေးနှင့်ပေါ့၊ အိမ်မှာပဲ နေပေါ့၊ ဦးလေး တူက အိမ်လွမ်းလို့ ငိုရုံတင် မကဘူး၊ ဆေးပြတ်ရင်လည်း ငိုတာပဲ၊ အလုပ် ပင်ပင်ပန်းပန်း လုပ်ရရင်လည်း ငိုတာပဲ၊ ရည်းစား လွမ်းရင်လည်း ငိုတာပဲ၊ ရန်ဖြစ်ရင်လည်း ငိုတာပဲ၊ တကယ် ဟားရတယ်'

ရဲမြင့်က လာအိုဖြစ် ရှိုင်ရယ် စီးကရက်ကို အားပါးတရ ဖွာရင်း ပြောသည်။

'ဘယ်သူနှင့် ရန်ဖြစ်တာလဲ၊ မင်းနှင့်လား'

'ဦးလေးကလည်း ကျွန်တော်နှင့် မဖြစ်ပါဘူး၊ အတူတူ ထွက်ပြေးလာတဲ့ ကောင်ချင်း ဘယ်ဖြစ်ပါ့မလဲ၊ ဖြစ်တာက အထမ်းသမားတွေနှင့်ပါ'

'ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲကွ'

ကိုနန္ဒာက မေးသည်။

ကိုနန္ဒာ၏ တာဝန်မှာ ရဲမြင့်နှင့် တင်ထွန်းအောင်ကို အိမ် ပြန်ခေါ်ရန် ဖြစ်သည်။ သည်ကောင် နှစ်ကောင်ကို အိမ် အပါ ခေါ်ရေးတွင် သူတို့ အခြေအနေ၊ သူတို့ စိတ်နေ စိတ်ထားကို သိရမည်။ ချော့တန် ချော့ရမည်။ ခြောက်တန် ခြောက်ရမည်။ မြှားရှ် ခေါ်တန် ခေါ်ရမည်။ သူတို့ အားကောင်းချက်၊ သူတို့ အားနည်းချက်ကို သိထားရမည်။ သူတို့၏ စိတ္တဇဗေဒကို နားလည်ရမည်။

'ပထမ အခေါက် အထမ်းလိုက်တုန်းက ဦးလေးရ၊ ကျွန်တော်တို့ ပါတဲ့ ပစ္စည်းကလေးတွေက ထားဝယ် ရောက်တော့ ကုန်ပြီ၊ ဒါနှင့် နတ်အိမ်ထောင် ဘက်ကို အထမ်း လိုက်မယ် ဆိုပြီး လိုက်သွားကြတာ၊ အိမ်လည်း မပြန်ရဲတော့ ဘူးလေ၊ ပြန်စရာ စရိတ်လည်း မရှိတော့ဘူး၊ အထမ်း လိုက်တာက နယ်စပ် အထိ လိုက်ရတယ်၊ အသွားတုန်းက ကျွန်တော်တို့မှာ ဆေး နည်းနည်းပါးပါး

mgyoe.com
SAMPLE BOOK

ပါတယ်၊ ဒီပြင် အထမ်းသမားတွေကတော့ ဆေး မပါကြဘူးပေါ့၊ သူတို့က ဆေးမှ မရှုကြဘဲကိုး၊ ဒါပေမဲ့ အဲဒီထဲက တစ်ယောက်ကတော့ ဆေးရှုတယ်၊ သူ့ဆေး မပါလို့ တင်ထွန်းအောင်က သနားပြီး ဆေး နည်းနည်း ချေးတယ်၊ နယ်စပ်က အပြန် ပိုက်ဆံ ရလို့ ဆေး ဝယ်ရင် သူ့ကို ပြန်ပေးရမယ်ပေါ့၊ ဦးလေး စီးကရက် တစ်လိပ် ပေးပါဦး'

ရဲမြင့်က စကား ဖြတ်၍ စီးကရက် တောင်းသည်။ ကိုနန္ဒာက သိပ် မပေးချင်။ သူက တစ်လိပ် မကုန်သေး၊ ရဲမြင့်က တစ်လိပ် ကုန်နေပြီ။ နံပါတ်ဖိုးလောက် မဆိုးသည့်တိုင် စီးကရက်ကို သည်လောက် သောက်လျှင် ကျန်းမာရေး ထိခိုက်သည်။ သို့သော် ကိုနန္ဒာ မငြင်းရက်။ တစ်လိပ် ထုတ်ပေးသည်။ ရဲမြင့်က စီးကရက်ကို အားရပါးရ ဖွာသည်။

'အပြန်ကျတော့ ဒီကောင် ထမ်းခ ရလို့ ဆေး ဝယ်လာပေမဲ့ တင်ထွန်းအောင်ကို အချေး ပြန်မဆပ်ဘူး၊ မပေးဘူးပေါ့လေ၊ ဗလကလည်း ခပ်ကောင်းကောင်း ဆိုတော့ အနိုင် ကျင့်တာပေါ့၊ ဒီတော့ စကား များပြီး ဟိုကောင်က တင်ထွန်းအောင်ကို ထိုးတယ်၊ တင်ထွန်းအောင်က ပျော့ပျော့လေး ဆိုတော့ ခံရတာပေါ့ ဦးလေးရ၊ ဒီတင် ကျွန်တော်နှင့် ဖြစ်တာပဲ၊ ကိုယ့်သူငယ်ချင်းကို မတရား လုပ်တော့ ဘယ်ခံချင်မလဲ ဦးလေးရ၊ ကိုယ့်သူငယ်ချင်းတင် မဟုတ်ပါဘူးလေ၊ ဘယ်သူ့ကို ဖြစ်ဖြစ် ကိုယ့် ရှေ့မှာ မတရား လုပ်ရင် ဘယ်ခံချင်ပါ့မလဲ၊ ဒီတင် ကျွန်တော်က ချဲတာပဲ'

'ဟိုကောင်က မင်းနှင့် ရွယ်တူလား'

ရဲမြင့်က ရယ်သည်။ ရဲမြင့်သည် စကား ပြောတော့မည် ဆိုလျှင်၊ အထူးသဖြင့် စိတ်မကောင်းစရာ စကား ပြောတော့မည် ဆိုလျှင် ဟက်ခနဲ ရယ်ပြီးမှ စကား ပြောလေ့ ရှိသည်။ သည်အချက်ကို ကိုနန္ဒာ သတိပြုမိသည်။

'ကျွန်တော့်ထက် အသက်လည်း ကြီးတယ်၊ အလုံးအထည်လည်း ကြီးတယ် ဦးလေးရ၊ နည်းတဲ့ ဗလကြီး မဟုတ်ဘူး၊ ပြီးတော့ ဒီကောင်က အထမ်းသမားတွေ ကြားထဲမှာ သိပ် ဖျံကျတဲ့ ကောင်၊ ဗိုလ်လည်း ကျတယ်၊ တချို့လည်း ကြောက်တော့ ငုံ့ခံကြရတာပေါ့၊ ကျွန်တော်က ချဲတော့ ဒီလို ချာတိတ်က သူ့ကို ချဲရပါ့မလား၊ မဆိုင်ဘဲနှင့် ဝင်ရှုပ်ရပါ့မလား ဆိုပြီး နားပန် ကျင်းလိုက်တာ ဦးလေးရာ၊ ပွထူသွားတာပဲ'

'မင်း ခံလိုက်ရတာပေါ့'

ရဲမြင့်က တစ်ချက် ရယ်ပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဘယ်ရမလဲ ဦးလေးရာ၊ ကျွန်တော့်မှာ ဒါ ရှိတာပေါ့၊ အိတ်ထဲက ဓားကို ထုတ်ပြီး ဖြဲချလိုက်တာ ဒီကောင် ကံကောင်းလို့ ဗိုက် မထိတာပေါ့'

'ဘယ်ထိသွားလဲ'

'လက်မောင်းကို ရှပ်ထိသွားတယ်၊ တောက် နာလိုက်တာ ဦးလေးရာ၊ ဒီကောင့်ကို ကျွန်တော် လှလှကြီး မဆုံးမလိုက်ရဘူး'

ကိုနန္ဒာသည် ရဲမြင့်ကို ကြည့်၏။

ရဲမြင့်၏ အသက်သည် ဆယ့်ရှစ် ဆယ့်ကိုးမျှသာ ရှိဦးမည်ဟု ကိုနန္ဒာ ထင်သည်။ ကြွားပြောနေခြင်း ဟုတ်ဟန် မတူ။

'နောက်တော့ ဘယ်လို ဖြစ်သွားလဲ'

'နောက်တော့ သူ လွှန်မှုန်း အားလုံးကလည်း သိ၊ သူ ဖျံကျတာကိုချည်း ခံခဲ့ကြရတာ ဆိုတော့ အားလုံးက ကျွန်တော့် ဘက်က ပါတာပေါ့၊ ဒီကောင် လည်း နောက်ဆိုရင် ကျွန်တော့်ကို ရှိန်သွားတာပဲ၊ အနိုင် မကျင့်ရဲတော့ဘူး၊ အဲဒီ ကတည်းက ကျွန်တော် ဓားကို ကောင်းကောင်း ကိုင်တတ်လာတာ ဦး လေးရ၊ ရန်ကုန်တုန်းက မောင်းပြန်ဓား ကိုင်တယ် ဆိုတာ လိုလို့ ကိုင်တာ မဟုတ်ဘူး၊ အလှ ကိုင်တာ၊ သူများ ကိုင်လို့ ဖက်ရှင် ထွင်ပြီး လိုက်ကိုင်တာ၊ ဒီကျတော့ လိုလို့ ကိုင်တာ၊ လက်သီးနှင့် လာတဲ့ ရန်သူကို ဓားနှင့် တုံ့ပြန်ရ မယ်၊ ဓား တစ်လက်နှင့် ရန်သူကို ဓား နှစ်လက်နှင့် တုံ့ပြန်ရမယ်၊ တစ်လက် က ဒီမှာလေ'

ရဲမြင့်က ဘောင်းဘီအောက် ခြေသလုံးတွင် သားရေ ကြိုးဖြင့် စည်းထား သော မောင်းပြန် မောင်းချဓားကို ထုတ်ပြသည်။

'မင်းက ဘယ်ဆိုးလို့တုံးကွ'

ကိုနန္ဒာက ပြောသည်။

'ဆိုးရင် ဖမ်းသွားမှာပေါ့ ဦးလေးရ၊ ကျွန်တော်နှင့် ဟိုကောင် ချကြ တော့ ဦးလေး တူက ဘာလုပ်တယ် ထင်သလဲ'

ရဲမြင့်က မေးသည်။

'ဘာလုပ်သလဲကွ'

'ငိုတယ် ဦးလေးရ၊ ဦးလေး တူက ငိုတယ်၊ သိရဲ့လား၊ တော်တော် ဟားရတယ်၊ သူ့ အတွက် ဖြစ်ရလို့ စိတ်မကောင်းဘူး ဆိုပြီး ငိုသတဲ့၊ သူ ငိုတာ ဟိုကောင်များ သိသွားရင် ဘယ်သနားမလဲ၊ ထပ်ပြီးတောင် အနိုင် ကျင့်လိမ့်ဦးမယ်၊ ကျွန်တော် ဓားနှင့် ဆုံးမလိုက်လို့၊ ဓားနှင့် ဝေဖန်ရေး လုပ်


mgyoe.com

mgyoe.com SAMPLE BOOK
လိုက်လို့ ဟိုကောင် သူ့ကိုယ်သူ ပြင်သွားတာ၊ လူ တစ်ယောက်ကို မျက်ရည်နှင့် ပြုပြင် ပြောင်းလဲလို့ မရဘူး ဦးလေးရ၊ ဓားနှင့် ပြုပြင် ပြောင်းလဲမှ ရတယ်၊ မဟုတ်လား ဦးလေးရ၊ ဟား ဟား'

ရဲမြင့်က သူ့ စကားကို သူ သဘော ကျ၍ ရယ်သည်။

ရဲမြင့်သည် လူသာ ငယ်ပေမဲ့ စကား အဆန်းတွေတော့ ပြောတတ်သည်။ သူ့ စကားသည် သူ့ အဘိဓမ္မာ၊ သူ့ ဒဿနကို ဖော်ပြသည်ဟု ကိုနန္ဒာ ယူဆသည်။

ရဲမြင့်၏ စကားကို ကိုနန္ဒာ ကြိုက်ချင် ကြိုက်၊ မကြိုက်ချင် နေနိုင်သည်။ ဤသည်မှာ သူ၏ ဒဿန ဖြစ်သည်။ သူ၏ အဘိဓမ္မာ ဖြစ်သည်။ ရဲမြင့်သည် သူ့စကား အတိုင်း လုပ်မည် ဆိုလျှင် ပြတ်သားပုံ ရသည်။ သတ္တိ ရှိပုံလည်း ရသည်။

'နေစမ်းပါဦး၊ ခုတလော မင်းတို့ အထမ်း မလိုက်ဘူးလား'

'မလိုက်ဘူး ဦးလေးရ၊ မှောင်ခိုတွေကို စစ်တပ်က အတင်း လိုက်နေတော့ လမ်းတွေ ပိတ်နေတယ်၊ တခြား တောလမ်းက သွားရတယ်၊ လမ်းက သိပ်ကြမ်းတော့ ဦးလေး တူက သိပ်မလိုက်ချင်ဘူး၊ ကျွန်တော်ကတော့ ရပါတယ်၊ ဘယ်လမ်းက သွားရ သွားရ အရေးမကြီးဘူး၊ သူ့ ငွေ့နေရတာနှင့်၊ ကျွန်တော် လိုက်သွားမယ်၊ သူ နေရစ်ခဲ့ ဆိုတော့လည်း မနေရစ်ခဲ့ချင်ဘူး၊ သူလည်း မလိုက်နိုင်ဘူး၊ ဒီအထဲ ဆေး ပြတ်တော့ ဦးလေး တူ မနေနိုင်ဘူး၊ အိမ်ပြန်ချင်တယ် ဆိုပြီး ငိုလိုက် ရယ်လိုက် လုပ်နေသေးတယ်၊ ဒါနှင့် ကျွန်တော် သူ့အတွက် ဆေးလေး ဘာလေး ရအောင် ဝက် လာရှာတာပေါ့'

ကိုနန္ဒာတို့ မနီးမဝေးတွင် ခရီးသည်တွေ အိပ်ကုန်ကြပြီ။ ဟောက်သံ၊ အံသွား ကြိတ်သံ၊ ယောင်ယမ်းသံတို့ကို ကြားရသည်။ ကိုနန္ဒာသည် ခါးကို ဆန့်ကာ မျက်လုံးကို မှိတ်လိုက်သည်။ အိပ်ချင်လှပြီ။

'ဦးလေး'

ကိုနန္ဒာ အိပ်ပျော်တော့မည် အပြု ရဲမြင့်၏ အသံကို ကြားရသည်။

'ဟင်'

'စီးကရက် ရှိသေးလား၊ တစ်လိပ်လောက် ပေးပါဦး'

သည်တစ်ခါတော့ ရဲမြင့် လွန်လွန်းပြီဟု ကိုနန္ဒာ ထင်သည်။ သူနှင့် ရဲမြင့်တို့ စကား ပြောနေကြစဉ် သူက စီးကရက် တစ်လိပ်မျှသာ ကုန်သေးသည်၊ ရဲမြင့်က လေး ငါးလိပ်လောက် ကုန်နေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုနန္ဒာ့ အိတ်ထဲတွင် စီးကရက်ဘူး တစ်ဘူး ရှိသေးသည်။ သို့ရာတွင် ကိုနန္ဒာ ရဲမြင့်ကို နောက်ထပ် မပေးချင်။ အသောက် များသည်ဟု ယူဆသည်။ ရဲမြင့် စိတ်ကိုလည်း စမ်းလိုသည်။ ထို့ကြောင့် ကိုနန္ဒာ မုသား ပြောသည်။

'ကုန်ပြီကွ၊ မရှိတော့ဘူး'

'အဲဒါမှ ဒုက္ခပဲ၊ အိပ်လို့ မပျော်ဘူး'

'ယောကျ်ားပဲကွာ၊ ဒီလောက်မှ ကိုယ့်စိတ် ကိုယ် မနိုင်ဘူးလား၊ ရှိရင် သောက် မရှိလည်း မသောက်ဘဲ နေလိုက်တာပေါ့၊ ခဏ ကြာရင် အိပ်ပျော် သွားမှာပါ'

ရဲမြင့် ဘာမျှ မပြော။ သက်ပြင်း တစ်ချက်ကို ရှိုက်ကာ မှောက်၍ အိပ်သည်။ ခဏ ကြာတော့ ရဲမြင့်ထံမှ ဟောက်သံ ထွက်လာသည်။

ကိုနန္ဒာသည် ရဲမြင့်၏ ဟောက်သံကို နားထောင်ရင်း ပြုံးလိုက်သည်။ ထို့နောက် ကိုယ်ကို နေသားကျအောင် ပြင်ကာ အိပ်ရန် ကြိုးစားသည်။ သို့ရာ တွင် အိပ်၍ မရ။

စင်စစ် ထိုညက အိပ်မပျော်သူမှာ ရဲမြင့် မဟုတ်၊ ကိုနန္ဒာသာ ဖြစ်သည်။

mgyoe.com

mgyoe.com 

mgyoe.com

mgyoe.com SAMPLE BOOK

## ၈

ထွက်လာပြီးမှ သည် ခရီးကို လာမိသည်မှာ မှားပြီဟု ကိုနန္ဒာ နောင်တ ရသည်။

နောက်တစ်နေ့ နံနက် နတ်အိမ်ထောင်သို့ လိုက်၍ တင်ထွန်းအောင်ကို ခေါ်ပြီး ထားဝယ်သို့ ပြန်လာသည် အထိတော့ ပြဿနာ မပေါ်သေး။

နံနက် နတ်အိမ်ထောင်သို့ ရောက်၍ တင်ထွန်းအောင်ကို မိုင်း အလုပ်သမားများ နေသည့် တဲကလေး တစ်လုံးတွင် တွေ့ရသည်။ ကိုနန္ဒာကို မြင်တော့ တင်ထွန်းအောင် ဖက်ငိုသည်။ တင်ထွန်းအောင် စိတ်ဓာတ် ကျနေပြီ။ မကျ၍လည်း မခံနိုင်တော့ပါ။ ပါသွားသည့် ပစ္စည်းကလေးတွေကလည်း ကုန်ပြီ။ စားရေး သောက်ရေး အတွက် ပင်ပင်ပန်းပန်း အလုပ် လုပ်ရသည်။ အထမ်း အငှား လိုက်ရသည်။ အထမ်း အငှား လိုက်ရသည် ဆိုသည့် ကိစ္စမှာ လွယ်သည့် ကိစ္စ မဟုတ်။ တောင် လေး ငါး ဆယ်လုံး ကျော်၍ တစ်ဖက် နယ်ထဲကို လိုက်ရခြင်း ဖြစ်သည်။

အိမ်တွင် မိဘ လုပ်စာကို အခန့်သား ထိုင်စားရသည်။ ဂစ်တာလေး တီးသည်။ ရုပ်ရှင် ကြည့်သည်။ သည်လို ဇိမ်ကျကျ နေခဲ့ရသော တင်ထွန်းအောင်သည် ထမင်း တစ်လုတ် စားရပါမည့် အရေး သည်လောက် ပင်ပင်ပန်းပန်း လုပ်ရသည့် အခါတွင် မခံနိုင်တော့။ သည်အထဲတွင် ထမင်းကို နပ်မှန်အောင် စားရသည် မဟုတ်။ သို့ရာတွင် ထမင်း ပြတ်သည်ထက် ဆေး ပြတ်သည်က ပိုဆိုးသည်။ ထမင်းကို သုံး လေးရက်တော့ အငတ်ခံနိုင်သည်။ သို့ရာတွင် ဆေး ပြတ်သည်ကိုမူ တစ်ရက် မခံနိုင်။

သည်တွင် တင်ထွန်းအောင် ငိုသည်။ သူ့အမေကို လွမ်းသည်။ ညီလေး၊ ညီမလေးတွေကိုလည်း လွမ်းသည်။ ရည်းစားကိုလည်း လွမ်းသည်။

သူ့ ရည်းစားက သူ့လိုပင် အရာရှိ တစ်ဦး၏ သမီး ဖြစ်သည်။ သည်နှစ် ဆယ်တန်း အောင်သည်။ သူ့ကို စိတ်မပျက်ရန် အားပေးသည်။ သို့ရာတွင်



mgyoe.com

mgyoe.com SAMPLE BOOK

တင်ထွန်းအောင် ရှက်သည်။ သူ့ရည်းစားက အောင်ပြီး သူက မအောင်တော့ သူ့ ချစ်သူကို သံသယ ဝင်လာသည်။ တက္ကသိုလ်တွေ၊ ကောလိပ်တွေ ရောက်လျှင် သူ့ ချစ်သူက သူ့ကို မေ့မည်။ ကျောင်းတော်ကြီးသားတွေနှင့် တွဲမည်ဟု စိုးရိမ်လာသည်။

သည်အထဲ ဖေဖေက သူ့ကို စကား မပြော။ ပ ထုတ်ထားသည်။ ဖေဖေက ဂစ်တာ တီး၍ ကျသည်၊ ဆံပင်ရှည် ထား၍ ကျသည်၊ ဘိုင်စကုတ် ကြည့်၍ ကျသည်ဟု ဆူသည်။ အိမ်တွင် မျက်နှာကောင်း နည်းနည်းမျှ မရ။ ဖေဖေသည် သူ့အား နံပါတ် ဖိုး စွဲနေသည်ဟု သိဟန် မတူ။ နံပါတ် ဖိုး ကိစ္စကို သိလျှင် ပိုပြီး လောင်လိုက်မည့် ဖြစ်ခြင်း။ ထို့ကြောင့် မျက်နှာကောင်း မရသော အိမ်တွင် မနေချင်။ လွတ်ရာ ကျွတ်ရာသို့ ပြေးချင်သည်။

သည်တွင် ရဲမြင့်နှင့် ညှိကြသည်။ ရဲမြင့်ကလည်း စာမေးပွဲ ကျသူ ဖြစ်သည်။ အိမ်က ထွက်ပြေးချင်သည်။ ရဲမြင့်၏ အဖေသည်လည်း အရာရှိကြီး တစ်ဦးပင် ဖြစ်သည်။ သူ့တွင် အမေ မရှိတော့။ ငယ်ငယ် ကတည်းက အမေ ဆုံးပြီ။ မကြာခင် သူ့အဖေ နောက် မိန်းမ ယူသည်။ နောက် မိန်းမက ခပ်ငယ်ငယ်။ မိန်းမ၏ ဆွေတွေ မျိုးတွေ တစ်လှေကြီး သူတို့ အိမ်ပေါ် တက်လာသည်။ မိထွေးက သူ့ကို မကြည်ဖြူ။ ကြာတော့ ရဲမြင့် အနေ ကျုံ့လာသည်။ သိမ်ငယ်လာသည်။

သူ့ အဖေကလည်း မယား ဘက်က ပါသည်။ မိထွေးက သူ့ အပေါ် မကြည်ဖြူသည်ကို အဖေသည် မသိချင်ယောင် ဆောင်နေသည်။

သည်ကတည်းက ရဲမြင့်သည် မိထွေးကိုသာမက အဖေကိုလည်း စိတ်နာသည်။ မိထွေးက မွေးသည့် သားများကလည်း သူ့ အပေါ် ဗိုလ်ကျချင်သည်။ သူ့ဘက်မှာ တစ်ယောက်မျှ မရှိ။ သည်အဖေ တစ်ယောက်ကို တွယ်တာနေသော်လည်း သည်အဖေက သူ့ နောက်မိန်းမနှင့် ကလေးတွေ ဘက်က ရပ်သော အခါ ရဲမြင့်သည် သူ့ ပတ်ဝန်းကျင်ကို နာကြည်းလာသည်။ ပထမတွင် အားငယ်သည်။ သူ့အပေါ် ကြင်နာမည့် သူကို တောင့်တသည်။ သို့ရာတွင် ရှာမတွေ့။ မည်သူကမျှ သူ့ကို တွယ်တာခြင်း မရှိ။ သည်တွင် ရဲမြင့်ကလည်း မည်သူ့ကိုမျှ မတွယ်တာချင်တော့။ ကိုယ်က အစစအရာရာ အနစ်နာခံရသည် ဟူသော မာနသည် သူ့ ရင်ထဲတွင် တဖြည်းဖြည်း ကြီးထွားစ ပြုလာသည်။ သည်အိမ်က ထွက်ပြေးချင်ပြီ။ ကိုယ့်လမ်း ကိုယ် သွားချင်ပြီ။ အသက် ဆယ့်ရှစ်နှစ် ကျော်ပြီ မဟုတ်လော။



mgyoe.com

mgyoe.com SAMPLE BOOK

သည်တွင် .အိမ်က ထွက်ပြေးချင်သော တင်ထွန်းအောင်နှင့် ရဲမြင့်တို့ အစီအစဉ် ဆွဲကြသည်။ စင်စစ် တင်ထွန်းအောင်သည် ဘာမျှ သိသူ မဟုတ်။ မည်သည့် နေရာသို့မျှ မရောက်ဖူး။ ငယ်ငယ်က မန္တလေးသို့ တစ်ခေါက် ရောက်ဖူးရုံသာ ရှိသည်။ သူ့တွင် စိတ်ညစ်သဖြင့် အိမ်က ထွက်ပြေးချင်စိတ် တစ်ခုသာ ရှိသည်။ အခြား ဘာမျှ မစီစဉ်တတ်။ သူ ရောက်ဖူး ကြားဖူးသည့် မန္တလေးသို့ ပြေးချင်သည်။

ရဲမြင့်က သူ့လို မဟုတ်။ စိတ်ကူး ရှိသည်။ စေ့စပ်သည်။ မန္တလေးနှင့် ရန်ကုန် ဆိုသည်မှာ အိမ်ဦးနှင့် ကြမ်းပြင် ဖြစ်သည်။ အဆက်အသွယ် များသည်။

မန္တလေးသို့ ပြေးလျှင် အိမ်သို့ ချက်ချင်း သတင်း ရောက်မည်။ မန္တလေး ဘက်သို့ အယောင် ပြ၍ မော်လမြိုင် ဘက်သို့ ဆင်းမည်။ မော်လမြိုင်တွင် အခြေအနေ စုံစမ်း၍ ရေး၊ မြိတ်၊ ထားဝယ်တို့ ဘက်သို့ ထွက်မည်။ သည်ဘက်တွင် သူတို့ အတွက် 'ဆေး' လည်း ပေါပေါ ရနိုင်သည်။ မှောင်ခို ကုန် မျိုးစုံ ပေါသဖြင့် ငွေလည်း ရှာရ လွယ်သည်ဟု တွက်ပြသည်။

တင်ထွန်းအောင်မှာ ကိုယ်ပိုင် ဦးနှောက်ဖြင့် ဘာမျှ မစဉ်းစားတတ်။ ထို့ကြောင့် ရဲမြင့်၏ အစီအစဉ်ကို လက်ခံလိုက်သည်။

ပါလာသည့် ပစ္စည်းကလေးတွေ မကုန်ခင်တော့ တင်ထွန်းအောင် ပျော်သည်။ အသစ်အဆန်းတွေကို တွေ့ရသည်။ ပတ်ဝန်းကျင်သစ်၊ လူသစ်တွေကို ကြုံရသည်။ 'ဒါကြောင့် လွတ်လပ်မှုကို လူတွေ တောင့်တကြတာကိုး' ဟု တင်ထွန်းအောင် တွေးမိသည်။ တစ်ခါတစ်ရံ ည အိပ်ရာဝင်၌ အိမ်ကို လွမ်းသည်မှ အပ တင်ထွန်းအောင် ပျော်သည်။ သို့ရာတွင် ပါလာသည့် ပစ္စည်းလေးတွေ ကုန်၍ ပင်ပင်ပန်းပန်း လုပ်ရသော အခါ တင်ထွန်းအောင် အားငယ်လာသည်။ သူ့ ဘဝကို သူ တွေး၍ မျက်ရည် ကျသည်။ သူ့အမေ သူ့ကို ဘယ်လောက်များ လွမ်းနေမလဲဟု တွေး၍လည်း မျက်ရည် ကျသည်။ ညီတွေ၊ ညီမတွေကို လွမ်း၍လည်း မျက်ရည် ကျသည်။ ချစ်သူကို လွမ်း၍လည်း မျက်ရည် ကျသည်။

ရဲမြင့်ကတော့ သူနှင့် ပြောင်းပြန်။ အိမ်နှင့် ဝေး၍ ပိုပျော်သည်။

'ငါ့မှာ ငိုစရာ မျက်ရည် မရှိတော့ဘူးကွ၊ မေမေ ဆုံးတုန်းက ငိုလို့ မျက်ရည်တွေ မကျန်တော့ဘူး၊ ငါ့ မျက်ရည်တွေကို မေမေ့ အလောင်းနှင့် အတူ မြေမြှုပ်ပစ်လိုက်ပြီ၊ မျက်ရည် မရှိတော့ဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

မည်မျှ မှန် မမှန်တော့ မသိ။ ရဲမြင့်သည် သည်လို စကားကြီး စကားကျယ်တွေကိုလည်း ပြောတတ်သည်။ ဟုတ်သလောက်တော့လည်း ဟုတ်မည်ဟု တင်ထွန်းအောင် ထင်သည်။ ယခု အထိ သူ အကြိမ်ကြိမ် မျက်ရည် ကျဖူးသော်လည်း ရဲမြင့် မျက်ရည် ကျသည်ကို သူ တစ်ခါမျှ မမြင်ဖူးသေး။

ထို့ကြောင့် တင်ထွန်းအောင်သည် ရဲမြင့်ကို အထင် ကြီးသည်။ ရဲမြင့်သည် သူ့ 'ဟီးရိုး' ဖြစ်နေသည်။

တင်ထွန်းအောင်သည် ရဲမြင့်လို မျက်ရည် မကျအောင်၊ စိတ်ဓာတ် ကြံ့ခိုင်အောင် ကြိုးစားကြည့်သည်။ အတု ခိုးကြည့်သည်။ သို့ရာတွင် တကယ် ငိုချင်လာသည့် အခါကျတော့ မည်မျှ စိတ်တင်းထားသည် ဆိုစေ၊ မျက်ရည်တွေ အလိုလို ကျလာတတ်သည်။ ရဲမြင့်ထက် ပို၍ သူ့တွင် မျက်ရည် ထုတ်သော အကျိတ်တွေ ပိုများလေသလားဟု တင်ထွန်းအောင် ကြံကြံဖန်ဖန် တွေးမိသေးသည်။

ရဲမြင့် ထွက်သွားတော့ နတ်အိမ်ထောင် စခန်းတွင် တင်ထွန်းအောင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူ တစ်ယောက်တည်း ကျန်သည့် အခါ၌ တင်ထွန်းအောင် ပို၍ အားငယ်သည်။ သူ ရဲမြင့်နှင့် အတူ လိုက်ချင်သည်။ သို့ရာတွင် ရဲမြင့်က ခွင့်မပြု။ ရဲမြင့်ကသာ မဟုတ်၊ သူ့ခန္ဓာကိုယ်ကလည်း ခွင့်မပြု။ ဆေး ပြတ်၍ လည်းကောင်း၊ အစာ ချို့တဲ့၍ လည်းကောင်း အားနည်း နေသည့် အထဲတွင် လမ်းက ကြမ်းသည်။ တောင်တွေကို ကျော်ရသည်။

ရဲမြင့်ကမူ သည်ခရီးလောက်ကို မမှု။ ဘောင်းဘီ အိတ်ထဲက မောင်းပြန်မောင်းချ ဓားကလေးကို ထုတ်ကာ ဓားပေါက်တမ်း ကစားရင်း သွားနေကျဖြစ်သည်။ ရဲမြင့်သည် ဓားပေါက် ကျင်လည်သည်။ ကျင်လည်အောင်လည်း အားလျှင် ဓားပေါက် နေတတ်သည်။ သူ သွားရာ တောလမ်း ဘေးက သစ်ပင်များတွင် ဓားပေါက်ရာများ၊ ဓားခြစ်ရာများကို တွေ့ရတတ်သည်။

ယခု ကိုနန္ဒာနှင့် နတ်အိမ်ထောင်သို့ လာတော့လည်း ရဲမြင့်သည် စကားပြောလိုက်၊ သစ်ပင်ကို ဓားနှင့် လှမ်းပေါက်လိုက်၊ သစ်ခေါက်ကို ဓားနှင့် ထစ်လိုက်ဖြင့် လိုက်လာသည်။ ဆယ်ချက် ပေါက်လျှင် သုံးချက်လောက်သာ လွဲသည်။ ကျန် ဓားချက်များမှာ ပစ်မှတ်ကို ထိကြသည်။

ကိုနန္ဒာသည် ရဲမြင့်၏ ဖျတ်လတ်ပုံ၊ သတ္တိကောင်းပုံ၊ ဇွဲရှိပုံကို ကြည့်၍ အံ့ဩရသည်။ အပင်ပန်းလည်း ခံနိုင်သည်။ လမ်းတွင် ကိုနန္ဒာကိုပင် သူက စောင့်ခေါ်ရသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နတ်အိမ်ထောင်သို့ ရောက်၍ ကိုနန္ဒာကို မြင်လိုက်သည့်တွင် တင်ထွန်းအောင် အံ့အားသင့်နေသည်။ ကြောက်လည်း ကြောက်နေသည်။ ထို့နောက် မျက်ရည်တွေ စီးကျလာကာ ကြုံကြုံပါအောင် ငိုသည်။

ကိုနန္ဒာက ရဲမြင့်ကို ပြောခဲ့သည့် အတိုင်း ရှာပုံတော် ဇာတ်လမ်းကို ပြန်ခင်းရသည်။

တင်ထွန်းအောင်က ငိုရှိုက်လျက် ရှိစဉ် ရဲမြင့်က တင်ထွန်းအောင်ကို ငေးကြည့်နေသည်။

'မှားတာ မှားပေ့စေပေါ့ကွာ၊ ဒါကို သင်ခန်းစာ ယူပြီး နောင် မမှားအောင် ပြင်ပေါ့၊ အိမ်က မိဘတွေ သိပ်စိတ်ပူနေကြပြီ'

ကိုနန္ဒာက ဖျောင်းဖျသည်။

'အိမ်ကျရင် ဖေဖေက ရိုက်မှာ ဦးလေးရ၊ ဖေဖေရော သိသွားပြီလား'

'မသိသေးပါဘူး၊ မင်း မေမေကို ဒီအကြောင်း ထည့်မရေးဖို့ ဦးလေး ပြောထားတယ်၊ ရိုက်လည်း မရိုက်ပါဘူး၊ ငါ တာဝန် ခံပါတယ်'

'ဟော့ ရဲမြင့်၊ ဘယ့်နှယ်လဲ'

တင်ထွန်းအောင်က ရဲမြင့်ကို လှမ်းမေးသည်။ ရဲမြင့်က မည်သို့မျှ မဖြေ။ မောင်းပြန် မောင်းချ ဓားကို ဖွင့်ချည် ပိတ်ချည် ပြုနေသည်။

'ရဲမြင့်လည်း လိုက်ရမှာပေါ့ကွ၊ ခု ဦးလေး လိုက်လာတာ မင်းတို့ နှစ်ယောက်စလုံး အတွက် လိုက်လာတာပဲ၊ ရဲမြင့် ဖေဖေကလည်း ဦးလေးကို အားလုံး တာဝန် ပေးလိုက်တာပဲ'

'ကျွန်တော်တော့ သိပ်မလိုက်ချင်ဘူး ဦးလေး'

ရဲမြင့်က ခပ်တိုတို ဖြေသည်။

'အို ဘာဖြစ်လို့ မလိုက်ချင်ရမှာလဲကွ၊ မင်းတို့ ဒီလို တောထဲ တောင်ထဲ လာနေလို့ ဖြစ်မလား၊ ရေရှည်ကျတော့ မင်းတို့ ဘယ်ဖြစ်မလဲ၊ ဒုက္ခရောက်ကုန်မှာပေါ့'

ရဲမြင့်သည် ခပ်တွေတွေ လုပ်နေသည်။ ပြောသင့် မပြောသင့် ချိန်ဆနေဟန် တူသည်။ ကိုနန္ဒာသည် မိမိတို့ အပေါ်၌ တကယ် စိတ်ကောင်း ထားသူလော၊ ကိုယ့်လူ သူ့ဘက်သားလောဟု စဉ်းစားနေပုံ ရသည်။

ကိုနန္ဒာသည် အပြင်ပန်းကို ကြည့်လျှင်တော့ သူတို့ကို ထောက်ထား စာနာသူ တစ်ဦး ဖြစ်ဟန် ရှိသည်။ လူငယ်တွေနှင့် လိုက်လျောညီထွေ ဖြစ်အောင် နေတတ်သူလည်း ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သို့ရာတွင် ကိုနန္ဒာ့ ရင်ထဲတွင် မည်သို့ သဘောမျိုး ရှိသည်ကိုမူ ရဲမြင့် မသိ။

'ကျွန်တော့်ကို ကိုယ့်ထမင်း တစ်လုတ်တောင် ရှာမစားတတ်တဲ့ ကောင်လို့ အိမ်က ပြောတယ် ဦးလေးရ၊ ဒီတော့ ကိုယ့်ထမင်း ကိုယ် ရှာစားတတ်တယ် ဆိုတာ အကြောင်း သိသွားအောင် ပြရတာပေါ့၊ ကူလီ ထမ်းဦးတော့ ထမင်း တစ်လုတ်တော့ စားရပါတယ် ဦးလေးရာ၊ ကူလီ မထမ်းနိုင်ရင်လည်း ခိုးစားဦး၊ ထမင်း တစ်လုတ်တော့ စားရတာပဲ'

ရဲမြင့်ကို လွယ်လွယ်နှင့် ပြော၍ ရမည် မဟုတ်ကြောင်း ကိုနန္ဒာ သဘောပေါက်ပြီ။ သည်ကောင်က ထက်သည်။ အကင်း ပါးသည်။ စကားလည်း တတ်သည်။ တင်ထွန်းအောင်လို မေ့လွယ် ပျောက်လွယ် မဟုတ်။ အမှတ်သည်းခြေ ကြီးသည်။ လူငယ်တို့ ဘာဝ ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချသည်။ လူကြီးကို အထင် သေးသည်။ ကိုယ် လုပ်သမျှကို အမှန်ဟု ထင်တတ်သည်။

သည်တော့ ရဲမြင့်ကို သူ့ဘက်သို့ သိမ်းသွင်းလိုလျှင် သေနင်္ဂဗျူဟာကို တစ်မျိုး ပြင်ရမည်။ တင်ထွန်းအောင်ကို သုံးသည့် သေနင်္ဂဗျူဟာမျိုးဖြင့် မရ။ တင်ထွန်းအောင်က လွယ်သည်။ သူ့အမေ အကြောင်းကို တင်ထွန်းအောင် စိတ်ထိခိုက်လောက်အောင် ပြောရမည်။ အိမ်တွင် ဇိမ်ကျကျ နေရမည့် ဘဝကို တင်ထွန်းအောင် အားကျ၍ သွားရည် ယိုလောက်အောင် ပြောရမည်။ သူတို့နှစ်ဦး ရှေ့ကြုံတွေ့ရမည့် အခက်အခဲများကို စိမ့်၍ ကြောက်လာအောင် ပြောရမည်။ အိမ်မှ ထွက်ပြေးသဖြင့် လူငယ်တွေ မည်သို့ မည်ပုံ ဒုက္ခ ရောက်တတ်ကြကြောင်းကို ဥပမာ ဥပမေယျတွေနှင့် ပြောရမည်။

သည်လောက် ပြောလျှင် တင်ထွန်းအောင်ကို အနိုင် ရမည်။

ကိုနန္ဒာ ထင်သည့် အတိုင်း တင်ထွန်းအောင်ကို နာရီဝက် ကြာအောင်ပင် မပြောရ။ ကိုနန္ဒာ့ စကားများကို တင်ထွန်းအောင်သည် မျက်နှာငယ်ကလေးဖြင့် နားထောင်သည်။ သူ့ မျက်လုံးတွင် မျက်ရည်တွေလည်း ဝဲနေသည်။ တင်ထွန်းအောင် စိတ်ဓာတ် ပြိုဆင်းနေသည်မှာတော့ သေချာသည်။ အိမ် ပြန်လိုက်ချင်နေပြီ။ သို့ရာတွင် ဘာမျှတော့ မပြောသေး။

တင်ထွန်းအောင်သည် ရဲမြင့်ကို အထင် ကြီးသည်။ ရဲမြင့်ကလည်း တင်ထွန်းအောင် အထင် ကြီးမည် ဆိုလျှင် ကြီးလောက်သည်။ တင်ထွန်းအောင်ကို သူများက အနိုင်ကျင့်လျှင် ရဲမြင့်က ရှေ့က ထွက် ကာကွယ်သည်။ အနှစ်နှာ

mgyoe.com

mgyoe.com SAMPLE BOOK

ခံသည်။ နံပါတ် ဖိုး ပြတ်ပြီ ဆိုလျှင်ပင် ရဲမြင့်က ခိုးဝှက်၍ ရှာပေးသည်။ ရဲမြင့် မပါလျှင် တင်ထွန်းအောင် လိုက်ချင်မှ လိုက်မည်။ ထို့ကြောင့် ရဲမြင့်ကို ဖြိုဖို့ အရေးကြီးသည်။

ရဲမြင့်က တင်ထွန်းအောင်လို လွယ်လွယ်နှင့် ပြော၍ ရမည့် အစားထဲက မဟုတ်။ သူ့ သဘောထားကို ကိုယ်က ပြည့်စုံအောင် သိဖို့ လိုသည်။ ကိုယ်က စကားပြော လောမကြီးဖို့ လိုသည်။ ကိုယ့်ဆန္ဒ အတိုင်း ဖြစ်ရမည်ဟု အကျပ် ကိုင်၍ မဖြစ်။ ဇွတ်အတင်း အကျပ် ကိုင်လျှင် လန့်ထွက်သွားမည်။

ထို့ကြောင့် ကိုနန္ဒာ ရဲမြင့်ကိုမူ သေနင်္ဗျူဟာ တစ်မျိုး သုံးရသည်။

ကိုနန္ဒာသည် ချက်ချင်း စဉ်းစားပြီး ရဲမြင့် အတွက် သူ့ သေနင်္ဗျူဟာ ကို ချက်ချင်း ချမှတ်လိုက်သည်။

ရဲမြင့်နှင့် ထိပ်တိုက် အငြင်း အခုံ မဖြစ်အောင် ရှောင်ရမည်။ ရဲမြင့်၏ ထင်မြင်ချက်ကို လေးစားကြောင်း ပြရမည်။ ကိုယ်က စကား နည်းနည်း ပြော ပြီး သူက စကား များများ ပြောအောင် လုပ်ရမည်။ သူ့ အမှားကို တုံးတိကြီး ထောက်ပြခြင်း မပြုဘဲ မသိမသာ ထောက်ပြရမည်။ သူ့ အမှား အကြောင်းကို မပြောမီ ကိုယ့် အမှားကို ကိုယ်က ပထမ များများ ပြောပေးရမည်။ သို့မှသာ အမှားသည် ပြင်၍ ရသော အမှားဟု သူ့ကိုယ်သူ မြင်လာအောင် သွယ်ဝိုက်၍ အားပေးရာ ရောက်မည်။ သူ့ကို ချောင်ပိတ် ဖမ်းသည့် အဖြစ်မျိုး မရောက် စေဘဲ ထွက်ပေါက် ပေးထားရမည်။ သူ့သိက္ခာကို သူ့ဘာသာသူ ပြန်ဆယ် နိုင်အောင် အခွင့်အလမ်း ပေးထားရမည်။ ထွက်ပေါက် မပေးလျှင် မထူးဘူး ဆိုပြီး မှားမှန်း သိလျက် ဇွတ်တိုးတတ်သည်။ သူ့ တော်ကွက်ကလေးများကို မသိမသာ ထောက်ပြရမည်။ သူ့ကို ကိုယ်ချင်း စာနာကြောင်း ပြရမည်။

ဤတွင် အစွန်း နှစ်ဖက်ကို ရှောင်ဖို့ လိုသည်။ ကိုယ် လိုချင်သည့် အရာ ကို အတင်း ဖိ မပြောရ။ အတင်း တွန်းပြောလျှင် သူတို့ကို အကျပ်ကိုင်ရာ၊ အထင်သေးရာ ရောက်မည်။

သို့ဆိုလျှင် ကိုယ့် ရည်ရွယ်ချက် မအောင်မြင်ရုံ မျှမက လူငယ်၏ တက်ကြွစိတ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်တို့ကို ချိုးနှိမ် ဖျက်ဆီးပစ်ရာ ရောက် မည်။

အခြား အစွန်း တစ်ဖက်မှာ သူတို့ လုပ်သမျှ အားလုံး မှန်သည်၊ ကောင်း သည်ဟု ကိုယ်က အလျှော့ ပေးလွန်းလျှင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွား ပြီး မိုးမမြင် လေမမြင် ဖြစ်မည် စိုးရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယခုပင် ရဲမြင့်သည် ထမင်း တစ်လုတ်ကို သူ့ဘာသာ သူတော့ ရှာစား နိုင်သည်ဟု သူ့ကိုယ်သူ ထင်နေပြီ။ သူ့အထင် မှန်သည် မှားသည် အပထား၊ သူ့ မာနကို ထိခိုက်စေမည့် စကားမျိုးဖြင့် ကိုယ်က ထိပ်တိုက် ဝင်၍ မဖြစ်။

'ထမင်း ငတ်သေတဲ့ မသာရယ်လို့တော့ မရှိဘူးပေါ့ကွာ၊ ဒါပေမဲ့ ထမင်း ရှာစားပုံ စားနည်းက ရှိသေးတယ် မဟုတ်လား၊ မှန်မှန်ကန်ကန် ရှာစားတဲ့ နည်းနှင့် မမှန်မကန် ရှာစားတဲ့ နည်းရယ်လို့ ကွဲသေးတာပေါ့'

ကိုနန္ဒာက သွယ်ဝိုက်၍ ဝင်သည်။

'ကိုယ့်ဘာသာကိုယ် ထွက်ပြေးလာပြီးမှ ဒီကောင်တွေ ထမင်း ငတ်လို့ ပြန်လာတယ်လို့ အထင် ခံရတာမျိုးတော့ အရှက်ဆုံးပဲ ဦးလေး၊ ခုမှတော့ မထူးဘူး'

ကိုနန္ဒာက ဤသို့ ထင်မည် မဟုတ်ကြောင်း၊ ဤသို့ မထင်အောင် မိမိ ကလည်း ရှင်းပြမည် ဖြစ်ကြောင်း တာဝန် ယူရသည်။

'မဖြစ်ပါဘူး ဦးလေးရာ၊ ကျွန်တော့် အိမ်က သူများနှင့် တူတာ မဟုတ် ဘူး၊ ဖေဖေက သူ့ မိန်းမနှင့် သူ့ သားသမီးတွေ ဘက်ကချည်း ပါတာ၊ ကျွန် တော်က တစ်ကောင်ကြွက်၊ ကျွန်တော့်မှာ တွယ်တာစရာ ဆိုလို့ ဘာမှ မရှိ ဘူး၊ အိမ်မှာ နေရတာ တစ်ရက်မှ စိတ်မချမ်းသာဘူး၊ စာမေးပွဲ ကျတော့ ပိုပြီး တောင် ဆိုးသေးတယ်၊ ဖေဖေကရော မိထွေးကရော ဆူတယ်၊ နင့် ကျွေးထား ရတာ ဆန်ကုန် မြေလေးတဲ့၊ တကယ်က ကျွန်တော် တစ်လ ထမင်း စားတာ သူ့ ခရစ် လုံချည် တစ်ထည်ဖိုးတောင် မရှိပါဘူးဗျာ၊ ကျွန်တော် အသည်း နာ လွန်းလို့'

ရဲမြင့်က သူ့ ခံစားချက်ကို ရင်ဖွင့်သည်။ သည်နေရာတွင်တော့ ကိုနန္ဒာ ကလည်း ကိုယ်ချင်းစာသည်။ ရဲမြင့်၏ မိထွေးသည် သူ့အစ်မလတ် တင်တင်မြ လို အစားထဲက ဖြစ်မည်ဟု ကိုနန္ဒာ တွက်သည်။ သူ့အစ်မ အရင်းခေါက်ခေါက် တင်တင်မြကိုပင်လျှင် သူ စိတ်နာခဲ့သေးလျှင် ရဲမြင့်က သူ့မိထွေးကို စိတ်နာ သည်ဟု ဆိုခြင်းမှာ ပြောဖွယ် မရှိ။

'ကျွန်တော် အစတုန်းက ဂစ်တာ မတီးဘူး၊ ဆေး မရှုဘူး၊ ဆေးလိပ် မသောက်ဘူး၊ ဆံပင်ရှည် ထားတယ်၊ ဆံပင်ရှည် ထားပေမဲ့ ကျွန်တော် လမ်း သရဲလို မနေပါဘူး၊ ကောင်းကောင်းမွန်မွန် နေတာပါ၊ စာလည်း ကြိုးစား တာပဲ၊ တစ်နှစ် တစ်တန်း အောင်တာပဲ၊ ဒါလည်း အငြိုအငြင် ခံရတာပဲ၊ အဆူ မလွတ်ဘူး၊ ဆံပင်ရှည် ထားလည်း ထားပြန်ပြီ၊ စာဖတ်လည်းပဲ စာတွေ



mgyoe.com

mgyoe.com
SAMPLE BOOK
ဖတ်ပြန်ပြီ၊ သူ့ကိုယ်သူ ဘီအေ ကျနေတာပဲ၊ လူက ဆယ်တန်း မအောင်ဘူး၊ ဖတ်တော့ ကြီးကြီးကျယ်ကျယ် ဖတ်တယ်၊ အိမ်မှာ ဘာမှ အသုံးမကျဘူး ဆိုပြီး ဆူတယ်၊ ဝတ္ထု စာအုပ် ဖတ်ရင် မဖတ်ရဘူး ဆိုပြီး စာအုပ်ကို လွှင့်ပစ်တယ်၊ သူငယ်ချင်းတွေနှင့် တွေ့လို့ တစ်ခါတလေများ အိမ်ပြန် နောက်ကျရင် ကြမ်းပိုး ထိုးနေတာပဲ ဘာပဲ ဆိုပြီး ဆူတယ်၊ တစ်နှစ်လုံးမှ စပို့ရှပ်ကလေး တစ်ထည် နှစ်ထည် ဝယ်ပေးတယ်၊ ဆယ်တန်းသာ ရောက်ရော မုန့်ဖိုး တစ်နေ့ ပြား ငါးဆယ်ပဲ ရတယ်၊ ဦးလေး စဉ်းစားကြည့်ပါ၊ ဒီခေတ်ကြီးထဲမှာ ပြား ငါးဆယ်က ဘာသွားစားမှာလဲ၊ လက်ဖက်ရည် တစ်ခွက်ကို ပြား လေးဆယ်၊ အဲဒါ ကျွန်တော်က မလောက်ဘူးလို့ ထပ်တောင်းတော့ သားသမီးတွေ အားလုံး ညီတူမျှတူ ပေးတာပဲတဲ့၊ နင်က ဘာဖြစ်လို့ ပိုလိုချင်ရသလဲတဲ့၊ သူ့ သားသမီးတွေက ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ် အရွယ်တွေ၊ ခြောက်တန်း ခုနစ်တန်းမှာ၊ ဒီအရွယ်တွေနှင့် ကျွန်တော့်ကို မုန့်ဖိုး အတူတူ ပေးတော့ ဒီအရွယ်တွေ စားသလို ကျွန်တော်က ဆီးပြားထုပ် တစ်ထုပ်နှင့် ပြီးတော့မှာလား၊ သူငယ်ချင်း အပေါင်းအသင်းကို ကိုယ်က တစ်ခါတလေ ပြန် ကျွေးဖို့ မွေးဖို့ မပြောနှင့်၊ ကိုယ့်ဘာသာ ကိုယ်တောင် မစားလောက်ဘူး'

ကိုနန္ဒာက သက်ပြင်း ချသည်။ ရဲမြင့် ပြောသည့် စကား မှန်လျှင် တကယ် ဘာမျှ မသုံးလောက်။

'မင်း ဖေဖေကို မပြောဘူးလား'

ရဲမြင့်က နှာခေါင်းကို ရှုံ့သည်။

'ဖေဖေ့ ရှေ့ကျတော့ မိထွေးက ကျွန်တော့်ကို ဖူးဖူး မှုတ်မတတ်ပဲဗျ၊ ပြောလိုက်တာမှ ရွှန်းရွှန်းကို ဝေလို့၊ ခေါ်တာတောင် ဖေဖေ ခေါ်သလို ကိုရဲလို့ ခေါ်တာ၊ ဖေဖေ့ ကွယ်ရာမှာတော့ ငရဲတဲ့၊ ဟင်း ဟင်း ဒီတော့ ကျွန်တော့် ဖေဖေ ပြောတော့လည်း ဖေဖေက ဘယ်ယုံမလဲ၊ ပြီးတော့ ဟာ မပြောချင်ပါဘူး ဦးလေးရာ'

ရဲမြင့်သည် သူ့အဖေကို သူ စိတ်နာနာနှင့် ပြောတော့မည် ပြုပြီးမှ မျိုသိပ် ထားလိုက်ပုံ ရသည်။

'ဒါနှင့် မင်း ပေတေ ပစ်လိုက်တယ် ဆိုပါတော့'

ကိုနန္ဒာက ရဲမြင့် မျက်နှာကို တည့်တည့် ကြည့်၍ မေးသည်။

ရဲမြင့်ကပင် ချဲ့ထွင် ပြောနေသလောဟု သူ အကဲခတ်လိုက်သည်။ ရဲမြင့် မျက်နှာမှာ ပကတိ ရိုးသားသော မျက်နှာ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

လိမ်ညာ ပြောနေခြင်း မဟုတ်ဟု ကိုနန္ဒာ ချက်ချင်း ဆုံးဖြတ်လိုက်သည်။

'ဟင့်အင်း၊ ကျွန်တော် ကြိတ်မှတ် သည်းခံပါတယ်၊ အနည်းဆုံး ဆယ်တန်း အောင်ရင် အလုပ် ဖြစ်ဖြစ် ထွက်လုပ်မလို့ပါ၊ ဒါပေမဲ့ စာကျက်လို့ မရပါဘူး ဦးလေးရာ၊ နေ့စဉ်နှင့် အမျှ ဆူနေတော့ ဘယ် စာကျက်လို့ ရပါ့မလဲ၊ တစ်နေ့တော့ ဖေဖေက ဆံပင်ရှည် မထားနှင့်လို့ ပြောတယ်၊ မိထွေးကလည်း တခြား ဆူစရာ မရှိရင် ဒီဆံပင်ရှည် ထားတာကိုချည်း ရမယ် ရှာတယ်၊ ဒီတော့ ကျွန်တော်က ကျွန်တော် ဆံပင်ရှည်ကို သဘောကျလို့ပါ၊ ဒို့ပြင် အနေအထိုင် ဘာမှ ဟော့ဟော့ရမ်းရမ်း မနေပါဘူး၊ ဆေးလိပ်လည်း မသောက်၊ ဘောင်းဘီ ဖင်ကျပ်လည်း မဝတ်ပါဘူး၊ ဒါလေးတော့ ထားပါရစေလို့ ပြောတယ်၊ ဆံပင်ရှည် ဆိုတာလည်း အဲဒီတုန်းက ဒီလောက်တောင် ရှည်သေးတာ မဟုတ်ပါဘူး၊ အဲဒါ မရဘူး ဦးလေးရ၊ ဖေဖေက ကျွန်တော့်ကို ဇွတ်အတင်း ဆံပင် အတို အညှပ်ခိုင်းတယ်၊ အဲဒီ နေ့ကလေ ကျွန်တော် သိပ် စိတ်ထိခိုက်ရတာပဲ ဦးလေးရာ၊ ကျွန်တော့် ခေါင်းကို ကျွန်တော် မှန်ထဲ ကြည့်ပြီး အားရပါးရ ငိုမိတယ်၊ ဒေါသ ထွက်ထွက်နှင့် နံရံတွေ ဘာတွေလည်း လက်သီးနှင့် ပိတ်ထိုးပစ်တာ လက်တွေကို ဖူးဖူးရောင်နေတာပဲ၊ စိတ်ဆိုးပြီး နှစ်ရက်လောက် အိမ်ကို မပြန်ဘူး'

သည်တွင် ရဲမြင့်၏ လမ်းသရဲ ဇာတ်လမ်း အစပြုသည်။ ကိုနန္ဒာသည် လူငယ်တွေ အလွန်အကျွံ ဆံပင်ရှည် ထားသည်ကို မကြိုက်။ သို့ရာတွင် အဓမ္မနည်း သုံး၍ ဆံပင် ဖြတ်သည်ကမူ မှားသည်ဟု ကိုနန္ဒာ ထင်သည်။

လူ ဆိုသည်မှာ မလုပ်နှင့် ဆိုသည့် အရာကိုမှ လုပ်ချင်တတ်သည်။ နှိပ်ကွပ်သည့် နည်းသည် လူငယ်တို့ ဆန္ဒကို ပို၍ ပြင်းပြ ထက်သန်လာစေသည်။ ဆွပေးသလို ဖြစ်သည်။ ထို့ကြောင့် အဓမ္မ ဆံပင် ဖြတ်ခိုင်းသည့် နည်းကို ကိုနန္ဒာ လက်မခံ။ အချိန် ယူရမည်၊ စိတ် ရှည်ရမည်၊ သဘောပေါက်အောင် ရှင်းပြရမည်၊ ပညာ ပေးရမည်ဟု ကိုနန္ဒာ ထင်သည်။ နှိပ်ကွပ်ခြင်းကြောင့် သူတို့ အခြေအနေ ပို၍ ဆိုးသွားနိုင်သည်။

ဥပမာ ရဲမြင့် ကိစ္စ။

သူ့အဖေက ဆံပင်ကို အတင်း ဖြတ်ခိုင်းသည့် အခါ၌ ရဲမြင့် ခံပြင်းသည်။ နာကြည်းသည်။ မတရားသဖြင့် ဖိနှိပ်သည်ဟု မြင်သည်။ မိဘ အုပ်ထိန်းမှု အောက်တွင် ဆံပင်ရှည်ကလေးမျှ ထားခွင့် မရဟု ယူကျုံးမရ ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK
လွတ်လပ်မှုကို တောင့်တလာသည်။ သူ့ လွတ်လပ်လိုသော ဆန္ဒသည် အတား အဆီး မရှိ ကြီးထွားလာသည်။ စည်းကမ်း ပညတ် ဟူသမျှသည် အလကား ဟု ထင်လာသည်။ အကြီးအကျယ် ချုပ်ချယ်လွန်းသည်၊ ခေတ် နောက်ကျသည် ဟု လူကြီးတွေကို အထင် သေးလာသည်။

နောက် တစ်ခုက ပတ်ဝန်းကျင် ဖြစ်သည်။ သည်လို ဖိနှိပ် ခံနေရစဉ်၊ လွတ်လပ်မှုကို အတိုင်းအဆ မရှိ တောင့်တနေစဉ် မကောင်းသော ပတ်ဝန်းကျင် နှင့် တွေ့သည်။ ဆေး ရှူတတ်လာသည်။ စိတ်ညစ်စရာတွေ၊ နာကြည်းစရာတွေ၊ ခံပြင်းစရာတွေ၊ အဆင်မပြေမှုတွေကို ဆေးခြောက်က ခေတ္တ မေ့ပျောက်သွား စေသည်။ သည်လိုဖြင့် ရဲမြင့် ဆေး စွဲလာခဲ့ခြင်း ဖြစ်သည်။ စတုန်းက ဆေး ခြောက် ဖြစ်သော်လည်း နောက်တွင် နံပါတ် ဖိုး အထိ ရောက်လာသည်။

ရဲမြင့် ကျောင်း ကောင်းကောင်း မတက်၊ စာ ကောင်းကောင်း မကျက် တော့။ စာမေးပွဲ တစ်ခါက နှစ်ခါ ကျလာသည်။ အိမ်က ငြိုငြင်လာသည်။ ဆူပူလာသည်။ ပို၍ တင်းကျပ်လာသည်။ တင်းကျပ်လာသည်ထက် တင်းကျပ် လာသော အိမ် စည်းကမ်းနှင့် အတားအဆီး မရှိ ကြီးထွားသည်ထက် ကြီးထွား လာသော ရဲမြင့်၏ လွတ်လပ်လိုသော ဆန္ဒတို့ လာတိုက်မိကြသည်။

သည်နှစ်ခု၏ တိုက်ခိုက်မှုကြောင့် ပေါက်ကွဲသည့် ရလဒ်ကမူ ရဲမြင့် ဆို သည့် မြူမှုန်ကလေး တစ်မှုန် လွင့်စဉ်သွားခြင်းပင် ဖြစ်သည်။

'ဆေးရှူတာဟာ ဘယ်ရှုထောင့်က ကြည့်ကြည့် မကောင်းဘူး ဆိုတာ ကျွန်တော် သိပါတယ် ဦးလေးရာ၊ အစတုန်းကတော့ အိမ်က ဆူလွန်းလို့ စိတ် ညစ်ပြီး စမ်းကြည့်ရင်းနှင့် စွဲသွားတာပါ၊ ဒါပေမဲ့ ဆံပင်ရှည် ထားတာကတော့ ဘယ်သူ့ကိုမှ အန္တရာယ် ပြုတာလည်း မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ ဆံပင်ရှည် ထားပေမဲ့ ဘောင်းဘီတော့ မဝတ်ဘူး၊ အပေါ် အင်္ကျီနှင့် လုံချည်ကိုပဲ ဝတ် တာ၊ ဒါပေမဲ့ ဆံပင်ရှည်ကို အတင်း ဖြတ်၊ ဆံပင်ရှည် ထားရုံနှင့် အိမ်က လမ်းသရဲ လမ်းသရဲလို့ ပြောလာတော့ ကျွန်တော် ရှက်တယ်၊ မခံချင်ဘူး၊ လမ်းသရဲလို့ မခေါ်ဖို့ ပြောတော့လည်း မရဘူး၊ ဆံပင်ရှည် ထားရင် လမ်းသရဲ ပဲတဲ့၊ ဒီတော့ လမ်းသရဲလို့ အခေါ် ခံရမယ့် အတူတူတော့ မထူးဘူး ဆိုပြီး ကျွန်တော် လုပ်ချင်ရာတွေ လျှောက်လုပ်တာပဲ၊ ဒီ့ပြင်ဟာတွေ ပြောတာ အရေး မကြီးပါဘူး၊ ဆံပင်ရှည် ထားတာကို ပြောရင် ကျွန်တော် သိပ်မခံချင်တာပဲ'

'ဒါတော့ကွာ၊ မင်းတို့က အမေရိကန်က ဟစ်ပီတွေလို ဆံပင် အရှည် ကြီးတွေ ထားတော့ လူကြီးတွေက ကိုယ့်တူ ကိုယ့်သား နိုင်ငံခြား ယဉ်ကျေးမှု


mgyoe.com

mgyoe.com SAMPLE BOOK

ကို အတု မယူမိဘဲ အမျိုးသား ယဉ်ကျေးမှုကို မြတ်နိုးတတ်စေချင်လို့ ဖြစ်မှာပေါ့'

ကိုနန္ဒာက ရဲမြင့်၏ သဘောထားကို သွေးတိုး စမ်းကြည့်သည်။ ရဲမြင့်က ဆတ်ခနဲ ကိုနန္ဒာကို မော့ကြည့်သည်။ သူ့ အမူအရာက ပခြုပ်ကို လှုပ်လိုက်သည်နှင့် ထောင်ထလာသော မြွေဟောက်၏ သဏ္ဌာန်မျိုး။

'ဘာ အမျိုးသား ယဉ်ကျေးမှုလဲ ဦးလေးရ၊ ကျွန်တော် ဆံပင်ရှည် ထားတာကိုတော့ အမျိုးသား ယဉ်ကျေးမှု မဟုတ်ဘူးလို့ ပြောတယ်၊ ကျွန်တော့် မိထွေး ဘရာစီယာ ဝတ်ပြီး ဗိုက်သား တဝင်းဝင်း ဖော်ထားတာကတော့ အမျိုးသား ယဉ်ကျေးမှုပဲလား၊ အသက် ရှုရတာ ချောင်တဲ့ အတွက် ကျန်းမာရေးနှင့် ညီညွတ်သတဲ့၊ အပူ အအိုက် သက်သာသတဲ့၊ ခေတ်မီသတဲ့၊ လူကြီးတွေဟာ သူတို့ လုပ်ချင်တာကျတော့ အကြောင်း အမျိုးမျိုးပြ လုပ်ကြပြီး သူတို့ မလုပ်ချင်တာကျတော့ ဘာဖြစ်သလေး ညာဖြစ်သလေးနှင့် တစ်ခုမှ အကောင်း မပြောဘူး၊ ကျွန်တော် အဲဒါ အမုန်းဆုံးပဲ၊ ဦးလေးလည်း သူတို့နှင့် အတူတူ နေမှာပါပဲ'

ရဲမြင့်သည် သည့်ပြင် အရာတွေကို ပြော၍ ရချင် ရမည်၊ သူ့ ဆံပင်ရှည်ကိုတော့ ဆတ်ဆတ်ထိ မခံ။ ယခုပင် ရဲမြင့်၏ ထိုးစစ်သည် ကိုနန္ဒာ့ဘက်သို့ လှည့်လာပြီ။ သည်တော့ ကိုနန္ဒာက ခံစစ်ဖြင့် ပြန်တိုက်ရမည်။ သူနှင့် ထိပ်တိုက် မဝင်မိဖို့၊ သူ့ကို ချောင်ပိတ် မပို့ဖို့ သေနင်္ဂဗျူဟာကို ပြန်ကိုင်ရသည်။

'ဦးလေးက ဆံပင်ရှည် မထားသင့်ဘူးလို့လည်း မပြောရသေးဘူး၊ ထားသင့်တယ်လို့လည်း မပြောရသေးပါဘူးကွာ၊ သူတို့ ဘက်ကနေ တွေးကြည့်ပြီး ပြောတာပါ၊ တကယ်က ဆံပင်ရှည် ထားတဲ့ ကိစ္စဟာ ပြဿနာရဲ့ အနှစ်သာရ မဟုတ်ပါဘူး၊ ပြဿနာရဲ့ အနှစ်သာရက လူကြီးနှင့် လူငယ်ရဲ့ ပဋိပက္ခပါ၊ လူကြီးနှင့် လူငယ်ရဲ့ ပဋိပက္ခဟာ ခေတ်တိုင်းမှာ ရှိစမြဲပဲ၊ လူကြီးနှင့် လူငယ်ရဲ့ ပဋိပက္ခဟာ ပုံသဏ္ဌာန် တစ်မျိုး မဟုတ် တစ်မျိုးနှင့် ပေါ်တာပဲ၊ ဆံပင်ရှည် ကိစ္စဟာ ဒီပဋိပက္ခကို ပုံသဏ္ဌာန် တစ်မျိုးနှင့် ဖော်ပြတာပဲ ဖြစ်တယ်၊ ဒီ ပုံသဏ္ဌာန်နှင့် မပေါ်ရင် တခြား ကိစ္စ တစ်ခုရဲ့ ပုံသဏ္ဌာန်နှင့် ပေါ်ဦးမှာပဲ'

ရဲမြင့်က ကိုနန္ဒာ့ စကားကို စူးစိုက်၍ နားထောင်သည်။

တင်ထွန်းအောင်ကမူ ထိုစကားများကို စိတ်ဝင်စားဟန် မရှိ။ တဲထဲရှိ ဝါးပိုး ကွပ်ပျစ်ပေါ်တွင် ခွေနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'လူကြီးက လူငယ်ကို အတွေ့အကြုံ မရှိဘူး၊ စဉ်းစား ဆင်ခြင်တတ်တဲ့ ဉာဏ် မရှိသေးဘူး၊ အပိုး မကျိုးဘူး၊ ဆောင့်ကြွားကြွားလို့ ထင်တယ်၊ တို့သာ သိတယ် တို့သာ တတ်တယ်လို့ ထင်တယ်၊ ဘဝင်မြင့်တယ်၊ လူငယ်ကလည်း လူကြီး ဆိုတာ နှေးကွေးတယ်၊ ရှေးဆန်တယ်၊ ခေတ်နောက်ပြန် ဆွဲတယ်၊ ချုပ်ချယ်တယ်၊ နိုင့်ထက်စီးနင်း လုပ်တယ်လို့ ထင်တယ်၊ ဒီ အယူအဆ နှစ်ခု ဟာ ခေတ်တိုင်းမှာ ပဋိပက္ခ ဖြစ်စမြဲပဲ၊ တစ်ခုက လူကြီးရဲ့ အယူအဆ၊ တစ်ခု က လူငယ်ရဲ့ အတွေးအခေါ်'

ရဲမြင့်က ကိုနန္ဒာ့ဆီက စီးကရက် တောင်းသောက်သည်။ သည်တော့ တင်ထွန်းအောင်လည်း ခေါင်းထောင်၍ ထလာကာ စီးကရက် တစ်လိပ်ကို ဖွာသည်။

'လူကြီးဟာ ဖိနှိပ်သူ၊ လူငယ်ဟာ အဖိနှိပ်ခံရသူ၊ လူကြီးက လူငယ်တွေ ဘာမှ နားမလည်ဘူး ဆိုပြီး နေရာ မပေးချင်ဘူး၊ လေးလေးစားစား မဆက် ဆံချင်ဘူး၊ ကိုယ်က ကျွေးထားရတယ် ဆိုတဲ့ မာနနှင့် အာဏာ သုံးပြီး ချုပ် ချယ်တယ်၊ လူငယ်ကလည်း လူကြီးတွေဟာ ခေတ်သဘောကို ဘာမှ နား မလည်ဘူး၊ သူတို့ နေဝင်ချိန် ရောက်ပြီ၊ ငါတို့ခေတ် ရောက်ပြီ ဆိုပြီး မာန တက်ကြတယ်၊ လူကြီးရဲ့ ချုပ်ချယ် ခံရဖန် များတော့ ပေါက်ကွဲ ထွက်လာ တာပဲ၊ မှန်မှန်ကန်ကန် ပေါက်ကွဲတာလည်း ရှိတယ်၊ မမှန်မကန် ပေါက်ကွဲ တာလည်း ရှိတယ်၊ ဒါပေမဲ့ ဘာပဲ ဖြစ်ဖြစ် လူကြီးက စိတ်ရှည်ဖို့ လိုတယ်၊ လူငယ်တွေ မမှန်မကန် ပေါက်ကွဲ လေလွင့် ပျက်စီးသွားရတဲ့ အခါက တာဝန် ဟာ လူကြီးတွေရဲ့ တာဝန်ပဲ'

ကိုနန္ဒာ ရဲမြင့်ကို တစ်ချက် ကြည့်သည်။

'ဒီလိုဆိုတော့ ဦးလေးက ဘယ်ဆိုးလို့တုံး'

ရဲမြင့်သည် ကိုနန္ဒာ၏ စကားကို သဘောကျဟန် တူသည်။ သူ့ သေနင်္ ဗျူဟာက တစ်ဖက်သား၏ အမှားကို သွယ်ဝိုက် ထောက်ပြရမည်၊ ကိုယ့် အမှားကို အရင် ဖွင့်၍ ပြောရမည် ဆိုသည် မဟုတ်လော။ သို့မှသာ ရဲမြင့် သင်ခန်းစာ ယူနိုင်မည်။

'ဦးလေးတို့ ငယ်ငယ်တုန်းကလည်း ဒီလိုပါပဲ၊ အိမ်က လူကြီးနှင့် မတည့်ဘူး၊ သူတို့က သိပ်ချုပ်ချယ်တယ်၊ ဆေးလိပ် သောက်ရင်လည်း မသောက်ရ၊ ဘိုင်စကုတ် ကြည့်ချင်ရင်လည်း မကြည့်ရ ဆိုတော့ ဘိုင်စကုတ် ကြည့်ချင်တဲ့ စိတ်၊ ဆေးလိပ် သောက်ချင်တဲ့ စိတ်ကို နှိုးဆွသလို ဖြစ်နေ



mgyoe.com

mgyoe.com SAMPLE BOOK

တယ်၊ ဒီတော့ လူကြီး မသိအောင် ဆေးလိပ် ခိုးသောက်တာပဲ၊ ခိုးပြီး ဘိုင်စကုတ် ကြည့်တာပဲ၊ နေရာတကာ ချုပ်ချယ်တော့ သိပ်ကျဉ်းကျပ်လာတယ်၊ ကျဉ်းကျပ်လာတော့ လွတ်လွတ်လပ်လပ် နေရရင် ပြီးရော နည်းလမ်း မှန်မှန် မမှန်မှန် လုပ်ချင်ရာတွေ လုပ်လာကြတာပဲ'

'ဦးလေးရော အိမ်က ထွက်ပြေးဖူးသလား'

ရဲမြင့်က စိတ်အား ထက်သန်စွာ မေးသည်။

'အိမ်ကတော့ ထွက်မပြေးဖူးဘူး၊ ဒါပေမဲ့ အိမ်က ဆင်းသွားဖူးတယ်၊ သူငယ်ချင်းတွေနှင့် သွားနေတယ်၊ ခုထိ ဦးလေး ဘာသာ သူငယ်ချင်းတွေနှင့် စုနေတာပဲ၊ မိဘလည်း မရှိ၊ သွေးချင်းတွေကလည်း ကိုယ့် အိမ်ထောင်နှင့် ကိုယ် ဖြစ်ကုန်ကြပြီ၊ ဦးလေးလည်း အမှား အမှန်ကို အထိုက်အလျောက် ခွဲခြား ဝေဖန်တတ်တဲ့ အရွယ် ရောက်ပြီ၊ ဒီတော့ ကိုယ့်လမ်း ကိုယ် လျှောက်ရမပေါ့'

'အဲဒါ မလွယ်ဘူး ဦးလေးရ'

ရဲမြင့်က ပြောသည်။ သည်မှာ ရဲမြင့်ကို တစ်ချက် ချည်မိပြီ။

'ဘယ် မလွယ်ရမှာလဲကွ၊ မင်းပဲ ခုနက ထမင်း တစ်လုတ်တော့ ဘယ်လို ရှာစားစား ရပါတယ်လို့ ပြောတယ် မဟုတ်လား၊ အဲဒါ ကိုယ့်လမ်း ကိုယ် လျှောက်တာပေါ့၊ ဒါပေမဲ့ ဘယ်လို ရှာစားစား ဆိုတာကိုတော့ ဦးလေး သိပ်သဘော မကျဘူး'

'ဘာဖြစ်လို့လဲ'

'သူများ မျက်ရည် ကျမှ ထမင်း တစ်လုတ် စားရတာမျိုးတော့ ဘယ်ကောင်းမလဲကွ၊ ဒါက ကိုယ့်လမ်း ကိုယ် လျှောက်တာမှ မဟုတ်ဘဲ၊ သူများ မျက်ခုံးမွေးပေါ် စကြို လျှောက်တာ'

'ဟုတ်တယ် ဦးလေး၊ လောကမှာ ဒီလို လူမျိုးတွေ တစ်ပုံကြီးပဲ၊ ကျွန်တော် သိပ်မုန်းတာပဲ'

ရဲမြင့်သည် သည်လို ဆိုတော့လည်း မတရားမှုကို မုန်းရမှန်း သိသည်။

'ဒီတော့ ကိုယ်က ဒီလိုလူ အဖြစ် မခံနှင့်ပေါ့ကွ၊ ကိုယ့်အား ကိုယ်ကိုးရမယ်၊ ကိုယ့်လမ်း ကိုယ် လျှောက်နိုင်အောင် ကြိုးစားရမယ်၊ ရဲရဲ လျှောက်ရဲအောင် သတ္တိ မွေးရမယ်၊ လမ်းပေါ်က လွင့်စဉ် ကျမသွားအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းရမယ်'

'ဒါဖြင့် ကျွန်တော်တို့ရော လမ်းပေါ်က လွင့်စဉ် ကျသွားပြီလား'



mgyoe.com

mgyoe.com SAMPLE BOOK

သည့်မေးခွန်းတွေကိုတော့ ကိုနန္ဒာ စဉ်းစား၍ ဖြေရမည်။ လွင့်စဉ် ကျသွားပြီဟု ဆိုလျှင် စိတ်ပျက် အားငယ်သွားမည်၊ မလွင့်စဉ်ပါဟု ဖြေလျှင် သူတို့ လုပ်သမျှတွေကို အဟုတ် ထင်နေမည်။

'လွင့်စဉ် ကျသွားပြီလို့တော့ မဆိုနိုင်သေးပါဘူး၊ ဒါပေမဲ့ မင်းတို့ဟာ အင်မတန် နက်တဲ့ ချောက်ကမ်းပါးကြီး နှုတ်ခမ်းပေါ်မှာ ရပ်မိလျက်သား ဖြစ်နေပြီ၊ ဒါကြောင့် ဦးလေး ခုလို ခက်ခက်ခဲခဲ လိုက်လာတာပေါ့၊ ဦးလေး မင်းဘဝကို နားလည်တယ်၊ ကိုယ်ချင်းလည်း စာတယ်၊ လူကြီးက ချုပ်ချယ် ဖိနှိပ်သူ လူတန်းစား၊ မင်းတို့ လူငယ်တွေက အဖိနှိပ်ခံ လူတန်းစား၊ အဖိနှိပ်ခံ လူတန်းစားဟာ လွတ်မြောက်ချင်တာ ဓမ္မတာပဲ၊ ဒါပေမဲ့ မင်းတို့ကိုယ် မင်းတို့ လွတ်မြောက်အောင် လုပ်တဲ့ နည်းဟာ မှားနေတယ်လို့ ဦးလေး ထင်တယ်၊ ဒီတော့ မင်းတို့ စိတ်ကူး မလွဲပါနှင့်၊ ဦးလေးနှင့် ပြန်လိုက်ခဲ့ကြ'

တင်ထွန်းအောင်ကတော့ လိုက်ချင်လှပြီ။ သည်လောက် အခက်အခဲ တွေ့ရလျှင်ပင် စိတ်ပျက်နေပြီ။ ရဲမြင့်က စဉ်းစားနေသည်။

'အိမ်ပြန်ရင် ပိုပြီး ချုပ်ချယ်မှာပေါ့ ဦးလေးရ၊ ပြီးတော့ ကိုယ့်ဘာသာ ကိုယ် ရှာမစားနိုင်လို့ အိမ်ပြန်လာတယ် အပြော ခံရမှာ ရှက်တယ်'

'အိမ်က လူကြီးတွေလည်း စိတ်မကောင်း ဖြစ်နေကြတယ်၊ ဦးလေးလည်း ကူပြောပေးမှာပေါ့၊ ကိုယ့် အမှားကို အမှားလို့ မြင်ပြီး ပြင်ရတာဟာ ရှက်စရာ မဟုတ်ပါဘူး၊ အမှားကို အမှားမှန်း သိလျက်နှင့် ဆက်ပြီး ကျူးလွန်နေတာကသာ ရှက်စရာ ကောင်းတာပါ'

'တစ်ခုတော့ ရှိတယ် ဦးလေးရ'

'ဘာလဲကွ'

'ကျွန်တော်တို့ ဆေး ရှူတာ အိမ်က မသိသေးဘူး၊ ဆေး ရှူတာ သိရင် အိမ်က ကျွန်တော်တို့ကို ရိုက်မှာ၊ ပြီးတော့ အိမ်ပြန်ရောက်ရင် ဆေး ရှူရတော့မှာ မဟုတ်ဘူး'

သည်ပြဿနာက သိပ်မလွယ်။ ရဲမြင့်က ဆေး ရှူခွင့်ကို တရားဝင် ရအောင် တောင်းဆိုလာခြင်း ဖြစ်သည်ဟု ကိုနန္ဒာ ထင်သည်။ အိမ်က ချုပ်ချယ်လာလျှင် ရဲမြင့်တို့ဘက်က သူ ကာကွယ်ပေးနိုင်သည်။ သို့ရာတွင် ဆေး ရှူသည့် ကိစ္စကိုမူ ဝင်၍ ရှေ့နေ လိုက်ပေး၍ မဖြစ်။

စင်စစ် သူတို့ကသာ သူတို့ ဆေး ရှူသည့် ကိစ္စကို အိမ်က မသိဘူး ထင်နေခြင်း ဖြစ်သည်။ တကယ်တွင် အိမ်က အကုန် သိနေပြီ။ အိမ်က အစီအစဉ်



mgyoe.com

mgyoe.com SAMPLE BOOK

မှာ သူတို့ကို အိမ်သို့ ပြန်ခေါ်မည်။ ပြန်ရောက်လျှင် ဆေးရုံတင် ကုမည်။ သည် အကြောင်း သူတို့ကိုတော့ ဖွင့်မပြောရန် အိမ်က အတန်တန် မှာလိုက်သည်။ သူတို့ကို ဆေးကုမည် ဆိုလျှင် ပြန်လိုက်ချင်မှ လိုက်မည်။ အရေး အကြီးဆုံးမှာ သူတို့ အိမ်ပြန်ရောက်ဖို့ ကိစ္စ ဖြစ်သည်။

'ဒါကတော့ ဟိုရောက်မှ ကြည့်ပြီး စီစဉ်တာပေါ့ကွာ၊ ဆေး ရှုတာဟာ ကျန်းမာရေးကို ဘယ်လောက် ထိခိုက်သလဲ ဆိုတာ မင်းတို့လည်း အသိသားပဲ'

ကိုနန္ဒာက မယုတ်မလွန် ဖြေသည်။

သို့နှင့် နောက်ဆုံးတွင် တင်ထွန်းအောင်နှင့် ရဲမြင့် ကိုနန္ဒာ နောက်သို့ ပါလာကြသည်။

ကိုနန္ဒာသည် နတ်အိမ်ထောင် စခန်းတွင် ရဲမြင့်တို့နှင့် တစ်ည အိပ်ပြီး နောက်တစ်နေ့ ထားဝယ်သို့ ထွက်လာသည်။

သည်အထိတော့ ကိုနန္ဒာ၏ ခရီးသည် အောင်မြင်သည်ဟု ဆိုရမည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၉

မည်သည့် အတွက်ကြောင့် မသိ၊ ထားဝယ် အနောက်ဘက်က ကျွန်းကလေး တစ်ကျွန်းတွင် ကိုနန္ဒာတို့ စက်လှေ ဆိုက်သည်။ ပထမတော့ ခရီး ကြန့်ကြာ သဖြင့် ကိုနန္ဒာ စိတ်တိုသည်။ အချိန်အခါ မဟုတ်၊ နေရာ မဟုတ်သည့် နေရာ တွင် စက်လှေ လာဆိုက်သဖြင့် စိတ် အနှောင့်အယှက် ဖြစ်ရသည်။

အစက ထားဝယ်မှ လေယာဉ်ဖြင့် ပြန်ဖို့ ဖြစ်သည်။ သို့ရာတွင် ရာသီဥတု မကောင်း၍ ထားဝယ်သို့ လေယာဉ် မဆင်းသည်မှာ ကြာပြီ ဖြစ်သည် ဟု ဆိုသည်။ သင်္ဘောကို စုံစမ်းတော့ သင်္ဘောပတ်လည်း မကြုံ။

ထို့ကြောင့် ပုဂ္ဂလိက စက်လှေ တစ်စင်းဖြင့် ကိုနန္ဒာတို့ သုံးယောက် ထားဝယ်မှ ထွက်ခဲ့ကြသည်။ အိမ်သို့လည်း ထားဝယ်မှ ထွက်မည့် ရက်ကို ကြေးနန်း ရိုက်လိုက်သည်။

ပင်လယ် ခရီးကို ကိုနန္ဒာ မသွားဖူးသေး။ သည်ကောင် နှစ်ကောင်ကို လည်း အပြောင်းအလဲ ရစေ၊ မိမိလည်း ပင်လယ် ခရီးကို သွားဖူးစေဟု ရည် ရွယ်သဖြင့် စက်လှေနှင့် လိုက်ခဲ့ခြင်း ဖြစ်သည်။

နောက်တစ်ကြောင်းမှာ ပင်လယ် ခရီးဖြင့် သည်နှစ်ကောင်ကို ပြန်ခေါ် ရသည်မှာ လုံခြုံသည်ဟု ကိုနန္ဒာ ထင်သည်။ ကုန်းလမ်းဖြင့် သွားလျှင် ထွက် ပြေးမည်ကို စိုးရိမ်ရသေးသည်။ ထားဝယ် ရန်ကုန် တိုက်ရိုက် ဖြစ်၍ ပိုပြီး စိတ်ချရသည်။

ထားဝယ်က ထွက်စတုန်းက ရာသီဥတု အခြေအနေ သိပ် မကောင်း။ အနောက်တောင် လေပြင်း ကျနေသည်။ မိုးကလည်း ရွာနေသည်။ လှိုင်းက လည်း တော်တော် ကြီးသည်။ ပထမတုန်းက သူတို့ စက်လှေသည် နံနက် ထွက်မည်ဟု ဆိုသည်။ ထို့ကြောင့် ကိုနန္ဒာတို့ အသင့် ပြင်ကြရသည်။ သို့ရာ တွင် ရာသီဥတု မကောင်းသဖြင့် မွန်းတည့် ၁၂ နာရီ လောက်မှ ထွက်မည်ဟု ဆိုသည်။ မွန်းတည့် ၁၂ နာရီ ကျတော့လည်း မထွက်ဖြစ်သေး။



mgyoe.com